ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ စနေနေ့။ Saturday, 11 March 2017 (၈၈၆၂)

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ကြည်ညိုပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊နေပြည်တော်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် ပထမ တစ်နှစ်တာ**

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုလွှတ်တော်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

**မြန်မာနိုင်ငံနှင့် နိုင်ငံခုနစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်ရန် လွှတ်တော်က သဘောတူ**

စာမျက်နှာ - ၅

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ Angkor Wat ဘုရားကျောင်း ကြည့်ရှုလေ့လာ**

စာမျက်နှာ - ၉



# ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**သုံးဆယ် မတ် ၁၀**

သာယာဝတီမြို့နယ် သုံးဆယ်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ လက်ပံကုန်းကျေးရွာတွင် ၁၁/၀. ၄ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၃ မိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် သုံးဆယ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ မတ် ၈ ရက်တွင် ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(၄၉၇)**




# အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာမူဝါဒရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၁၀**

အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် နေပြည်တော်ရှိ The Lake Garden ဟိုတယ်၌ ကျင်းပသည်။

အစားအသောက် ဘေးကင်းလုံခြုံမှုရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွှယ်အစိုးရဌာနများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသော်လည်း ပိုမိုကောင်းမွန်သော တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံနိုင်ပြီး ပိုမိုစနစ်ကျသော ကမ္ဘာ့အဆင့်မီမူဝါဒများ၊ လုပ်ဆောင်ချက်များ လိုအပ်လာသည့်အတွက်ကြောင့် ယခုကဲ့သို့ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအားလုံး၏ အကူအညီများရယူပြီး မူဝါဒရေးဆွဲရေးဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ပြောကြားသည်။

အစားအသောက်ဘေးကင်းလုံခြုံရေးမူဝါဒများ ဖော်ဆောင်ရန်အတွက် နည်းပညာအရ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် FAO၊ GIZ၊ UNITO၊ အစားအသောက်နှင့်ဆိုင်သည့် နည်းပညာရှင်များ၊ ပြည်တွင်းဌာနများဖြစ်သည့် နေပြည်တော်ကောင်စီ၊ စားသုံးသူရေးရာအဖွဲ့အစည်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ညှိနှိုင်းပြီး မူဝါဒရေးဆွဲရေးအတွက် ဆောင်ရွက်လျက်ရှိရာ အဆိုပါမူဝါဒကို အနည်းဆုံး ရှစ်လနှင့် ဆယ်လအတွင်း အကောင်အထည်ပေါ်လာရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ယခုဆွေးနွေးပွဲအပြီး ရလဒ်များကို တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် မူဝါဒ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အခြေခံကာ Food Safety Management Policy ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲတစ်ရပ်ကိုလည်း ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစားအသောက် ဘေးကင်းလုံခြုံရေးသည် လူတိုင်းအတွက် အရေးကြီးပြီး မြန်မာနိုင်ငံတစ်နိုင်ငံတည်း အစားအသောက်အန္တရာယ်ရှိခြင်း မဟုတ်ဘဲ နိုင်ငံတိုင်းတွင်လည်း အန္တရာယ်ရှိကြောင်း၊ ၁၉၇၂ ခုနှစ် ပြည်သူ့ကျန်းမာရေးဥပဒေတွင် အစားအသောက်ဘေးကင်းရေးအတွက် ပြဋ္ဌာန်းထားပြီး ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာများကလည်း တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း၊ ယနေ့အချိန်တွင် ဆန်းပြားလာသည့် အတွေးအခေါ်နှင့် နည်းပညာများကြောင့် အစားအသောက်များကို တာရှည်ခံအောင်၊ အရောင်လှအောင်၊ စားကောင်းအောင် အမျိုးမျိုးသော တီထွင်ဆန်းသစ်ခြင်းနဲ့အတူ အန္တရာယ်များရှိလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သောက်ရေသန့်များသည် ထောက်ခံချက်ရှိပြီး ထုတ်တာရှိသော်လည်း ထောက်ခံချက်မရှိဘဲ ထုတ်တာတွေလည်းရှိနေကြောင်း သိရသည်။ ခွင့်ပြုချက်တရားဝင်ပေးထားပြီး သောက်ရေသန့် ၉၉၇ ခုခန့်နှင့် ခွင့်ပြုချက်မရှိသော သောက်ရေသန့် ၂၀၀ ခန့်ရှိကြောင်း၊ တရားဝင်ခွင့်ပြုချက်မရှိသည်များကို အရေးယူမှုများ လုပ်ဆောင်နေသော်လည်း ချက်ချင်းအရေးယူ၍မရကြောင်း၊ တရားမဝင်သည့် တံဆိပ်များကို ဈေးကွက်အတွင်း အမှန်တကယ်ရောင်းနေမှုရှိ၊ မရှိ စစ်ဆေးကာ ဓာတ်ခွဲခန်းတွင် စစ်ဆေးကြောင်းနှင့် စစ်ဆေးပြီးပါက ရန်ကုန်တွင် ပိတ်သိမ်းထားသည့် ရေသန့်ခြောက်ခုခန့်ရှိကြောင်း FDA မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ပြောသည်။

**(ငွေကြယ်)**

## စက်ရေတွင်း တူးဖော်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မှော်ဘီ မတ် ၁၀။** ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာတွင် တူးဖော်ပြီးစီးသည့် စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေစင်တည်ဆောက်ပြီးစီးမှုကို မတ် ၇ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်ပေးခြင်းဖြင့် အိမ်ခြေ ၂၀၄ အိမ်မှ လူဦးရေ ၈၅၁ ဦးအတွက် နွေရာသီရေရှားပါးမှုမှ ကင်းဝေးပြီး သန့်ရှင်းသော သောက်သုံးရေရရှိလာမည်ဖြစ်သည်။ **ထွေးထွေး(မှော်ဘီ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၀**

ရန်ကုန်(ရွှေဈေး) ၈၈၀၅၀၀ - ၈၈၀၅၀၀

မန္တလေး(ရွှေဈေး) ၈၈၀၅၀၀ - ၈၈၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၅/၇၃၅ ကျပ်၊ | ၈၀၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၅/၇၄၅ ကျပ်၊ | ၇၇၅/၇၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၈ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၂. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၄၅၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၃၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၄၂၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၃. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇. ၅၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၂. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၈. ၅၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကြေးမုံ

# ဥပဒေပြုရေးမဏ္ဍိုင် ခိုင်ခိုင်မာမာ

ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ဟူ၍ မဏ္ဍိုင်ကြီးသုံးရပ်ရှိသည်။ နိုင်ငံကိုတည်ဆောက်အကောင်အထည်ဖော်ရာတွင် ထိုမဏ္ဍိုင်ကြီးသုံးရပ် မယိမ်းမယိုင် ခိုင်ခိုင်မာမာရပ်တည်ကာ ဟန်ချက်ညီညီဆောင်ရွက်နိုင်ဖို့ လိုအပ်သည်။

ထိုမဏ္ဍိုင်ကြီးသုံးရပ်တွင် ဥပဒေပြုရေးမဏ္ဍိုင်ကို ဦးစွာတည်ဆောက်ရပြီး ကျန်မဏ္ဍိုင်ကြီးများကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရသည်။ ဥပဒေပြုရေးမဏ္ဍိုင်သည် လွှတ်တော်များဖြစ်ပြီး ပြည်သူတို့အတွက် လိုအပ်သောဥပဒေများကို ဆွေးနွေးပြဋ္ဌာန်းကြသည်။ ဟောင်းနွမ်း၍ ခေတ်နှင့်မလျော်ညီသော ဥပဒေဟောင်းများကို ပြန်လည်ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်းတို့ ပြုလုပ်ရသည်။

အဆောက်အအုံတစ်ခုတည်ဆောက်ရာတွင် အခြေခံအုတ်မြစ်သည် အလွန်အရေးကြီးသကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဒီမိုကရေစီအနှစ်သာရပြည့်ဝစွာဖြင့် ရပ်တည်နိုင်ရန်မှာ လွှတ်တော်များသည် အခြေခံအုတ်မြစ်ဖြစ်သည်။ လွှတ်တော်များ ခိုင်မာတောင့်တင်းခြင်း၊ ဂုဏ်သိက္ခာမြင့်မားခြင်းနှင့် တည်ကြည်ရဲရင့်ခြင်းတို့သည် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ခွန်အားတစ်ရပ်ဖြစ်စေသည်။

ဒီမိုကရေစီရှင်သန်ထွန်းကားရေးအတွက် စွမ်းရည်မြင့်မားပြီး အားကောင်းခိုင်မာသည့် လွှတ်တော်များအဖြစ် ရပ်တည်နေရန်လိုအပ်သည်။ မြန်မာ့သမိုင်းတွင် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို ရရှိခဲ့သော အရပ်သားအစိုးရသစ်ကို ပြည်ထောင်စုလွှတ်တော်က မွေးဖွားပေးခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ပြည်ထောင်စုလွှတ်တော်မှာ ဒုတိယအကြိမ်သက်တမ်းအဖြစ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်သည် ငါးနှစ်သက်တမ်းကို ဖြတ်သန်းရာတွင် ပုံမှန်အစည်းအဝေးများကို လေးလတစ်ကြိမ်ကျင်းပခဲ့ရာ ပထမအကြိမ်ပုံမှန်အစည်းအဝေးမှ ယခုကျင်းပနေသော စတုတ္ထအကြိမ်ပုံမှန်အစည်းအဝေးအထိ လေးကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ သက်တမ်းအားဖြင့် တစ်နှစ်ကျော်ကြာခဲ့သည့် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးစီးပွားကို ထိရောက်စွာအကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

တစ်နှစ်တာသက်တမ်းကာလအတွင်း နိုင်ငံတော်စီမံခန့်ခွဲရေးတွင် အရေးကြီးသော သမ္မတ၊ ဒုတိယသမ္မတနှစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ပေးခဲ့သည်။ ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၂ ခု ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီး ၂၁ ဦးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ကို ခန့်ထားတာဝန်ပေးရန် သဘောတူညီခဲ့သည်။

ထို့အပြင် လွှတ်တော်ဆိုင်ရာ ကော်မတီများ၊ ကော်မရှင်များ၊ အဖွဲ့အစည်းများကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကျင်းပခဲ့သည့် တစ်နှစ်တာကာလအတွင်း ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်း၊ ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် အသစ်ပြဋ္ဌာန်းသည့်ဥပဒေငါးခု၊ ပြင်ဆင်သည့်ဥပဒေကိုးခု၊ ရုပ်သိမ်းသည့်ဥပဒေခြောက်ခုရှိခဲ့သည့်အတွက် တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သော ဥပဒေ ၂၀ သည် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားတိုးတက်လာစေရန်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်သည် တစ်နှစ်တာကာလအတွင်း ရရှိထားသည့် ဥပဒေပြုရေးအာဏာကို အသုံးပြုပြီး ထိထိရောက်ရောက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ ကြွယ်ဝချမ်းသာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးနိုင်မည့် ဥပဒေပြုနိုင်ရေးဟူသည့် လွှတ်တော်၏ အဓိကတာဝန်ကို ကျေပွန်စွာဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဒုတိယအကြိမ်ကာလ တစ်နှစ်တာသက်တမ်းအတွင်း ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံနှင့်ပြည်သူအကျိုးစီးပွားအတွက် ပြည်သူကိုယ်စားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသောသက်တမ်းကာလအတွင်း ပိုမိုတိုးတက်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**ရှေ့ဖုံးမှ**

ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ဒုတိယသမ္မတ၏ဇနီးဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီးဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည်တို့က သီလရှင် ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချအမျှဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းကော်မတီ အစည်းအဝေးများ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးများကို မတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိအမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။



အဆိုပါ အစည်းအဝေးများသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများ မစတင်မီ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ကျင်းပသည်။

ထို့နောက် လုပ်ငန်းကော်မတီအလိုက် အစည်းအဝေးများကို သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပရာ **နိုင်ငံရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးခင်ဇော်ဦး၊ ဒေါက်တာလျှန်မှုန်းဆာခေါင်းနှင့် စိုင်းကျော်ညွန့်တို့က ဦးဆောင်၍ လူမျိုးအလိုက်၊ ဒေသအလိုက် တင်ပြထားသည့် စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြောကြားကြပြီး ဗိုလ်မှူးချုပ်တင်အောင်၊ ဗိုလ်မှူးချုပ်လှသန်းမောင်၊ ဦးဌေးဝင်းအောင်၊ ဦးကျော်ကျော်ဟန်၊ ဒေါက်တာစိုင်းဦး၊ စောအယ်ကလူစေး၊ စောစံငြိမ်းသူ၊ စောကူးကူ၊ ဦးဇမ်ဇမုန်၊ စိုင်းဘိုးအောင်၊ ဒေါက်တာတူးဂျာနှင့် ဦးအောင်ကြည်ညွန့်တို့က ပြန်လည်ဆွေးနွေးကြသည်။

**နိုင်ငံရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီသည် တပ်မတော်နှင့် လူမျိုးအလိုက်၊ ဒေသအလိုက် တင်ပြလာသည့် စာတမ်း ခြောက်စောင်မှ အချက်အလက်များ စုစည်းခြင်းကို အဓိကထား ဆောင်ရွက်ခဲ့သည်။

အလားတူ **လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးဇော်ဌေး၊ ဦးစိုင်းလနှင့် ဦးနိုင်ငံလင်းတို့က ဦးဆောင်၍ ကော်မတီသို့ တင်ပြထားသည့် လူမျိုးအလိုက် တင်ပြလာသည့် စာတမ်းများ အပေါ် သုံးသပ်ဆွေးနွေးပြောကြားကြပြီး ဗိုလ်ချုပ်နေလင်း၊ ဒေါ်ဇင်မာအောင်၊ ဦးနိုင်ဆွေဦး၊ စောဆဲဗွယ်၊ ခွန်သောမက်စ်၊ ဒေါ်အေးသီတာမြင့်၊ ဦးတင်ဆွေ၊ ဦးဆမ်းဆောင်ကားနှင့် ဦးရွှေမင်းတို့က ပြန်လည်ဆွေးနွေးကြသည်။

**လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီအနေဖြင့် လူမျိုးအလိုက် တင်ပြလာသည့် စာတမ်းများအား ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် **စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်းနှင့် မင်းကျော်ဇေယျာဦးတို့က ဦးဆောင်၍ လူမျိုးအလိုက်၊ ဒေသအလိုက် တင်ပြထားသည့် စာတမ်းများနှင့် စပ်လျဉ်း၍ ကော်မတီ၏ ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ်သိုက်စိုး၊ မိကွန်ချမ်း၊ ဦးဗရတ်ဆင်း၊ ဆလိုင်းထလာပဟေး၊ ပဒိုစောတာဒိုမူး၊ စိုင်းလျှန်း၊ ခွန်တင်ရွှေဦး၊ ဦးထွန်းနိုင်၊ ဦးသိန်းထွန်း၊ ဦးမားကို့စ်နှင့် ဦးသာထွန်းလှတို့က အကြံပြုဆွေးနွေးကြသည်။

**စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီအနေဖြင့် ပအိုဝ်း၊ ကရင်နှင့် ချင်းပြည်နယ်တို့မှ လူမျိုးအလိုက် တင်သွင်းလာသည့် စာတမ်းများ၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဒေသအလိုက် တင်သွင်းလာသည့် စာတမ်းများကို ဆွေးနွေးခဲ့ပြီး အဆိုပါစာတမ်းများမှ တွေ့ရှိချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ **လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်းနှင့် ဦးတာလှဖေတို့က ဦးဆောင်၍ လုံခြုံရေးကဏ္ဍဆိုင်ရာ ခေါင်းစဉ်ကြီးနှစ်ခုနှင့် ခေါင်းစဉ်ခွဲများကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဒေါက်တာချောချောစိန်၊ စဝ်ဘောင်ခေး၊ ပဒိုစောအောင်ဝင်းရွှေ၊ ပူးထက်နီ၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးစောထွန်းအောင်မြင့်နှင့် ဒေါ်နန်းခင်စိန်မြင့်တို့က ပြန်လည်ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

**လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီသည် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ သတ်မှတ်နိုင်ရေးအတွက် အဓိကထား ဆွေးနွေးခဲ့ကြပြီး လာမည့်ကော်မတီ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။


ထို့အတူ **မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့က ဦးဆောင်၍ လူမျိုးအလိုက်၊ ဒေသအလိုက် တင်ပြလာသည့် စာတမ်းများအပေါ် ကော်မတီ၏ ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ်အောင်သိန်းဦး၊ ဦးစိုးဝင်း၊ ဦးဇော်မင်းလတ်၊ ဦးဆန်နီ၊ စောဒဲနယ်လ်၊ စိုင်းစိုင်းငင်း၊ ဒေါ်ဒွဲဘူ၊ ဦးလှခိုင်၊ ခွန်ထွန်းရွှေနှင့် ဦးအိုက်ဆောတို့က ပြန်လည်ဆွေးနွေးကြသည်။

**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီအနေဖြင့် ပအိုဝ်း၊ ကရင်ပြည်နယ်၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တင်သွင်းလာသည့် စာတမ်းလေးခုအပေါ် ကော်မတီ၏ ဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ တင်ပြသွားမည်ဖြစ်သည်။

ယနေ့ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီ အစည်းအဝေးများမှ လူမျိုးအလိုက်၊ ဒေသအလိုက် စာတမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့သို့ တင်ပြသွားမည်ဖြစ်သည်။ ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့၏ အစည်းအဝေးကို မတ် ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်၊ ဖြိုးသန့် (သတင်းစဉ်)**

# မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဂျပန်နိုင်ငံက ဒေါ်လာ ၄ ဒသမ ၂ သန်း ထောက်ပံ့



**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာအိရှိ ဟီဂူချီနှင့် စီမံကိန်းလုပ်ငန်းဝန်ဆောင်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNOPS)မြန်မာနိုင်ငံမှ ညွှန်ကြားရေးမှူး မစ္စတာ နီကိုလပ်စ် ဂျော့ဂျ်တို့သည် မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအတွက် ထောက်ပံ့ပေးအပ်သည့် ဂျပန် ယန်းငွေ ၄၈၇ သန်း (ခန့်မှန်းခြေအမေရိကန် ဒေါ်လာ ၄ ဒသမ ၂ သန်းခန့်)ကို လွှဲပြောင်းပေးအပ် ရေးအတွက် မတ် ၉ ရက်တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ငွေများကို UNOPS မှတစ်ဆင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြား ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအတွက် အသုံးပြုသွားမည်ဖြစ်သကဲ့သို့ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးမှုထိန်းသိမ်းရေးလုပ်ငန်း စဉ်များတွင်လည်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် တိုကျိုမြို့၌တွေ့ဆုံသည့်အစည်းအဝေးတွင် မစ္စတာ ရှင်ဇိုအာဘေးက လက်ရှိ မြန်မာအစိုးရ၏ ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်ဖြစ်သော အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကူညီထောက်ပံ့ပေးမည်ဟု ကတိပြုခဲ့သည်။

အဆိုပါထောက်ပံ့ငွေများသည် လာမည့်ငါးနှစ်တာကာလအတွင်း လူမျိုးစုတိုင်းရင်းသား ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ စုစုပေါင်း ဂျပန်ယန်းငွေ ဘီလီယံ ၄၀ ထောက်ပံ့မည့်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## တရုတ်ပြည်တွင်းဖြစ် ပထမဆုံးခရီးသည်တင်ဂျက်လေယာဉ် ကုန်းမြင့်ဒေသ၏ ဝေဟင်အတွင်းပျံသန်းမှုစွမ်းရည်စမ်းသပ်

**ရှင်နင်း မတ် ၁၀**


တရုတ်နိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းဖြစ်ခရီးသည်တင်ဂျက်လေယာဉ် အေအာရ်ဂျေ ၂၁-၇၀၀သည် ကျင်းဟိုင်-တိဘက်ကုန်းမြေပြင်ဒေသ၌ ခရီးစဉ် စမ်းသပ်ပျံသန်းမှုများကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကုန်းမြင့်ဒေသတွင် ပျံသန်းနိုင်မှုစွမ်းဆောင်ရည် ထူးထူးခြားခြားကောင်းမွန်မှုကို သရုပ်ပြသနိုင် ကြောင်း ယနေ့ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဒေသတွင်း၌ တာတိုနှင့်တာလတ်ခရီးစဉ်များကို ပျံသန်းနိုင်ရန် ရည်ရွယ် ထုတ်လုပ်ထားသော အဆိုပါလေယာဉ်ကို ရှန်ဟိုင်းအခြေစိုက် ကုန်သွယ် လေကြောင်းဆိုင်ရာ လေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းနှင့် (စီအိုအမ်အေစီ) က တည်ဆောက်ခြင်းဖြစ်သည်။ အင်ဂျင်နှစ်လုံးတပ်ဂျက်လေယာဉ်ဖြစ်ပြီး ခရီးသည် ၇၈ ဦးမှ ၉၀ အထိ တင်ဆောင်နိုင်ကာ ခရီးတာ ၂၂၂၅ ကီလိုမီတာမှ ၃၇၀၀ အထိ ပျံသန်းနိုင်သည်။

အေဂျေအာရ်၂၁-၇၀၀ အမျိုးအစားခရီးသည်တင်လေယာဉ်သည် ၂၀၀၈ ခုနှစ်တွင် ပထမဆုံးပျံသန်းခဲ့သည်။ လတ်တလောတွင် အဆိုပါအမျိုးအစား လေယာဉ်နှစ်စင်းသည် ရှန်ဟိုင်းမြို့နှင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချန်ဒူးမြို့အကြား ခရီးစဉ်များပျံသန်းလျက်ရှိသည်။

ယခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နှင့် မတ်လအစောပိုင်းရက်များအတွင်း တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျင်းဟိုင်ပြည်နယ် ရှင်နင်းမြို့လေဆိပ်တွင် စမ်းသပ်ပျံသန်းမှုအစီအစဉ် ၁၆ မျိုးကို အောင်မြင်စွာအပြီးသတ်ဆောင်ရွက် ခဲ့သည်။ အဆိုပါမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၂၂၀၀ခန့်တွင် တည်ရှိသဖြင့် ကုန်းမြင့်ဒေသတွင် လုံခြုံစိတ်ချစွာပျံသန်းနိုင်သည့်စွမ်းပကားကို ပြသနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

အေအာရ်ဂျေ ၂၁-၇၀၀ အမျိုးအစားလေယာဉ်သည် ပင်လယ်ရေမျက်နှာ ပြင်အထက် မြင့်မားသောနေရာဒေသများ၏ ဝေဟင်အတွင်း ပုံမှန်ပျံသန်းခြင်း မရှိမီတွင် တင်းကျပ်ပြင်းထန်သော စမ်းသပ်ပျံသန်းမှုများပြုလုပ်သွားရမည် ဖြစ်ကြောင်း တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းဒေသဆိုင်ရာ မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြား သည်။ **ဆင်ဟွာ။**



## တောင်ကိုရီးယားသမ္မတအား ရာထူးမှဖယ်ရှားရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဆုံးဖြတ်

**ဆိုးလ် မတ် ၁၀**




တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် သမ္မတပတ်ကွမ်ဟေးအား ရာထူးမှ ဖယ်ရှားရန် မတ် ၁၀ ရက်က ဆုံးဖြတ် ချက်ချမှတ်လိုက်ကြောင်း၊ နိုင်ငံ အတွင်းရှိ ကုမ္ပဏီအုပ်စုကြီးများပါဝင် ပတ်သက်နေသော အဂတိလိုက်မှု အရှုပ်တော်ပုံအရ သမ္မတအား ရာထူး မှ ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတပတ်အား ပါလီမန်က စွပ်စွဲပြစ်တင်ခဲ့ခြင်းကို အတည်ပြုရန် အမြင့်ဆုံးတရားရုံးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးက တစ်ခဲနက်မဲခွဲဆုံးဖြတ်ခဲ့သည်။

ဝန်ကြီးချုပ် ဝှန်ကျိုအန်းအား ခေတ္တသမ္မတအဖြစ် ခန့်အပ်ခဲ့ပြီး ဖြစ်ရာ ၎င်းသည် ပတ်၏ရာထူးနေရာ တွင် အစားထိုးမည့်ပုဂ္ဂိုလ်အား ရွေးချယ်မည့် ရွေးကောက်ပွဲကျင်းပပြီး ချိန်အထိ ယင်းရာထူးတွင် ဆက်လက် တာဝန်ယူမည်ဖြစ်သည်။ ရွေးကောက် ပွဲကို ရက်ပေါင်း ၆၀ အတွင်း ကျင်းပ ရန် ဥပဒေစည်းမျဉ်းသတ်မှတ် ထားသည်။

ပတ်ကွမ်ဟေးအား သမ္မတရာထူးမှ မိမိတို့ ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးခေတ္တဥက္ကဋ္ဌ လီယွန်မိက ကြားနာစစ်ဆေးမှု ပြုလုပ်ပြီးနောက် ပြောကြားသည်။

ပတ်၏ ဆောင်ရွက်ချက်များသည် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု အပေါ် သစ္စာဖောက်ရာရောက်သဖြင့် ဥပဒေချိုးဖောက်မှုဖြစ်ပြီး မိမိတို့ သည်းခံခွင့်လွှတ်နိုင်မည် မဟုတ် ကြောင်း လီယွန်မိက ပြောကြားသည်။

အသက် ၆၅ နှစ်ရှိ ပတ်သည် ဒီဇင်ဘာလတွင် ပါလီမန်၏စွပ်စွဲ ပြစ်တင်မှုကို ခံယူခဲ့ရသည်။ လာဘ် ပေးလာဘ်ယူပြုလုပ်မှုနှင့် အာဏာ အလွဲသုံးစားမှုတို့ရှိခဲ့သည်ဟု ၎င်း အား စွပ်စွဲပြစ်တင်ခဲ့သည်။

သမ္မတ၏ မူဝါဒအား ထောက်ခံ နိုင်ရေးအတွက် ထူထောင်ခဲ့ကြသည့် ဖောင်ဒေးရှင်းများအတွက် နိုင်ငံ အတွင်းရှိ စီးပွားရေးလုပ်ငန်းများက ရန်ပုံငွေပါဝင်လှူဒါန်းစေရန် ပတ်၏ အရင်းနှီးဆုံးမိတ်ဆွေ ချိုင်ဆွန်းစီက လုပ်ဆောင်ခဲ့ရာတွင် သမ္မတကိုယ်တိုင် ပူးပေါင်းကြံစည်ခဲ့ကြောင်း၊ ၎င်းအပြင် အစိုးရအဖွဲ့၏ ရေးရာများတွင် ချိုင်ဆွန်းစီ ဩဇာလွှမ်းမိုးမှုကို သမ္မတက ခွင့်ပြုပေးခဲ့ကြောင်း ပါလီမန်၏ စွပ်စွဲပြစ်တင်လွှာတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံ တို့နှင့် လတ်တလောတင်းမာမှုများ ဖြစ်ပေါ်နေချိန်အတွင်း အမြင့်ဆုံး တရားရုံးတော်၏ ဆုံးဖြတ်ချက်ပေါ် ထွက်လာခြင်းဖြစ်ပြီး ပတ်အား ထောက်ခံသူ ရာပေါင်းများစွာက တရားရုံးအပြင်ဘက်တွင် ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြပွဲအတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်း ဖြစ်ပွားခဲ့ရာ ဆန္ဒပြသမား နှစ်ဦး သေဆုံးခဲ့ရသည်။ **ရိုက်တာ။**

## အမာခံစစ်သွေးကြွများအား တရားစီရင်နိုင်ရေး ပါကစ္စတန်၌ စစ်ဘက်ဆိုင်ရာတရားရုံးများကို ခွင့်ပြုမည်

**အစ္စလာမ္မာဘတ် မတ် ၁၀**

အမာခံစစ်သွေးကြွများအား တရားစီရင်စစ်ဆေးနိုင်ရေးအတွက် အထူးစစ်ဘက် ဆိုင်ရာ တရားရုံးများထူထောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက် ပြုလုပ်ရေး ဥပဒေမူကြမ်းတစ်ရပ်ကို ပါကစ္စတန်ပါလီမန်က အတည်ပြုပေးတော့ မည့် အနေအထားတွင်ရှိနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါလီမန်၏ အောက်လွှတ်တော်သည် အထူးစစ်တရားရုံးများထူထောင်ရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်ထည့်သွင်းရေးကို တစ်ခဲနက်အတည်ပြုရန် ပါလီမန်ရှိအမတ်ခေါင်းဆောင်များက သဘောတူညီခဲ့ ကြပြီးဖြစ်သည်။

အဆိုပြုတင်ပြထားသော ဥပဒေပြင်ဆင်ချက်အရ အကြမ်းဖက်မှုနှင့် သက်ဆိုင်သော စွပ်စွဲချက်များအတွက် မသက်သေ မည်သူ့ကိုမဆို ရုံးတင် စစ်ဆေးရန် ခွင့်ပြုပေးထားသည်။

အလားတူ ဥပဒေပြင်ဆင်ချက်ကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့ရာ စစ်သွေးကြွများအား ရုံးတင်စစ်ဆေးနိုင်သည့် စစ်ဘက်ဆိုင်ရာတရားရုံးများကို နှစ်နှစ်ကြာ ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ဇန်နဝါရီလတွင် တရားရုံးများသက်တမ်း ကုန်ဆုံးခဲ့သည်။

**ပီတီအိုင်။**

# မြန်မာနိုင်ငံနှင့် နိုင်ငံ ခုနစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်ရန် လွှတ်တော်ကသဘောတူ

**နေပြည်တော်   မတ်   ၁၀**

ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်ထိ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်း**ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ ၂ ပါ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(ပြင်ဆင်ဖြည့်စွက်ချက်)နှင့် စပ်လျဉ်း၍ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၂)မှ ဒေါ်သီရိရတနာ**က ပုဂ္ဂလိကကုမ္ပဏီသို့ ငှားရမ်းထားပြီးဖြစ်သည့် အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)အပါအဝင် နိုင်ငံပိုင် အကြီးစားစက်ရုံ ၄၄ ရုံကို နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားအတွက် ရလဒ်ကောင်းများ ဖော်ဆောင်ပေးနိုင်မှု မရှိခြင်းနှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိခြင်းတို့ကြောင့် ပြန်လည်သုံးသပ်နိုင်ရန် လတ်တလောရပ်ဆိုင်းထားပြီး စနစ်တကျလေ့လာ သုံးသပ်ပြီးမှသာ တွေ့ရှိချက်များအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် **ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း**က လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘောဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်ကို ၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်တွင် ဥပဒေကြမ်းတစ်ရပ်လုံးကို အဆုံးအဖြတ်မယူမီ ဦးစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ ၂ ပါ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများနှင့် ဥပဒေဆိုင်ရာအကြောင်းအရာတစ်ပိုဒ်ချင်းစီကို ဥပဒေကြမ်းပူးပေါင်းကော်မတီက အတည်ပြုရန်၊ ငြင်းပယ်ရန်၊ လျှော့၍ ခွင့်ပြုရန် အဆိုတင်သွင်းခြင်း၊ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းနှင့် ဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုခြင်း အစီအစဉ်များကို ဆောင်ရွက်ရန် လျာထားကြောင်း ကြိုတင်အသိပေးကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရှမ်းပြည်နယ် အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါသီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၄၀၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်**က နိုင်ငံ၏စီးပွားရေးမူဝါဒ မျှော်မှန်းချက်တွင် သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မှန်ကန်မျှတစွာ ခွဲဝေအသုံးချနိုင်သည့် စီးပွားရေးမူဘောင်ချမှတ်ရန် မျှော်မှန်းထားသည်ကို ဖော်ပြထားပါကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်စုံညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်သာယာစေရေးဟူသည့် စီးပွားရေးအခြေအနေကောင်းများ ရရှိရေး၊ သဘာဝပတ်ဝန်းကျင်ကို ရေရှည်ထိန်းသိမ်းရန် လိုက်လျောညီထွေသည့် မြို့ပြများတည်ဆောက်ရေး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရန် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၌ ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ရန်ဟူ၍ ပါရှိပါကြောင်း၊ အင်းလေးကန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သေချာစွာစောင့်ကြပ်ကြည့်ရှုပြီး အကျိုးရှိစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆွေးနွေးကြသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံနှင့် နိုင်ငံ ခုနစ်နိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇင်**က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်ဟူသည့် နိုင်ငံခြားရေးမူဝါဒကို ပြဋ္ဌာန်းထားသည်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါကြောင်း၊ နိုင်ငံပေါင်း ၁၁၄ နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ထူထောင်ထားရှိပြီးဖြစ်ပါကြောင်း၊ သံတမန်အဆက်အသွယ် ထူထောင်ခြင်းဖြင့် နှစ်နိုင်ငံအကြားနှင့် ကမ္ဘာ့နိုင်ငံများအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်အောင်မြင်မှု အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ မိတ်ဆွေနိုင်ငံများ ပိုမိုများလာခြင်းအားဖြင့် ကမ္ဘာ့နိုင်ငံများအကြား ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ အသိုင်းအဝိုင်းများအကြားတွင် ပိုမိုရင်းနှီးချစ်ကြည်မှု ရရှိလာမည်ဖြစ်ကြောင်း။

သံတမန်အဆက်အသွယ်ထူထောင်ခြင်းဖြင့် နိုင်ငံ၏ အကျိုးစီးပွားကို ပိုမိုတိုးမြှင့်နိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ အတိုင်းအတာတစ်ခုအထိ ကုန်ကျစရိတ်များရှိလာမည်ဖြစ်သည့်အတွက် စနစ်တကျကြိုတင်စီမံဆောင်ရွက်သွားနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နောင်အနာဂတ်တွင် သီးခြားသံရုံးများ ဖွင့်လှစ်သွားနိုင်ရေးကို စီမံဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ထို့ပြင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ဦးမောင်မောင်လတ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ခေါင်လံဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးနှင့် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က ဆွေးနွေးကြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ **နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်**က နိုင်ငံ ခုနစ်နိုင်ငံနှင့် သံတမန်ဆက်သွယ်ခြင်းဖြင့် လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံခြားရေးမူဝါဒအရ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဟူသည့် လုပ်ငန်းဆောင်ရွက်ချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတထံမှပေးပို့ထားသည့် မြန်မာနိုင်ငံနှင့် နိုင်ငံခုနစ်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်ရေးအဆိုပြုချက်ကို ထောက်ခံပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် **ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း**က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသည့် မြန်မာနိုင်ငံနှင့် နိုင်ငံ ခုနစ်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး မြန်မာနိုင်ငံနှင့် ဂီနီသမ္မတနိုင်ငံ၊ မော်လ်တာသမ္မတနိုင်ငံ၊ အီကွေဒေါသမ္မတနိုင်ငံ၊ ဆေးရှဲသမ္မတနိုင်ငံ၊ လိုက်ဘေးရီးယားသမ္မတနိုင်ငံ၊ မာရှယ်ကျွန်းစုသမ္မတနိုင်ငံနှင့် ဟိုလီဆီး(ဗာတီကန်နန်းတော်)တို့နှင့် သံတမန်အဆက်အသွယ်ထူထောင်ရန် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် မတ် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းဝေမွှေးနန်း(သတင်းစဉ်)**

## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော်   မတ်   ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂစာရင်းစစ်အဖွဲ့၏ ဌာနကြီး (၃) အကြီးအကဲဖြစ်သူ H.E.Mr.Baron KarelPinxten နှင့်အဖွဲ့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ ရေးရာဆောင်အမှတ် (I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဥရောပသမဂ္ဂ၏ ဆောင်ရွက်ပေးနိုင်မှုနှင့် ဆောင်ရွက်နေမှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော်   မတ်   ၁၀**

၂၀၁၇ ခုနှစ် မတ်လ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပသတင်းမီဒီယာများ သတင်းရယူနိုင်မည်ဖြစ်ပြီး မတ် ၂၄ ရက်တွင် ပြပွဲဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် မတ် ၁၆ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆ တို့သို့လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း- ၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိမိနှင့် မိဘဆွေမျိုးတို့၏ အကျိုး၊ ကမ္ဘာသူ ကမ္ဘာသားတို့၏ အကျိုးဆောင်ရွက်ရမည့် တပေါင်းလ၏ တရားအနှစ်

ဒေါက်တာ မောင်ဖြေ



တပေါင်းလရာသီသည် နေ့အချိန်အခါ၌ ပူလာပြီဖြစ်သော်လည်း ညချမ်းချိန်ခါ၌ မြောက်လေညင်းနှင့် ဆောင်းနှင်းကြွင်းတို့ကြောင့် အေးလျက်ရှိသည်။ ရှေးမြန်မာကြီးများက "နေ့ပူညချမ်း တပေါင်းလသရမ်း"ဟု ဆိုစမှတ်ပြုထားကြသည်။

ရှေးကစာဆိုတော်များသည် တပေါင်းလအကြောင်းကို ရှုထောင့်အဖုံဖုံ၊ ပုံစံအမျိုးမျိုးဖြင့် စာပန်းချီခြယ်မှတ်တမ်းတင်ခဲ့ကြသည်။ သုံးလူ့ထွတ်ထားမြတ်ဗုဒ္ဓသည် ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ်ပါဠိတော်လာရတနသုတ်တော်တွင် "ဝနပ္ပဂုမ္ဗေ" အစရှိသော ဂါထာ၌ "ဂိမှာနမာသေ၊ နွေလေးလတို့တွင် ပထမသွိဂိမှေ၊ အစဦးစွာဖြစ်သော နွေလ၌ ဖုသိတဂ္ဂေပွင့်သော အဖျားရှိသော ဝနပ္ပဂုမ္ဗေတောတန်းတောအုပ်သည် သီရိကောယထာ၊ လှပတင့်တယ်ကျက်သရေ မင်္ဂလာရှိသကဲ့သို့ အစဦးစွာဖြစ်သော နွေဦးကာလတပေါင်းလသည် အညွန့်အဖူးကွန့်မြူးဝေဖြာနေသော သစ်ပင်သစ်တောတို့ဖြင့် ကျက်သရေအရှိဆုံး၊ သာယာကြည်နူးဖွယ်အကောင်းဆုံးဖြစ်သကဲ့သို့" ဟူ၍ တပေါင်းလ၏ တင့်တယ်သာယာလှပပုံကို ပရိယတ္တိတရားတော်နှင့် တင်စားခိုင်းနှိုင်းကာ ဟောကြားတော်မူခဲ့ပေသည်။

ဤကဲ့သို့ ဆောင်းတစ်ဝက်၊ နွေတစ်ဝက် ကာလဖြစ်သည်ကို အင်းဝခေတ်စာဆိုအကျော် ရှင်အုန်းညိုက "သာသည် ညင်းညင်း မြောက်လေကြွင်းနှင့် ဆီးနှင်းမကုန် ပူဟုန်မသည် ပျံ့ပျံ့ဖြည်းသား"ဟူ၍ ဖွဲ့ဆိုသကဲ့သို့ နေ့အချိန်အခါတွင် အတော်အသင့်ပူလာပြီဖြစ်သော်လည်း ညချမ်းချိန်၌မူ မြောက်လေညင်းနှင့် ဆောင်းနှင်းကြွေတို့ရှိနေကြဆဲဖြစ်ကာ ဆောင်းရိပ်ဆောင်းငွေ့မပြေသေးဘဲ ညအချိန်အေးမြမြရှိနေသည်ကို အကြောင်းပြုကာ ဖွဲ့ဆိုထားကြသည်။

တပေါင်းလသည် မြန်မာဆယ့်နှစ်လတွင် ဒွါဒသမမြောက်လဖြစ်၏။ တပေါင်းလကို ပုဂံခေတ်ထိုးကျောက်စာတို့၌ တပေါင်းဟုရေးထိုးခဲ့ကြ၏။ အင်းဝခေတ်၌ ဝိသဇ္ဇနီရေးထုံးပေါ်ပေါက်လာကာ မျက်မှောက်ရေးသကဲ့သို့ တပေါင်းဟုပင် ရေးထိုးခဲ့ကြ၏။

တပေါင်းဟူသော အမည်သည် တပို့တွဲကဲ့သို့ပင် ထန်းပင်ကို အကြောင်းပြုကာ ပေါ်လာသည်ဟုဆိုသည်။ ဤရာသီတွင် ထန်းရည်များကို ပေါင်းစပ်ကျိုချက်ကြ၍ "ထန်းပေါင်း" လခေါ်ဆိုရာမှ "တပေါင်း"သို့ ရွေ့လျောလာခဲ့သည်ဆို၏။ တချို့က ဤလရာသီတွင် နက္ခတ် ၁၂လုံး စုပေါင်းပေါ်ထွက်လာခြင်းကြောင့် တပေါင်းလဟုခေါ်သည် ဟူ၏။ တပေါင်းလတွင် ရက်ပေါင်း ၃၀ ရှိပြီး နာရီအားဖြင့် နေ့ ၂၈ နာရီဖြစ်သည်။ ညဥ့် ၃၂ နာရီရှိသည်။ ဖလဂုနီနက္ခတ်နှင့် စန်းယှဉ်ပြည့်သည်။ ပြုဗ္ဗဘဒြပိုဒ် နက္ခတ်နှင့်နေမင်းတို့ ယှဉ်ကြသည်။ ဤလသည် ဆံကျင်တာရာထွန်းသောလဖြစ်ပြီး ရာသီရုပ်မှာ ငါးနှစ်ကောင် ရေကူးနေပုံဖြစ်လေသည်။

တစ်ဖန် တပေါင်းလ၏ အဓိပ္ပာယ်ကို ဝေါဟာရလိနတ္ထနီကျမ်းတွင် နှစ်မျိုးပြဆိုထား၏။ ပထမအဓိပ္ပာယ်မှာ အမရကောသအဘိဓာန်ကျမ်းတွင် တပသျှား-ပုပ္ပန်ခြင်းကင်းသော တပေါင်းလဟု ပရိယာယ်ရှိ၏။ ကာလရှည်လျားသောကြောင့် သက္ကတဘာသာပသျှား-ပုဒ်မှ ပျက်၍ မြန်မာဘာသာ တပေါင်းလဖြစ်သည်ဟု မိမိ၏ အယူအဆကို ရှေးဦးစွာ တင်ပြ၏။

> "သာသည် ညင်းညင်း မြောက်လေကြွင်းနှင့် ဆီးရှင်းမကုန် ပူဟုန်မသည် ပျံ့ပျံ့ဖြည်းသား"ဟူ၍ ဖွဲ့ဆိုသကဲ့သို့ နေ့အချိန်အခါတွင် အတော်အသင့် ပူလာပြီဖြစ်သော်လည်း ညချမ်းချိန်၌မူ မြောက်လေညင်းနှင့် ဆောင်းနှင်းကြွေတို့ ရှိနေကြဆဲဖြစ်ကာ ဆောင်းရိပ်ဆောင်းငွေ့မပြေသေးဘဲ ညအချိန် အေးမြမြရှိနေသည်

ဒုတိယအယူအဆတစ်မျိုးမှာ "တပံအာ တပံသြဂစ္ဆန္တော ဂစ္ဆတိတပေါင်း"ဟူ၍ ရှေးဆရာမြတ်တို့ ဝိဂြိုဟ်ကြံကြ၏။ (တပံ အာတပံ-ပူသောနွေရာသီသို့ သြဂစ္ဆန္တော သက်လျက် ဂစ္ဆတိ၊ သွားတတ်၏။ က္ကတိတသ္မာ၊ ထို့ကြောင့် တပေါင်း တပေါင်းလမည်၏) အမရကောသလာ၊ တပတသျှား-ပူသော တပေါင်းပရိယာယ်ပါဠိနှင့်ဆီဆိုင်သင့်လျော်၏။ နေ့ပူညချမ်းဆိုရိုးတမ်းနှင့်တော်၏ဟု အာစရိယဝါဒကို ဒုတိယအယူအဆတစ်မျိုးအဖြစ်တင်ပြထား၏။

ဗေဒအလိုအားဖြင့် တပေါင်းလကို မိန်ရာသီဟုခေါ်သည်။ ငါးဟုအဓိပ္ပာယ်ရသည်။ ပါဠိပုဒ်မိန မိန်ဟုဖြစ်လာသည်။ အဓိပ္ပာယ်မှာ ငါးများရှင်မြူးကြိုက်နှစ်သက်သောရာသီ (ဝါ) ငါးနှစ်ကောင်ရှိသော ရာသီကိုဆိုလိုသည်။ သရဖီပန်းကို တပေါင်းလ၏ ရာသီပန်းအဖြစ် အသိအမှတ်ပြုကြသည်။ တပေါင်းလတွင် မြစ်များ၊ ချောင်းများ ရေများစစ်ကာ သောင်ခုံသဲရာသီပွဲကျင်းပလေ့ရှိသည်။

"တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ မြူဆွသောင်ပြင်၊ ငှက်ပေါင်းရွှင်၍၊ သဘင်အညီ သဲစေတီဟု၊ မြောက်ချီရွှင်ပ၊ လှူဒါန်းကြလျက်" ဟူ၍ ၁၀၈၀ ခုနှစ်ခန့်က တနင်္ဂနွေမင်းလက်ထက် စာဆိုတော် ဦးအောင်ကြီးက တပေါင်းလ ဆယ့်နှစ်ရာသီဘွဲ့ လူးတားများတွင် သာယာသော တပေါင်းလ၏ သဲပုံစေတီပွဲကို ဖွဲ့ဆိုထားသည်။

မြန်မာလက်ာသမိုင်းတွင် ရာသီတစ်ဆယ့်နှစ်လအတွက် အပြည့်အစုံအားဖြင့် ရှေးဦးစွာတွေ့ရှိရသော တစ်ဆယ့်နှစ်ရာသီဖွဲ့မှာ တနင်္ဂနွေမင်းလက်ထက် ဆည်သည်ရွာဇာတိ ဦးအောင်ကြီးဖွဲ့ဆိုသော အဝမြို့ဖွဲ့ဆယ့်နှစ်ရာသီ လူးတားပင်ဖြစ်လေသည်။ မြန်မာစာပေလင်္ကာထွန်းကားတိုးတက်သော အင်းဝခေတ်ကပင်ဖြစ်ကြောင်းကို တွေ့ရှိနိုင်ပေသည်။ အင်းဝခေတ် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ စသော ရဟန်းစာဆိုများသည်ပင် အကြောင်းသင့်ရာ၌ ဩကာသလောကကို ဉာဏ်ချဲ့ဖွဲ့နွဲ့တော်မူခဲ့ကြသည်။

မြတ်စွာဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဘုရားရှင်အား ကပိလဝတ်ပြည်သို့ ကြွတော်မူရန် တမန်ကိုးခေါက်စေလွှတ်ပင့်စေသည်။ မြတ်ဘုရားမကြွလာသောကြောင့် ဖွားဖက်တော်ကာဠုဒါယီအမတ်ကြီးအားပင့်ဆောင်စေရာ ကာဠုဒါယီသည် မြတ်ဘုရားကြွတော်မူအောင် ရာသီ၏သာယာပုံများကို ဂါထာ ၆၀ ဖြင့် စီကုံးလျှောက်ထားခဲ့သည်။ ရာသီဖွဲ့အစ ကာဠုဒါယီက ဟူ၍ပင် ဆိုနိုင်သည်။

ရှင်ဥတ္တမကျော်၏ တောလားတွင်လည်း ဆယ့်နှစ်လရာသီဖွဲ့များ၏ ရှေ့ပြေးဟုဆိုရလောက်အောင်ပင် အခါရာသီဖွဲ့များကို တန်ဆာဆင်ဖွဲ့နွဲ့ထားသည်မှာ မှတ်သားလောက်သည်။ "လေခမြေသက်ဈာန်ဝိတက်သို့ သစ်ရွက်ရော်ရီ ကန္ဒနီဝယ်၊ သိင်္ဂီတဝက်ဖက်၍ ဆေးစုံခြယ်သောပုံသို့"ဟူ၍ ဖွဲ့ဆိုထားသည်မှာ ဆယ့်နှစ်လရာသီဖွဲ့များအတွက် အခြေခံပြုရာပင် မှန်ခဲ့လေသည်။ ရှင်အုန်းညို၏ ဂါထာ ၆၀ ပျို့မှာမူကား တစ်စောင်လုံး ရာသီဖွဲ့ကြီးသဖွယ် ကွန့်ဆန်းဖွဲ့နွဲ့ခဲ့သည်။ ရှင်အဂ္ဂသမာဓိ၏ ဘုံခန်းပျို့မှာလည်း ဩကာသလောကကြီးကို တင်စားဖွဲ့နွဲ့ချက် မကင်းချေ။ တောင်ငူခေတ်တွင်လည်း နဝဒေးနှင့် နတ်သျှင်နောင်တို့၏ ရတုများသည် ရာသီဖွဲ့များဖြင့် မွှမ်းထုံခဲ့သည်။ မင်းဇေယျရန္တမိတ်၏ မင်းရဲနူရာ ချောင်းတွင်ကား တစ်သီးတခြား တောင်ငူမြို့၏ သာယာပုံများကို တစ်ဆယ့်နှစ်ရာသီအား တစ်ရာသီတစ်ဖွဲ့စီပါဝင်အောင် စပ်သွင်းဖွဲ့နွဲ့ခဲ့လေသည်။ ဦးအောင်ကြီး၏ လူးတားများသည် မင်းဇေယျရန္တမိတ်က တီထွင်ခဲ့သော ကဗျာလင်္ကာချဲ့ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ဦးအောင်ကြီး၏ နောက်တွင်ကား ဝန်ကြီးပဒေသရာဇာသည် နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီတို့ကို ထန်းသမားဖွဲ့၊ လယ်သမားဖွဲ့၊ လှေသမားဖွဲ့တို့ဖြင့် ဖွဲ့နွဲ့ခဲ့လေသည်။

ဘိုးတော်ဘုရားလက်ထက်မှစ၍ ဆယ်နှစ်ရာသီဖွဲ့များ ပိုမိုခေတ်စားလာကာ မြန်မာဆယ့်နှစ်ရာသီများသည် လှပဆန်းကြယ် တိုးပွားလာခဲ့လေသည်။ ဆယ်နှစ်ရာသီဖွဲ့ဟူ၍ သီးခြားဖွဲ့နွဲ့ခြင်းမပြုခဲ့သော စာဆိုတော်ဆရာတော်အရှင်ဦးသြဘာသပင် ဝိဓူရဇာတ်တော်နိဂုံး၌ ဩကာသလောကကြီးကို စကားပြေများနှင့်ဖွဲ့နွဲ့ထားကြောင်း တွေ့ရှိရပါသည်။

ဆယ့်နှစ်လရာသီကို ဖွဲ့ဆိုကြသော ကဗျာများသည် သာမန်အားဖြင့် ဩကာသလောကဖွဲ့များကို သွင်းဆောင်ထားသည်သာမက စာဆိုတော်တို့၏ စိတ်ကူးဉာဏ်ချဲ့ထွင်စေစားပုံများ၏။ နွဲ့ပျောင်းနုထွေးသော စကားလုံးများကို ရွေးချယ်သုံးနှုန်းရာတွင် စာဆိုတစ်ဦးနှင့်တစ်ဦး အကြောင်းတူ အဆင်ကွဲအားဖြင့် ကဗျာဉာဏ်ကို လေ့လာနိုင်ခွင့်ရရှိစေပေသည်။

တပေါင်းလတွင် မဟာပထဝီမြေကြီးသည် စိုပြည်စိမ်းလန်းသောမြက်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ပတ်ဝန်းကျင်တောအုပ်တို့သည်လည်း ရွက်ဟောင်းကိုစွန့်ပစ်၍ ရွက်သစ်များလဲလှယ်လျက်ရှိတော့သည်။ နွေသရုပ်ကို ဖော်ကျူးဖို့အတွက် ရာသီဥတုက ပြင်ဆင်နေလျက်ရှိနေသည်။ မပူလွန်းမအေးလွန်း လမ်းတိုင်းလမ်းတိုင်းသွား၍ ကောင်းသော အချိန်အခါဖြစ်ခဲ့ပြီ။ ဤလိုရာသီတွင် ဗုဒ္ဓသည် ဆွေတော်မျိုးတော်များအား ချီးမြှောက်ရန် အချိန်တန်ခဲ့လေပြီဟု ကြံစည်ဆင်ခြင်တော်မူသည်။ သက္ကတိုင်းကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး၏ သားတော် သိဒ္ဓတ္ထကုမာရသည် လောကသမုတိနတ်ဖြစ်သည်။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သည့် ဗုဒ္ဓမြတ်စွာဘုရားသခင်ဖြစ်ပေ၏။ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓမြတ်ဘုရားသခင်ကို ဝေဠုဝန်ဥယျာဉ်တော်တွင် ကျောင်းဆောက်၍ ကိုးကွယ်တော်မူလျက်ရှိသည်။ ထိုကျောင်းကြီး၌ပင် သတ္တဝါဝေနေယျတို့ကို တရားရေအေး အမြိုက်ဆေးတိုက်ကျွေးနေသည်ကို သိရှိသော ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားဘုရားကို ရှုမြင်တွေ့လိုစိတ်ဖြစ်နေသည်။ မိဂဒါဝုန်တောဝယ် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဖြစ်သော ဓမ္မစကြာဒေသနာတော်ကိုကြားသော် သားတော်ဗုဒ္ဓကို ရှုမြင်လိုသည်ထက် မဟုတ်တော့ဘဲ သားတော်၏ တရားဒေသနာတော်ကိုပါ ကြားနာလိုသောဆန္ဒက ပြင်းပြလျက်ရှိပေတော့သည်။

"ချစ်သားကာဠုဒါယီ သင့်အား ငါ့သားတော်၏ ဖွားဖက်တော်ဖြစ်သည်နှင့်အညီ ငါ့သားတော်နှင့်တစ်ပြေးတည်းထား၍ မြှောက်စားချစ်ခင်ခဲ့ပါသည်။ သင်နှင့် ကစားဖော်ကစားဖက်ဖြစ်သော သင်၏သခင် ဘုရား၏မျက်နှာတော်ကို ဖူးမြော်ကာ တရားတော်များ နာယူလိုပါ၍ ပင့်ဆောင်ပေးပါလေ"ဟု စေလွှတ်တော်မူသည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ ဆန္ဒစကားကြောင့် ကာဠုဒါယီသည် မိန်ရာသီတပေါင်းလ၏ ရာသီဥတုသာယာပုံများဖြင့် တန်ဆာဆင်ကာ "ကျေးဇူးငါးပုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားရှင်ပင်မြတ်ဘုရား ဆောင်းကိုလွန်မြောက်နွေဦးပေါက်သို့ ရောက်လတ်တုံလာ ယခုအခါ၌ တစ်ခေတ်ကူးပြောင်း သစ်ပင်အပေါင်းတို့သည် ရှည်ကြာမြင့်ညောင်းအရွက်ဟောင်းကို စွန့်ပယ်သောထွေ ကြွေကျကုန်၍ အသစ်စဖြစ်သော အသီးကိုရှာမီးကြကုန်သကဲ့သို့ဖြစ်၍ မီးကျီးအသွေး နီထွေးသော ရွက်နုအဖူးအပွင့်တို့နှင့် ပြည့်စုံကြကုန်၏။

ထိုသစ်ပင်အပေါင်းတို့သည် ဥတုလှုံဆောင်အရောင်ရှိကုန်သည်ဖြစ်၍သာလျှင် ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပကြကုန်၏။ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏ ဖွားရပ်ဌာနီပြည်ကပ်ိသို့ နှစ်လီစက်ပန်း ကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သောအချိန်ပါဘုရား. . "ဟု ပင့်လျှောက်ထားလေ၏။

အလွန်ပင် ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော တပေါင်းလဘွဲ့ဂါထာ အနက်အဓိပ္ပာယ်ဖြစ်၏။ မဟာဗုဒ္ဓဝင် အတ္ထုပ္ပတ္တိတော်ကြီးတွင် ထင်ရှားစွာပါရှိသော ဂါထာပေါင်းခြောက်ဆယ့်လေးပုဒ်တို့မှ ပထမအစဂါထာဖြစ်ပါသည်။

တပေါင်းလသာယာပုံကို ရှင်ဥတ္တမကျော်က ဂါထာခြောက်ဆယ်ပျို့တွင် "တိမ်ညိုမိလ္လာတိမ်စူကာနှင့် တိမ်ပြာရောယှက် မရမ်းဖက်၍ တိမ်သက်တံရောင် အဝါဘောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တစ်လီရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က လေးဖက်လုံးခြုံ တိမ်ဂဠုန်လည်း၊ နဂါးစုံကြွေ၊ ရန်ချင်းတွေ့သော် ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့"ဟူ၍ ရောင်စုံပြာလွင်လေရှုးတိုက်ခတ်ပုံကိုလည်း ဖွဲ့ဆိုထားခဲ့ပါသည်။ မြတ်ဘုရားရှင်သည် ကာဠုဒါယီမထေရ်မြတ် လျှောက်ထားချက်ဖြင့် ကပိလဝတ်ပြည်သို့ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ကြွရောက်လေသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မွေးရပ်မြေကပိလဝတ်ပြည်မှ ထွက်ခွာခဲ့သည်မှာ ခုနစ်နှစ်ကြာခဲ့ပြီ။ မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်နေ့မှ နေပြည်တော်ဇာတိဌာနေကပိလဝတ်သို့ ရောက်ပါသည်။ ကြာမြင့်စွာခွဲခွာခဲ့သည့် သားတော်ကို ခမည်းတော်မင်းကြီးနှင့်တကွ ကျွန်းမိခင်မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းမျိုးအပေါင်းသည် တခမ်းတနား တစ်ဖွဲ့တစ်နွဲ့ ကြိုဆိုကြလေသတည်း။

ကပိလဝတ်နေပြည်တော်၌ပင် မြတ်ဘုရားရှင်၏ တရားတော်ကြောင့်ပင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးမှာ မင်းမြောက်တန်ဆာငါးပါးဆင်မြန်းလျက်ပင် ထီးဖြူတော်အောက်မှာ အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်ခဲ့သည်။ ကျွန်းမိခင်မိထွေးတော်ဂေါတမီမှာ ဘိက္ခုနီပြု၍ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်ခဲ့ကြသည်။

မာယာဒေဝီမယ်တော်သည် သားတော်သိဒ္ဓတ္ထကို ဖွားမြင်ပြီး ခုနစ်ရက်မှာ နတ်ရွာစံခဲ့ရာ သားတော်ဘုရားသည် မွေးမိခင်ကိုကျေးဇူးဆပ်လို၍ နတ်ပြည်သို့ ကြွမြန်းကာ အဘိဓမ္မာတရားကို ဟောကြားကာ ကျေးဇူးဆပ်တော်မူခဲ့ပါသည်။ မိဘတို့၏ ဂုဏ်ကျေးဇူးကို သိတော်မူသော မြတ်ဘုရားရှင်သည် ပုဗ္ဗစရိယရှေးဦးဆရာ "လောကဿ ဒဿေတ" ကမ္ဘာလောကကြီးကို ပြသပေးသူ စသည်ဖြင့် အထူးဂုဏ်ပြုဟောကြားတော်မူပါသည်။

ဉာဏတ္ထစရိယဆွေမျိုးများအကျိုးကို ဆောင်ရွက်ရန်အတွက် လများသာခေါင် လတပေါင်း၌ဘုရားရှင် ကပိလဝတ် နေပြည်တော်သို့ ပြန်ကြွသည့်ကြည်ညိုဖွယ်ရာ ခရီးစဉ်၏ အကျိုးကျေးဇူးများပင်ဖြစ်လေတော့သည်။

ကမ္ဘာလောကအကြောင်းကို ပြသသွန်သင်သော လက်ဦးဆရာ မိနှင့်ဖကို ကျေးဇူးဆပ်ရာတွင်-

"မိမိအကျိုးစီးပွားကို အားထုတ်စေသောအခါ မိဘဆွေမျိုးကိုယ့်ရဲ့ရပ်ရွာအကျိုးဆောင်ရွက်ခြင်းနှင့် တိုင်းသူပြည်သား၊ ကမ္ဘာသူ ကမ္ဘာသား လူအများ၏ အကျိုးစီးပွားများကိုပါ ဆောင်ရွက်ရမည်"စသော ဆုံးမစကားဖြင့် ဗုဒ္ဓတ္ထ၊ ဉာဏတ္ထ၊ လောကတ္ထအစရှိသည့် ဆုံးမစကားအနှစ်တို့သည် တပေါင်းလ၏ တရားအစစ် ဖြစ်ပေတော့သည်။ ။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၀**
မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မတ်လတွင် ပြုလုပ်ရန်လျာထားပြီး အဆိုပါရောင်းချပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် အစည်းအဝေးခေါ်ယူခြင်း ဖြစ်သည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကျောက်မျက်ရတနာ သယံဇာတများကို တူးဖော်ထုတ်လုပ်သူများအနေဖြင့် တူးဖော်ထုတ်လုပ်မှုမှရရှိသည့် စီးပွားရေးအကျိုးအမြတ်ထက် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်မှု မရှိစေခြင်းကို ပိုမိုဦးစားပေး တူးဖော်ထုတ်လုပ်ကြရန်၊ နိုင်ငံသားများအားလုံးက ပိုင်ဆိုင်သော ကျောက်မျက်ရတနာသယံဇာတများကို သားစဉ်မြေးဆက် ခံစားရရှိနိုင်အောင် အကန့်အသတ်ဖြင့်သာ တူးဖော်ထုတ်လုပ်ကြရန်၊ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအမြတ်ဖြင့် ကျောက်မျက်ရတနာထွက်ရှိရာဒေသမှ ပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီညီ ထိန်းညှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး အကျိုးခံစားခွင့်ရှိအောင် တူးဖော်ထုတ်လုပ်သွားကြရန်၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှုကြောင့် ပျက်စီးသွားသည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းမှုများ ဆောင်ရွက်ပြီး လူမှုဘဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန်စသည့် အခြေခံမှုများနှင့် တူးဖော်ထုတ်လုပ်သွားကြရန်လိုကြောင်း။

ကျောက်မျက်ရတနာများကို ရောင်းချရာတွင်လည်း အရိုင်းအတိုင်း ရောင်းချခြင်းအစား ဆင့်တက်ပြုပြင်ခြင်း နည်းပညာများ အသုံးပြုဆောင်ရွက်ထားသည့် ကျောက်မျက်ရတနာအချောထည်များကို ရောင်းချနိုင်ရန် ဦးစားပေးလုပ်ဆောင်ရေး၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ပြည်တွင်းတွင် ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်တွင်းတွင် ကျောက်မျက်ရတနာအချောထည်ဈေးကွက်နှင့် လက်ဝတ်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းစေရေး၊ ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများ၏ အရည်အသွေးကို မြှင့်တင်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ရေးတို့ကိုလည်း စီမံလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျောက်မျက်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လုံခြုံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြပွဲခင်းကျင်းမှု၊ ပြသမှု၊ ရောင်းချမှု၊ ဈေးနှုန်းသတ်မှတ်မှု၊ လုံခြုံရေး၊ သွားလာဆက်သွယ်ရေးနှင့် သတင်းထုတ်ပြန်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယခုကျင်းပမည့် ရောင်းချပွဲကို နိုင်ငံသားကျောက်မျက်ရတနာ အချောထည်လုပ်ငန်းရှင်များ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေး၊ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ ပြည်ပသို့ တရားမဝင် ရောင်းချခြင်းများ တားဆီးနိုင်ရေးနှင့် တူးဖော်ရေးလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှုကို အထောက်အကူဖြစ်စေနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကိုသာ တက်ရောက်ဝယ်ယူခွင့်ပြုသွားမည် ဖြစ်သည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသွားရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၂၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၀**
(၂၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ဆွေးနွေးပွဲကို မတ် ၉ ရက်မှ ၁၀ ရက်အထိ နေပြည်တော် ဟိုတယ်ဇုန်ရှိ Park Royal Hotel ၌ ကျင်းပခဲ့သည်။




ဆွေးနွေးပွဲတွင် အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ၊ အာဆီယံရေကြောင်းဆိုင်ရာ တိုးချဲ့ဆွေးနွေးပွဲနှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အပေါင်းအစည်းအဝေး စသည့်ယန္တရားတို့တွင် အာဆီယံ- ဩစတြေးလျ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည့် နည်းလမ်းများ၊ နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အာဆီယံ-ဩစတြေးလျ ပူးတွဲကြေညာချက်အသစ်နှင့် အာဆီယံ နယ်စပ်ဖြတ်ကျော်မှုခင်းများဆိုင်ရာ အဆင့်မြင့်အရာရှိများ- ဩစတြေးလျ အစည်းအဝေးတို့မှတစ်ဆင့် ဒေသတွင်း အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတိုက်ဖျက်ရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ အာဆီယံနှင့် ဩစတြေးလျနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် အာဆီယံတွင် ပိုမိုနီးကပ်သော စီးပွားရေးပေါင်းစည်းမှုများ ရရှိလာစေရေး ဆောင်ရွက်ရာတွင် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်မှ ရလဒ်ကောင်းများ ရရှိမှုအခြေအနေများကို အသိအမှတ်ပြု ဆွေးနွေးကြသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်က နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံ-ဩစတြေးလျ နှစ်ပတ်လည်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးမှ ချမှတ်ခဲ့သည့် အာဆီယံ-ဩစတြေးလျ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေး အကောင်အထည်ဖော်မှု ဆိုင်ရာ အာဆီယံ-ဩစတြေးလျ လုပ်ငန်းစီမံချက် ၂၀၁၅-၂၀၁၉ အကောင်အထည်ဖော်မှုကိုလည်း ပြန်လည်သုံးသပ်ခဲ့ကြသည့်အပြင် လာမည့် ၂၀၁၈ ခုနှစ် မတ်လ၌ ဩစတြေးလျနိုင်ငံ၌ ကျင်းပမည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုများနှင့် ဘုံစိန်ခေါ်မှုများအား ဖြေရှင်းရာတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုများအပေါ် ဆွေးနွေးခဲ့ကြပြီး ပြောင်းလဲနေသည့် ဗိသုကာ အဆောက်အအုံတွင် အာဆီယံ၏ အချက်အချာကျမှုနှင့် အရေးပါမှုကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူနှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယဝန်ကြီး H.E.Mr. Gary Quinlan တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးညီညီစံ<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (ခ) | ဦးအောင်တင်စိုး<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စစ်ဆေးရေးမှူးချုပ် (ညွှန်ကြားရေးမှူးချုပ်) ဦးထင်ကျော်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၈-၃-၂၀၁၇) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၃-၂-၂၀၁၇)ရက်နေ့မှ (၂၄-၂-၂၀၁၇) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းသုံးဦးနှင့် အထွေထွေကိုးဦး ပေါင်း ၁၄ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၆၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၃၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ Angkor Wat ဘုရားကျောင်း ကြည့်ရှုလေ့လာ



**နေပြည်တော် မတ် ၁၀**

ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက် ဒေသစံတော်ချိန် ၈ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ Angkor Wat ဘုရားကျောင်း**(ယာပုံ)** နှင့် Bayon ဘုရားကျောင်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Siem Reap မြို့ရှိ ထင်ရှားသည့်နေရာဖြစ်သည့် Cultural Village သို့ သွားရောက်၍ Cultural Village အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာပြီး ညနေ ၅ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Sok Chea၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ ဒုတိယသံရုံးအကြီးအကဲ Mr. Nguyen Thanh Vinh နှင့် တာဝန်ရှိသူတို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ■ မြန်မာ့ရုပ်ရှင်မှ

ရွှေတိဂုံစေတီတော်ကြီးအား ပူဇော်ပသသည့် အစီအစဉ်ဖြင့် စတင်မည်ဖြစ်ပြီး မြန်မာ့ရုပ်ရှင်လောကသားများက ပါဝင်ကာ ဖျော်ဖြေတင်ဆက်မှုများကို ပြုလုပ်သွားမည်ဟု သိရသည်။ အဆိုပါ အစီအစဉ်များထဲတွင် ရုပ်ရှင်နှစ် ၁၀၀ ဆီသို့ဟူသော ခေါင်းစဉ်ဖြင့် မြန်မာ့ရုပ်ရှင် စတင်ခဲ့သည့် ခေတ်မှ ခေတ်အဆက်ဆက် ရုပ်ရှင်ဇာတ်ဝင်တေးများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သရုပ်ဆောင်သင်တန်းဆင်းများက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်လည်း ပါဝင်မည်ဟု သိရသည်။



ဦးအေးကြူလေး

"ရုပ်ရှင် နှစ် ၁၀၀ ဆီသို့ ခေါင်းစဉ်နဲ့ ပါဖောမင့် လုပ်မှာပါ။ ၁၉၂၀ က မြန်မာ့ရုပ်ရှင် စခဲ့တယ်။ လန်ဒန်အတ်ဦးအုန်းမောင်ကနေ ဖန်တီးတယ်။ ပထမဆုံး ရုပ်ရှင်မင်းသား မင်းသမီးက ဦးညီပု၊ ဒေါ်အေးကြည်၊ သူတို့နှစ်ယောက်ရဲ့ ပုံတွေကိုလည်း Animation လုပ်ပြီးတော့ ၁၉၂၀ က စပြီး တဖြည်းဖြည်းနဲ့ ကောလိပ်ဂျင်နေဝင်းတို့ရဲ့ ကညာပျိုနဲ့ ဇရာအိုအထိ တစ်ပိုင်းတစ်ဖြတ်ပေါ့။ အဲဒီအတွက်ကို အရင်တုန်းက အရုပ်တွေကိုလည်း LED မှာ ပြန်ပြီး ဖော်ပြတယ်။ အရင်တုန်းက မြန်မာ့ရုပ်ရှင် အလွန်တိုးတက်ခဲ့တာကိုလည်း ဒီနေ့ နောင်လာနောက်သားတွေ၊ လုပ်နေတဲ့သူတွေ အကုန် ပြန်မြင်စေချင်တယ်။ ဟိုတုန်းက ရုပ်ရှင်တွေ ရိုက်ခဲ့တဲ့ပုံစံ၊ ဟိုတုန်းက သရုပ်ဆောင်တွေ တစ်ယောက်ချင်းစီ သရုပ်ဆောင်တဲ့ အရည်အချင်းတွေကို ဒီနေ့ ခေတ်လူငယ်တွေ ပြန်ပြီး မြင်စေချင်တယ်။ အတုယူစေချင်တယ်။ ဒါကို တန်ဖိုးထားစေချင်တယ်။ အဲဒါကြောင့်ပြန်ဖော်ထုတ်တာပါ" ဟု ဖျော်ဖြေရေးအစီအစဉ် ဆောင်ရွက်နေသူ ကိုသက်(အိုအေစစ်)က ပြောသည်။



ကိုသက်(အိုအေစစ်)

ယင်းအပြင် မြန်မာ့ရုပ်ရှင်ဇာတ်ဝင်တေးသီချင်းများကိုလည်း ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်သရုပ်ဆောင်များ၊ ရုပ်ရှင်သရုပ်ဆောင် အဆိုတော်များက ဖျော်ဖြေတင်ဆက်ခြင်း အစီအစဉ်များလည်း ပါဝင်မည်ဟု သိရသည်။

ယဉ်ကျေးမှုနှင့်အညီ ထူးခြားသော ဖျော်ဖြေတင်ဆက်မှုများ၊ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကိုကြိုဆိုသည့် နှစ် ၁၀၀ ဆီသို့ ရည်မှန်းတင်ဆက်မှုများနှင့်အတူ ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကြီးကို မတ် ၁၈ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပမည်ဖြစ်သည်။ ရုပ်ရှင်လောကသားအင်အား ၃၀၀၀ ခန့် တက်ရောက်နိုင်သည့် နေရာဖြစ်ပြီး ယာဉ်ရပ်နားရန်နေရာ အဆင်ပြေသည့်အနေအထားများကြောင့် အဆိုပါနေရာတွင် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ယခင် နှစ်နှစ်ဆက်တိုက် ကျင်းပခဲ့သည့် ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP)တွင် ရုံပြန်လည်တည်ဆောက်နေခြင်း၊ အခြားသော နေရာများသည်လည်း နေရာအခက်အခဲ၊ ယာဉ်ရပ်နားရန် နေရာအခက်အခဲအမျိုးမျိုးတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီ စာရင်းဝင် ဇာတ်ကားပေါင်း ၃၃ ကား အထိ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ် အကယ်ဒမီ စာရင်းဝင်ဇာတ်ကား ၁၂ ကား၊ ၂၀၁၄ ခုနှစ်အတွက် အကယ်ဒမီ စာရင်းဝင်ဇာတ်ကား ၁၇ ကားရှိခဲ့ရာ ၂၀၁၆ ခုနှစ်အတွက် ထူးချွန်ဆုရွေးချယ်ရမည့် ဇာတ်ကားအရေအတွက် များပြားခဲ့ခြင်းနှင့်အတူ ဆန်ခါတင် စာရင်းဝင်ဇာတ်ကား ၁၀ ကားခန့်ရှိသည့်အတွက်ကြောင့်လည်း ခန့်မှန်းရခက်ပြီး ရင်ခုန်ရမည့် အကယ်ဒမီဆုပေးအပ်ပွဲ ဖြစ်နိုင်ကြောင်း ရှင်ရှင်လောကသားများက သုံးသပ်သည်။

၂၀၁၆ ခုနှစ်အတွက် အကယ်ဒမီ စာရင်းဝင် ဇာတ်ကားများမှာ အနူးဘစ်စားတယ်၊ ချစ်လှစွာသောအမုန်း၊ အချစ်စစ်၊ ပြန်ခေါ်သက်သေ၊ ဖွေ့စ်ဘုတ်ရွာ၊ ခိုးဆိုးလုနိုက်၊ ရုံးပတေသီးလေးများ၊ မနောမြေမှ ကျောက်စိမ်းကမ္ဘာ၊ အီဖေကိုယ်တို့ ရွှေးကောက်ပွဲ၊ မအေးပွင့် မြင့်မြင့်စန်း လမ်း ၃၀၊ ကျွန်တော် ကျွန်မ ယောကျ်ား ဗိုက်ကြီးသယ်၊ အုတ်ကြားမြက်ပေါက်၊ ရုပ်ကွက်ဘုရင်မ(၁)၊ မော်ကျောက်စာ၊ ရိုက်လိုက်ပါဦး ဒုန်းဒုန်းဒုန်း၊ ကာလာစုံလက်ဆင်၊ လူးရတနာသိုက်၊ အေဒင်ရဲ့ နတ်သမီး၊ ဘောစိ၊ သကြ်န်ပြတိုက်၊ ရုပ်ကွက်ဘုရင်မ(၂)၊ ဘန်ကောက်မှ မန္တလေးသို့၊ ရွှေဒင်္ဂါးကို ထွေခင်းကစားမယ်၊ နှစ်ယောက်တစ်ဘဝ၊ ဘွန်ဘွေ့ာကြက်သူခိုး၊ ငဘ၊ မင်းလည်းဘိုကေ ငါလည်း ဘိုကေ၊ ပဲခူးဆားနှင့်သူ၏ ဗိုင်းရပ်စ်များ၊ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေ၊ မေထုန်ရာသီဖွား၊ နှင်းဆီပန်သူ၊ မယုံရင် ပုံပြင် စသည့် ဇာတ်ကားများ ဖြစ်ကြသည်။

**ဆုနှင်းလဲ့**

**ဓာတ်ပုံ-ဌေးအောင်**



ရုပ်ရှင်ဇာတ်ဝင်တေးများ ဖျော်ဖြေမှုအတွက် လေ့ကျင့်နေစဉ်။

**✱ ကျောဖုံးမှ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များမှာ အောက်ပါနေ့ရက်များဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည်-

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၁၇ | ၁ ရက် |
| ၂။ | ပြည်ထောင်စုနေ့ | ၁၂-၂-၂၀၁၇ | ၁ ရက် |
| ၃။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၁၇ | ၁ ရက် |
| ၄။ | တပေါင်းလပြည့်နေ့ | ၁၂-၃-၂၀၁၇ | ၁ ရက် |
| ၅။ | တပ်မတော်နေ့ | ၂၇-၃-၂၀၁၇ | ၁ ရက် |
| ၆။ | မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်များ (သင်္ကြန်အကြို၊ အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်) | ၁၃-၄-၂၀၁၇ မှ ၁၇-၄-၂၀၁၇ ထိ | ၅ ရက် |
| ၇။ | ကမ္ဘာ့အလုပ်သမားနေ့ | ၁-၅-၂၀၁၇ | ၁ ရက် |
| ၈။ | ကဆုန်လပြည့်နေ့ | ၁၀-၅-၂၀၁၇ | ၁ ရက် |
| ၉။ | ဝါဆိုလပြည့်နေ့ | ၈-၇-၂၀၁၇ | ၁ ရက် |
| ၁၀။ | အာဇာနည်နေ့ | ၁၉-၇-၂၀၁၇ | ၁ ရက် |
| ၁၁။ | သီတင်းကျွတ် ရုံးပိတ်ရက်များ(အဖိတ်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် ၁ ရက်နေ့) | ၄-၁၀-၂၀၁၇ မှ ၆-၁၀- ၂၀၁၇ ထိ | ၃ ရက် |
| ၁၂။ | တန်ဆောင်တိုင် ရုံးပိတ်ရက်များ(အဖိတ်နေ့၊ လပြည့်နေ့) | ၂-၁၁-၂၀၁၇ မှ ၃ -၁၁-၂၀၁၇ ထိ | ၂ ရက် |
| ၁၃။ | အမျိုးသားအောင်ပွဲနေ့ | ၁၃-၁၁-၂၀၁၇ | ၁ ရက် |
| ၁၄။ | ကရင်နှစ်သစ်ကူးနေ့ | ၁၈-၁၂-၂၀၁၇ | ၁ ရက် |
| ၁၅။ | ခရစ္စမတ်နေ့ | ၂၅-၁၂-၂၀၁၇ | ၁ ရက် |
| ၁၆။ | နိုင်ငံတကာနှစ်သစ်ကူး ရုံးပိတ်ရက်များ | ၃၀-၁၂-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ထိ | ၂ ရက် |
| ၁၇။ | အီဒွလ်အဿွာဟာပွဲနေ့ | X | ၁ ရက် |
| ၁၈။ | ဒီပါဝလီနေ့ | X | ၁ ရက် |

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၉/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

မှတ်ချက်။ (၁) အီဒွလ်အဿွာဟာပွဲနေ့နှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့်နေ့ရက်များကို သီးခြားကြေညာပါမည်။

(၂) ဘဏ်ပိတ်ရက် သုံးရက်ကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကြေညာမည်ဖြစ်ပါသည်။

**အမိန့်အရ**

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

**✱ ခရစ္စတိုဖာမှ**

ခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်က ပွဲကို ထိန်းချုပ်ကစားသွားပြီး ဒုတိယဂိုးကို ပထမပိုင်း ပြီးခါနီးတွင် ရန်နိုင်ဦးက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ဆယ်လာ၏ ကန်သွင်းမှုများကို ရှမ်းဂိုးသမား သီဟစည်သူ လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများထပ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ပွဲစဉ်(၉)ဒုတိယနေ့ကို မတ် ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ GFA နှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# လောက်ကိုင်မြို့မှတိမ်းရှောင်လာသော ပြည်သူများအတွက် ပစ္စည်းများထောက်ပံ့

**လားရှိုး မတ် ၁၀**

လောက်ကိုင်မြို့မှ တိမ်းရှောင်လာသော ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပြည်သူလူထုမှ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆန် ၈၈ အိတ် ၁၉ ပြည် လေးဘူး၊ ဆီ ၁၂ ပိဿာ ၅၀ ကျပ်သား၊ ငါးသေတ္တာ ၇၂၉ ဘူး စုစုပေါင်းငွေကျပ် ၃၃၃၅၄၀၀ တန်ဖိုးရှိ ပစ္စည်းများကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းနှင့် တာဝန်ရှိသူများက တိမ်းရှောင်ပြည်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

လောက်ကိုင်ဒေသမှ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိလာသော အနယ်နယ်အရပ်ရပ်မှ အလုပ်သမားမိသားစုဝင် ၂၆၆ ဦးတို့အား ထမင်းဘူးများ၊ သောက်ရေသန့်ဘူးများ ပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို အမှတ် (၁၀) စစ်မြေပြင်ဆေးတပ်ရင်း (တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့) နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ မိသားစုဝင်များ နေရပ်သို့ ပြန်ရန်အတွက် လားရှိုးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် အလှူရှင်များက မော်တော်ယာဉ်ငါးစီးဖြင့် မန္တလေးမြို့သို့ စီစဉ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရခိုင်ရှေးဟောင်းယဉ်ကျေးမှုဒေသ မြောက်ဦးသို့ UNESCO အဖွဲ့ဝင်များ လာရောက်လေ့လာ

**မြောက်ဦး မတ် ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ရှေးဟောင်းယဉ်ကျေးမှုဒေသ မြောက်ဦးအား UNESCO မြို့တော်အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက်အီတလီနိုင်ငံသံအမတ်၊ မြန်မာနိုင်ငံ UNESCO ယဉ်ကျေးမှုဆိုင်ရာတာဝန်ခံနှင့် ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များသည် မတ် ၇ ရက်မှ ၈ ရက်ထိ နှစ်ရက်ကြာလာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

၎င်းအဖွဲ့တို့သည် ရခိုင်ပြည်နယ်မြောက်ဦးဒေသအား UNESCO အသိအမှတ်ပြုရှေးဟောင်းအမွေအနှစ်ဇုန်အဖြစ် ကမ္ဘာ့ရှေ့ဟောင်းသုတေသနထိန်းသိမ်းရေးအဖွဲ့က လက်ခံအသိအမှတ်ပြုနိုင်ရေးအတွက် နှစ်ပေါင်းကြာရှည်စွာထီးနန်းစိုက်စိုးစံခဲ့သော ရခိုင်မင်းနေပြည်တော်တည်ရှိခဲ့ရာ ရှေးဟောင်းမြို့တော်ရှိ သမိုင်းဝင်ဘုရားစေတီပုထိုးတော်များ၊ ကျုံးအရှင်နှင့်ကျုံးခြောက်များ၊ မြို့တော်ကိုပတ်လည်ကာရံထားသော တံတိုင်းကြီးများ၊ ရခိုင်ရှင်ဘုရင်များနန်းစိုက်ခဲ့ရာ နန်းတော်ရာကုန်းနှင့် ခံတပ်ကြီးများဖြင့် အထင်ကရတည်ဆောက်ထားသော ရှေးဟောင်းမြို့တော်တစ်မြို့ကို လာရောက်လေ့လာကြည့်ရှုကြသည်။

ထို့နောက်အီတလီသံအမတ်ကြီးနှင့် UNESCO အဖွဲ့ဝင်များသည် မြောက်ဦးမြို့၏ရှေးဟောင်းဗိသုကာလက်ရာများဖြင့်တည်ဆောက်ခဲ့သော အထင်ကရနေရာများဖြစ်သော သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကံသိမ်ပုထိုးတော်ကြီး၊ အံတော်သိမ်၊ မာရ်ငါးပါး၊ ကိုးသောင်းပုထိုးတော်ကြီးနှင့် ရှေးဟောင်းမြို့တော်၏ သဘာဝအလှအပများ၊ မြို့တော်၏ အရှေ့ဘက်ဝင်ပေါက်၊ လက်ဆည်ကန်၊ အနူမကန်တံတိုင်း၊ ရေတံခါးများ၊ မင်းထွက်ပေါက်ဆည်ရေတံခါး၊ ဟာရီတောင်စေတီနှင့် ရခိုင်ရှေးဟောင်းအမွေအနှစ်ဗိသုကာလက်ရာများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# Bloomberg Invest Myanmar တွင် စီးပွားရေးပညာရှင်များ ပါဝင်ဆွေးနွေး

**ရန်ကုန် မတ် ၁၀**

ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကို နိုင်ငံသူနိုင်ငံသားများအား တိုးချဲ့ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ကမ္ဘောဇဘဏ်လီမိတက်က Platinum Sponsor အဖြစ် ကူညီပံ့ပိုးပေးထားသည့် Bloomberg Invest Myanmar အခမ်းအနားကို ရန်ကုန်မြို့ Sedona Hotel တွင် မတ် ၉ ရက်က ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးဆိုင်ရာ အလားအလာများကို နိုင်ငံတကာသံတမန်များ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။




ကမ္ဘောဇဘဏ်လီမိတက်၏ အမှုဆောင်ဒါရိုက်တာများဖြစ်သော ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင့်တို့က Private Breakfast ဖြင့် တက်ရောက်လာကြသော ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။ ကမ္ဘောဇဘဏ်လီမိတက်၏ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်း**(အောက်ဝဲပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ကျွန်မတို့နိုင်ငံ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကျွန်မတို့အားလုံးဟာ နိုင်ငံသူနိုင်ငံသားတွေနဲ့ လူမှုဝန်းကျင်ရဲ့သားစဉ်မြေးဆက်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်လုပ်ဆောင်ရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အခမ်းအနားတွင် ကမ္ဘောဇအုပ်စု၏ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က "A Final Frontier Opens Up - Is This Finally the Real Deal?" ခေါင်းစဉ်ဖြင့်ပြုလုပ်သည့် စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာအလားအလာများ၊ ကမ္ဘောဇဘဏ်လီမိတက်မှ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍတွင် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် အာဆီယံဒေသမှ အမေရိကန်နိုင်ငံအထိ ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းများချဲ့ထွင်နေမှုတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ယခုအခမ်းအနားသည် ကမ္ဘာကျော်စီးပွားရေးဆိုင်ရာ ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Bloomberg ရုပ်သံလိုင်းမှ "Bloomberg Invest Myanmar" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးအလားအလာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr.Andrew Patrick အပါအဝင် နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများ၊ Bangkok Bank ၏ ဥက္ကဋ္ဌဖြစ်သူ Mr.Chartsiri Sophonpanich အပါအဝင် ပြည်တွင်းပြည်ပထိပ်တန်းစီးပွားရေးလုပ်ငန်းကြီးများမှ တာဝန်ရှိသူများနှင့် နိုင်ငံတကာမှ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ပါဝင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ဝ၁ဝ)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသောမတ်လ( ၁ )ရက်နေ့မှမတ်လ( ၇ )ရက်နေ့အထိထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မြသန်းတင့် | ပုံတောင်ပုံညာသွားတောလား | ၂၅၀၀ိ/- | အမေ့ဥယျာဉ်စာပေ |
| ၂ | ညီညီနိုင် | စီမံခန့်ခွဲရေးဆိုင်ရာ စကားကြီး ၁၀ ခွန်း | ၂၅၀၀ိ/- | ပန်းရွှေပြည် |
| ၃ | ဇေယျာ(စကားဝါမြေ) | ငါ့မိသားစု | ၁၀၀၀ိ/- | |
| ၄ | အောင်မြေမြင့်နိုင် | လူတိုင်းအတွက် ဗုဒ္ဓတရား | ၄၅၀၀ိ/- | လင်းသစ်ရောင်စဉ် |
| ၅ | တင်ဇော်လွင် | အထိမ်းအမှတ်တံဆိပ်ခေါင်းများ | ၆၀၀၀ိ/- | စာပေလောက |
| ၆ | Dr.အရှင်နန္ဒမာလာဘိဝံသ | ဝိပဿနာရှုဖွယ်တောလေးဆယ် | ၁၃၀၀ိ/- | အောင်ဇမ္ဗူ |
| ၇ | ဝင်းမောင် | ဘာမှမဟုတ်တဲ့ အတ္တုပ္ပတ္တိ ကဗျာရှည် ၂ ပုဒ် | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈ | ဥပဒေသုတေသီခင်ဝင်းမြင့် | မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (မူကြမ်း) ၂၀၁၇ | ၄၀၀၀ိ/- | ရှုတိုင်းယဉ် |
| ၉ | ဆရာဦးခန့်ကျော် | ကမ္ဘာ့ကျော်အနောက်တိုင်း နက္ခတ္တဗေဒပညာ | ၂၀၀၀ိ/- | ခန့်ကျော်စာပေ |
| ၁၀ | မြင့်စိုးလှိုင် | ကမ္ဘာနိုင်ငံရေး အတွေးအခေါ်ဆိုင်ရာ အဆိုအမိန့်များ | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | အောင်ဘုန်းမြင့် | အခိုက်အတန့်များပေါင်းစပ်ခြင်း | ၁၅၀၀ိ/- | Pica media |
| ၁၂ | နွေလူသစ် | ဗီရာရဲ့ထရီဇာ | ၁၈၀၀ိ/- | Pica media |
| ၁၃ | မောင်စူးစမ်း | မာက်(စ်)ဘောဂဗေဒ | ၆၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၁၄ | ထင်လင်း | မြစိမ်းရောင် ရင်ခွင်သို့ အပြန် | ၂၅၀၀ိ/- | အမေ့ဥယျာဉ် |
| ၁၅ | | Real lives,Real Stories V.37 | ၄၅၀၀ိ/- | the Book house |
| ၁၆ | အနော်မာ | ထိမိလှသော ဩဝါဒများ | ၁၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၁၇ | မင်းသိင်္ခ | ဆားပုလင်းနှင်းမောင်နှင့် တစ်ပွဲစားဦးနော်ဝတ္ထုတိုများ | ၃၅၀၀ိ/- | ဘုမ္မာဝတီ |
| ၁၈ | လှသမိန် | လင်တော်လင်ကောင်း | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၉ | ဦးဖရက်သိန်းဖေ | ပီလောပီနံ(ကလော)ကို အစာကျွေးခြင်း | ၁၀၀၀ိ/- | ပုလဲစာပေ |
| ၂၀ | Saya Harry Khoo | ကျောင်းသားသုံးအင်္ဂလိပ်စကားပြေ | ၂၀၀၀ိ/- | လဝန်းစာပေ |
| ၂၁ | Dr.ထွန်းဝင်း | HIV၊ ဘီပိုး၊ စီပိုး ဝေဒနာသည်တို့၏ ပတ်ဝန်းကျင်က လူသားများအတွက် လူမှုရေးဆေးပညာ | ၁၀၀၀ိ/- | မျိုးဆက်သစ် |
| ၂၂ | ရွှေပိုးအိမ်(ပဲခူး) | ပူလောင်အိုက်စပ်နေသော မိန်းမ | ၂၀၀၀ိ/- | |
| ၂၃ | ယဉ်မင်းဦး(ဆေးတက္ကသိုလ်) | အက်တိုးပစ်အပျိုစင် | ၂၅၀၀ိ/- | မိုးအိမ်ရှင် |
| ၂၄ | မောင်ယဉ်နွယ် | စားတတ်လျှင်ဆေး မစားတတ်လျှင်ဘေး | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၂၅ | အောင်ခင်မြင့် | တကယ်မရှိသော နှစ်များ | ၂၀၀၀ိ/- | နှင်းဆီနီ |
| ၂၆ | ဦးအေးနိုင်(ဘီ-အေ) | ဆယ့်နှစ်လရာသီ မြန်မာ့ရိုးရာ ရာသီပွဲတော်များ | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၇ | ညီညီအောင် | အကောက်ခွန် ဝန်ဆောင်မှု အကြောင်းသိကောင်းစရာ | ၅၅၀၀ိ/- | |
| ၂၈ | မောင်ယဉ်နွယ် | တော်ဝင်ပန်းနှင့် လမ်းဘေးဆေးပင်များ | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၂၉ | ပန်းနီနီ | ချစ်ခြင်း၏ မျက်ရည်စက်များ | ၂၀၀၀ိ/- | |
| ၃၀ | သိုးဆောင်း | ဟာမစ့်တ် ပျောက်ဆုံးခြင်း | ၂၅၀၀ိ/- | အောင်မြင် |
| ၃၁ | တွင်းကြီးဝမ်းမောင် | ငတောငလုံးဝတ္ထုတိုများ (၅) | ၂၅၀၀ိ/- | ရန်အောင်-၂ |
| ၃၂ | မောင်သစ်ဆင်း | ကြောက်စိတ်နဲ့ ကလေးတို့ မနက်ဖြန် | ၃၅၀၀ိ/- | ငါတို့စာပေ |
| ၃၃ | မောင်သိန်းဆိုင် | ပိတောက်တစ္ဆေ ပိတောက်ပွင့်ဦး ပိတောက်အိပ်မက် လျှို့ဝှက်သည်းဖို ဝတ္ထုတိုပေါင်းချုပ် | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၄ | ငြိမ်းစိုးဦး | စက်ဘီးကလေးစီးကြမယ် | ၁၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၃၅ | စန္ဒီ(Artist) | အဆိပ်ဖြေဝိတ်ကျလှပစေဖို့ သစ်သီးစိမ်ရည်သောက်ကြပါစို့ | ၃၀၀၀ိ/- | စာပေနန်းတော် |
| ၃၆ | စောကယ်ရီဝင်း | လွယ်ကူလေ့လာရန် SEM | ၃၅၀၀ိ/- | Global Piece Group |
| ၃၇ | အရှင်ဉာဏိန္ဒ | ဗုဒ္ဓဘုရားရှင်၏ ပရိတ်တော်များ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၃၈ | မင်းသိင်္ခ | မွေးပင် မွေးပြား ပန်းစကား | ၂၅၀၀ိ/- | ဘုမ္မာဝတီ |
| ၃၉ | ကလောင်စုံ | မြေနုကျွန်းများ ကဗျာစုစည်းမှု | ၂၀၀၀ိ/- | အိပ်မက်သစ် |
| ၄၀ | မာမာအေး | ပြောပြစရာတွေလည်းတစ်ပုံကြီး-၆ | ၂၅၀၀ိ/- | လင်းလွန်းခင် |
| ၄၁ | မင်းဒင် | ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည့် လက်ရွေးစင်သရော်စာများ | ၄၅၀၀ိ/- | လွင်ဦး |
| ၄၂ | ဥပဒေသုတေသီခင်ဝင်းမြင့် | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ | ၄၀၀၀ိ/- | ရှုတိုင်းယဉ် |
| ၄၃ | ကလောင်စုံ | Vol.3 2017 သေနင်္ဂ လက်နက်နှင့် နိုင်ငံတကာ စစ်မှုရေးရာမဂ္ဂဇင်း | ၅၀၀၀ိ/- | ပြည့်စုံစာအုပ်တိုက် |

# ပျူခေတ်နှင့် ပုဂံခေတ် သမိုင်းကွင်းဆက်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရေး အထောက်အကူပြုသုတေသနစာတမ်းဖတ်

**ရန်ကုန် မတ် ၁၀**

ပျူခေတ်နှင့် ပုဂံခေတ် အကူးအပြောင်းကာလ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ သမိုင်းကွင်းဆက်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုသုတေသနစာတမ်းဖတ်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကြီးမှူး၍အမျိုးသားပြတိုက်၌ မတ် ၇ ရက် နံနက် ၉ နာရီတွင် စတင်ကျင်းပခဲ့သည်။



စာတမ်းဖတ်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ရှေးဟောင်းသုတေသီများ၊ သမိုင်းသုတေသီများက သုတေသနစာတမ်း ၁၃ စောင်ကို ဖတ်ကြားတင်သွင်းကြသည်။ စာတမ်းဖတ်ပွဲကျင်းပရခြင်းမှာ ပျူခေတ်နှင့် ပုဂံခေတ်အကူးအပြောင်းကာလ ရှေးဟောင်းယဉ်ကျေးမှုများ၊ သုတေသနပြု ရှာဖွေဖော်ထုတ်နိုင်ရေးအတွက်ရည်ရွယ်ပြီး စာတမ်းဖတ်ပွဲကို မတ် ၈ ရက် ညနေ ၄ နာရီခွဲအထိ နှစ်ရက်တိုင်တိုင်ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲအခမ်းအနား ပထမနေ့တွင် သဘာပတိများအဖြစ် ဒေါက်တာကျော်ဝင်း ပါမောက္ခ(ငြိမ်း) သမိုင်းဌာန ရန်ကုန်တက္ကသိုလ်၊ ဦးကျော်ဦးလွင် ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့က ဆောင်ရွက်ကြခဲ့ရာ စာတမ်းရှင် ဒေါက်တာ ရေဝတာလက်ာရက လှည်းကူးဒေသရှိ ပုဂံခေတ်ထက်စောသော ယဉ်ကျေးမှုအထောက်အထားများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဦးအောင်သိန်းညွန့်နှင့် ဦးလှသိန်းထွဋ်တို့က ပုဂံခေတ်မတိုင်မီ မြန်မာထေရဝါဒ ဗုဒ္ဓသာသနာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် နိုင်မောင်တိုးက ကျောက်စာအထောက်အထားများမှ ရှေးခေတ်ပျူနှင့် မွန်လူမျိုးတို့၏ ခေတ်ပြိုင်သမိုင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါက်တာညိမ်းညိမ်းက ဘုရားထောင်အရိုးအိုးမှ ဝေါဟာရများခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါက်တာခင်မာဆွေက ပုဂံခေတ်ဦး မြန်မာကျောက်စာများမှ ပျူဆန်သော ရေးဟန်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါက်တာဉမ္မာခင်က နှောင်းတွေ့ကျောက်စာများမှ ကန်ကျက်ကလိည် သူကြီးကျောက်စာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ စာပေနှင့်သမိုင်းဆိုင်ရာ ပညာရှင်များ၊ သုတေသီများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ သမိုင်းသုတေသနပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ ပြတိုက်ပညာရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ၊ မီဒီယာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး တက်ရောက်သူများက မေးမြန်းဆွေးနွေးသည်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

စာတမ်းဖတ်ပွဲ ဒုတိယနေ့အဖြစ် မတ် ၈ ရက်တွင် သဘာပတိများအဖြစ် ဒေါက်တာတိုးလှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ဦးစန်းဝင်း ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနတို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဒေါက်တာခင်ခင်စီက Budhisattvas and Buddha ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါက်တာထွေးထွေးကျော်က သမိုင်းထဲက မြင်းမူခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါ်ခင်စန်းသန္တာက The Transitional Forms of Pyu-BaganArchitecture ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာတမ်းရှင် ဒေါက်တာရီရီရွှေက ဘီးလင်းမြို့နယ် ညောင်ပလ္လင်ကျေးရွာ ရွှေကျောင်းကြီး တွေ့ ပြဟ္မီနှင့် ပျူအက္ခရာပါအုတ်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဦးဘုန်းတင့်ကျော်က ခေတ်ပြိုင်အထောက်အထားများမှ တွေ့မြင်ရသော ပုဂံသမိုင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် မင်းဘူးဦးအောင်ကြိုင်က ပျူခေတ်နှင့် ပုဂံခေတ် အကူးအပြောင်းကာလ တိမ်မြုပ်ပျောက်ကွယ်နေသော ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာတမ်းရှင် ဒေါက်တာထွန်းထွန်းဦးက ပျူခေတ်အလွန် အနိရုဒ္ဓမင်းကာလအထိ ဗုဒ္ဓသာသနာ အခြေအနေခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချီကိုဟန်**

# အိမ်ရာစီမံကိန်းများနှင့်အတူ အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ခင်းကျင်းပြသမည်

**ရန်ကုန် မတ် ၁၀**

၂၀၁၇ ခုနှစ်တွင် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာလုပ်ငန်းများ လှုပ်လှုပ်ရှားရှား စတင်ဦးမော့လာသည်ကို တွေ့ရသည်။မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ပြောင်းလဲလာမှုအရ အင်တာနက်၊ အွန်လိုင်းမှတစ်ဆင့် အိမ်ရာအဆောက်အအုံ ခြံမြေဝယ်ယူရောင်းချမှုသည် ယခုနှစ်ပိုင်းအတွင်း ပိုမိုအားကောင်းလာသည့်အပြင် ဖေဖော်ဝါရီ ၂၅ ရက် နှင့် ၂၆ ရက်တို့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော မြန်မာ့အိမ်ခြံမြေအရောင်းပြပွဲတွင် ငွေကျပ်ရှစ်ဘီလီယံကျော် ရောင်းချခဲ့ရကြောင်း သိရသည်။

အလားတူပင် မြန်မာနိုင်ငံတွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း Trade Training Institute (TTI) ၏ ပံ့ပိုးကူညီမှုဖြင့် ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၇ (The 2nd Housing & Building 2017) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်သည်။

"ဒီပြပွဲမှာ အိမ်ရာ၊ အဆောက်အအုံ၊ အိမ်ခြံမြေ၊ ကွန်ဒိုတွေအပြင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းမျိုးစုံကို ပြည်တွင်း၊ ပြည်ပ ဆောက်လုပ်ရေး ကုမ္ပဏီပေါင်း ၆၀ ကျော်မှ ပြခန်းပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသကြမှာဖြစ်ပြီး အပြိုင်အဆိုင် အထူးနှုန်းအရစ်ကျစနစ်တွေနဲ့ ရောင်းချကြမှာ ဖြစ်ပါတယ်"ဟု Dagon Exhibitions Limited မှ Asst.Marketing Manager ကိုမြင့်ဇော်က ပြောသည်။

အဆိုပါပြပွဲတွင် ပြည်တွင်းပြည်ပမှကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်သုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ကြွေပြားကျောက်ပြားများ၊ ခေတ်မီပရိဘောဂများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းများမှ ဈေးကွက်အတွင်းနှင့် သုံးစွဲသူပြည်သူလူထုအတွင်း အရှိန်အဟုန်ပြင်းစွာ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲ၌ ရန်ကုန်မြို့ လှိုင်မြစ်ကမ်းဘေးတွင် လူနေတိုက်ခန်းကွန်ဒို၊ ဟိုတယ်နှင့် ရုံးလုပ်ငန်းသုံးအခန်းများပါဝင်သော မြန်မာနိုင်ငံ၏ ပထမဆုံး SOHO Business Centre အဖြစ် ပေါ်ထွက်လာမည့် Spring Line Project ကလည်း ၎င်းတို့ဆောင်ရွက်နေသော အဆောက်အအုံပုံစံငယ်များဖြင့် စိတ်ဝင်စားသူများ၊ ရင်းနှီးမြှုပ်နှံလိုသူများ လေ့လာနိုင်ရန် ပြပွဲတွင်ပါဝင်ပြသမည်ဖြစ်သည့်အပြင် ရန်ကုန်မြို့၏ အချက်အချာကျလှသည့် ရန်ကင်းမြို့နယ်တွင် ဆောင်ရွက်နေသော Golden City Project ကလည်း ရင်းနှီးမြှုပ်နှံသူများအတွက် အရည်အသွေးကောင်းသည့် အခန်းများကို ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။ ၎င်းအပြင် အောင်မြင်ပြည့်စုံ (AMPS) ဆောက်လုပ်ရေးလုပ်ငန်းကလည်း AYA ဘဏ်နှင့် ချိတ်ဆက်၍ ၁၀ နှစ် အရစ်ကျ ဈေးနှုန်းဖြင့် ပါဝင်ပြသရောင်းချမည်ဖြစ်သည်။

မတ် ၁၇ ရက်တွင် ပြပွဲလာရောက်လေ့လာသူများအား လက်ရှိမြန်မာ့စီးပွားရေးအခြေအနေ (Current Economic Issues in Myanmar) ခေါင်းစဉ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း Trade Training Institute (TTI) လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ၊ ဦးခင်မောင်ညို(ဘောဂဗေဒ)နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင် (အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)တို့က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး အခြားစိတ်ဝင်စားဖွယ်ရာ အစီအစဉ်များအဖြစ် ပြပွဲကာလအတွင်း နေ့စဉ် အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် မိုဘိုင်းဟန်းဆက်များကို မဲဖောက်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

၎င်းအပြင် မြန်မာနိုင်ငံ၏ အိမ်ရာ၊ အဆောက်အအုံ၊ အိမ်ခြံမြေဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် အိမ်ခန်းပေါင်း တစ်သန်း စီမံကိန်းတစ်ရပ် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းနှင့် SURBANA JURNG တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်သည်။ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းသည် အခြေခံလူတန်းစားများအတွက် တန်ဖိုးနည်းနှင့် တန်ဖိုးမျှအိမ်ရာများကို လာမည့် ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး အရည်အသွေးကောင်းမွန်သော အိမ်ရာများအဖြစ် တည်ဆောက်မည်ဖြစ်ရာ မြန်မာနိုင်ငံအနှံ့ အိမ်ရာစီမံကိန်းများ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

**(ကြေးမုံ)**



# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**မုံရွာ မတ် ၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများအား စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ မုံရွာမြို့နယ်အတွင်း၌ မြို့နယ်လဝကရုံးဝန်ထမ်းများက အဖွဲ့ငါးဖွဲ့ခွဲ၍ အောင်သာကျေးရွာအုပ်စု၊ မုံရွေးကျေးရွာအုပ်စု၊ ဆည်ကြီးတောကျေးရွာအုပ်စု၊ ပုရစ်ကုန်း(မ)ကျေးရွာအုပ်စု၊ ညောင်ပင်ကျေးရွာအုပ်စု၊ ညောင်ဖြူပင် ကျေးရွာအုပ်စုနှင့် တောင်ကြားကျေးရွာအုပ်စုများသို့ မတ် ၃ ရက်မှစတင်ပြီး စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဝင်းနှင့် ခရိုင်ဦးစီးမှူး ဦးမင်းအောင်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြကာ ကျန်ရှိသည့် ကျေးရွာအုပ်စုများကိုလည်း မေလကုန်အထိ ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# နောင်ချိုမြို့နယ်၌ ဥပဒေရုံးသစ်ဆောက်လုပ်

**နောင်ချို မတ် ၁၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့သည့် ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဥပဒေရုံးသစ်ဖွင့်ပွဲကို မတ် ၅ ရက် နံနက် ၈ နာရီက ပါဟက်ရပ်ကွက် သပြေလမ်းရှိ အဆိုပါရုံးသစ် အဆောက်အအုံ၌ ကျင်းပခဲ့သည်။

ရုံးသစ်အဆောက်အအုံအား ရှမ်းပြည်နယ် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးနှင့် ဒေါက်တာ ဒေါ်စိန်စိန်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ် ဥပဒေချုပ်တို့က အမှာစကားပြောကြားပြီး ရုံးအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို Royal Group ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မြင့်က လွှဲပြောင်းပေးအပ်ရာ နောင်ချိုမြို့နယ် ဥပဒေအရာရှိ ဒေါ်သိန်းသန်းဝင်းက လက်ခံရယူသည်။

အဆိုပါဥပဒေရုံးကို ပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေကျပ် ၂၆ ဒသမ ၉၅ သန်းဖြင့် အလျား ၄၂ ပေ × အနံ ၂၉ ပေ၊ အမြင့် ၁၂ ပေ အုတ်ညှပ်တစ်ထပ် အဆောက်အအုံအဖြစ် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

# လူထုပဟိုပြုစီမံကိန်းရုံးလုပ်ငန်းခွဲများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း မတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုပဟိုပြုစီမံကိန်းရုံးမှ ဒုတိယစက်ဝန်းအတွက် ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာအုပ်စု ကေသဝတီကျေးရွာ မြေသားလမ်း၊ ရေမြောင်းအုတ်စီလုပ်ငန်းများအား ဆောင်ရွက်နေမှုကို မြို့နယ်နည်းပညာအကြံပေးအဖွဲ့မှ ဒေါ်မို့မို့ဇင်နှင့် ဝန်ထမ်းများက မတ် ၅ ရက်တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆာဂျီယိုရောဘတ်တိုရဲ့ သွင်းဂိုးကြောင့် ငလျင်အသေးစားပင်ဖြစ်ပေါ်ခဲ့ရ

ဘာစီလိုနာအသင်း အဆုံးအဖြတ်ဂိုးကို ဆာဂျီယိုရောဘတ်တို သွင်းယူပြီးနောက် ပရိသတ် ၉၆၀၀၀ လောက် အောင်ပွဲခံခဲ့ရာ မြေအောက်အသေးစား တုန်ခါမှုပင်ဖြစ်ခဲ့ကြောင်း ငလျင်ပညာရှင်များ၏ ထုတ်ဖော်ပြောကြားချက်အရ သိရသည်။ ပီအက်စ်ဂျီအသင်းကို အနိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘာစီလိုနာပရိသတ်များ အကြီးအကျယ်အောင်ပွဲခံခဲ့ခြင်းကြောင့် ဘာစီလိုနာမြို့ မြေအောက်တွင် ငလျင်အသေးစားကဲ့သို့ တုန်ခါမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပထမအကျော့တွင် လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် ပွဲချိန်ပြည့် ထိုးဖောက်တိုက်စစ်ဆင်မှုများနှင့်အတူ နောက်ဆုံးခုနစ်မိနစ်အတွင်း သုံးဂိုးဆက်တိုက်သွင်းယူကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် လေးဂိုးပြတ်ရှုံးနိမ့်ထားသည့် ဘယ်အသင်းမျှ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခြင်းမရှိခဲ့သော်လည်း ဘာစီလိုနာအသင်းက ဒုတိယအကျော့တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ကစားကာ သမိုင်းကြောင်းကို ပြောင်းလဲနိုင်ခဲ့သည်။ ပွဲကစားချိန် ၉၅ မိနစ်တွင် ဆာဂျီယိုရောဘတ်တို ဂိုးသွင်းအပြီး နျူးကမ့်ကွင်းအတွင်း ပရိသတ်များ အလွန်အကျူးအောင်ပွဲခံမှုကြောင့် ငလျင်ပညာရှင် ဂျောဒီဒိုင်ယာ့ဇ်က "ငလျင်အသေးစား" တစ်ခုဟုပင် သတ်မှတ်နိုင်ကြောင်းဆိုခဲ့သည်။

ငလျင်တိုင်းတာရေးစခန်းနှင့် နျူးကမ့်ကွင်းတို့သည် မီတာ ၅၀၀ သာကွာဝေးပြီး ယင်းတုန်ခါမှုသည် အဆိုပါစခန်း၏ငါးနှစ်အတွင်း အကြီးဆုံးတုန်ခါမှုအဖြစ် မှတ်တမ်းဝင်သွားခဲ့ကြောင်း သိရသည်။ ဘာစီလိုနာအသင်း ဒုတိယဂိုးနှင့် တတိယဂိုး သွင်းယူခဲ့ပြီးနောက်တွင်လည်း မြေအောက်တုန်ခါမှု အနည်းငယ်ဖြစ်ပေါ်သည်အထိ အောင်ပွဲခံခဲ့သော်လည်း ပီအက်စ်ဂျီအသင်း၏ ချေပဂိုးကြောင့် စတုတ္ထနှင့် ပဥ္စမဂိုးတို့ကို သွင်းယူပြီးနောက် အောင်ပွဲခံမှု အနည်းငယ်အားပျော့သွားခဲ့သေးသည်။ သို့သော် ဆာဂျီယိုရောဘတ်တို၏ ပွဲသိမ်းအဆုံးအဖြတ်ဂိုးကို သွင်းယူပြီးနောက် နျူးကမ့်ကွင်းအတွင်းအောင်ပွဲခံမှုကြောင့် ဘာစီလိုနာမြို့မြေအောက်တွင် အသေးစားငလျင် ဖြစ်ပေါ်ခဲ့သလို တုန်ခါမှုဖြစ်ခဲ့ရသည်။ **(မေလွဲ့သင်း)**





## ကွန်တီရဲ့ နည်းစနစ်ကို မိတ္တူပွားခဲ့တဲ့ မော်ရင်ဟို

မန်ယူနည်းပြ မော်ရင်ဟိုက ရော့စ်တော့ဗ်ကို ရင်ဆိုင်တဲ့ပွဲစဉ်အတွင်း နောက်တန်းသုံးယောက်တွဲ ခံစစ်ဗျူဟာကို အသုံးပြုခဲ့တဲ့အတွက် မော်ရင်ဟိုမှာ ကွန်တီ၏ နည်းဗျူဟာကို မိတ္တူပွားတုပခဲ့သည်ဆိုသော ဝေဖန်မှုများ ထွက်လာခဲ့ပြီဖြစ်သည်။ မော်ရင်ဟိုက ရော့စ်တော့ဗ်နှင့် ယူရိုပါလိဂ်ပွဲစဉ်တွင် နောက်တန်းသုံးယောက်တွဲခံစစ်ဗျူဟာကို စတင်အသုံးပြုလာခဲ့ပြီး သုံးယောက်တွဲခံစစ်တွင် မာကို့စ်ရိုဂျို၊ စမောလင်းနှင့် ဖီးလ်ဂျုံးစ်တို့ သုံးဦးကို အထိုင်ချကာ တောင်ပံခံစစ်နေရာတွင် ဒါလေဘာလိုင်းနှင့် အက်ရှ်လေယန်းတို့ကို အသုံးပြုခဲ့သည်။

ချယ်လ်ဆီးနည်းပြ ကွန်တီက သုံးယောက်တွဲ ခံစစ်စနစ်ကို ပရီမီယာလိဂ်သို့ စတင်မိတ်ဆက်လာသူဖြစ်ပြီး အဆိုပါနည်းစနစ်ကို "ပရီမီယာလိဂ်တော်လှန်ရေး"ဟု သမုတ်ခဲ့ကြသည်။

သို့သော် စတင်အသုံးပြုခဲ့သည့် ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည့်အတွက် ချယ်လ်ဆီးကို ရင်ဆိုင်မည့် အက်ဖ်အေဖလားဖြိုင်ပွဲတွင် အဆိုပါနည်းစနစ်ကို မော်ရင်ဟို ဆက်လက်အသုံးပြုဖွယ်မရှိကြောင်းလည်း ခန့်မှန်းမှုများရှိနေသည်။ မန်ယူ သုံးယောက်တွဲခံစစ်မှာ ရော့စ်တော့ဗ်တိုက်စစ်မှူး ဟာရော့ဗ်၏ ထိုးဖောက်မှုကိုပင် ချေပဂိုး အလွယ်တကူ ခွင့်ပြုခဲ့ရသည့်အတွက် ဟာဇက်၊ ပက်ဒရိုတို့လို လျင်မြန်သည့် ကစားသမားများ ပါဝင်သည့် ချယ်လ်ဆီးအသင်းကို ရင်ဆိုင်ရာတွင် နောက်တန်းလေးယောက်တွဲ ခံစစ်ဗျူဟာကိုပင် ပြန်လည်ခင်းကျင်းဖွယ်ရှိနေသည်။ သို့သော် မော်ရင်ဟိုက ယခုထက်ပိုကောင်းအောင် ကစားရန်မလွယ်သလို တစ်ပွဲလုံးခြုံငုံသုံးသပ်လျှင် မန်ယူ၏ ရလဒ်ပိုင်းအတွက် ကျေနပ်စရာဖြစ်ကြောင်း တုံ့ပြန်လိုက်သည်။

မန်ယူအသင်းသည် ရုရှားကလပ်အသင်းများနှင့် ရင်ဆိုင်ရာတွင် လေးပွဲသရေ၊ တစ်ပွဲနိုင်ရလဒ်သာ ထွက်ပေါ်ထားသည်။ ဥရောပအသင်းကြီးအတော်များများက ဝေးလံသည့် ခရီးအကွာအဝေးကြောင့် ရုရှားမြေသို့ သွားရောက်ယှဉ်ပြိုင်ရမည်ကို စိုးရိမ်မှုရှိကြသော်လည်း မန်ယူအသင်းကမူ ရုရှားခရီးစဉ်ကို သက်သောင့်သက်သာပုံစံဖြင့်သာ သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ မန်ယူအသင်းသည် လာမည့် တနင်္လာနေ့တွင် အက်ဖ်အေဖလားကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရဦးမည်ဖြစ်သည်။ (မေလွဲ့သင်း)

## အိမ်ကွင်းမှာ နိုင်ပွဲဆက်လက်ရယူမယ့် လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ် ၂၈ ကို လာမယ့် မတ်လ ၁၁၊ ၁၂ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အက်ဖ်အေဖလားကွာတား ပွဲစဉ်တွေနဲ့ တိုက်ဆိုင်နေတဲ့အတွက် ပွဲစဉ်အားလုံးကို ယှဉ်ပြိုင်ကစားမှာမဟုတ်ဘဲ မန်စီးတီးပွဲကိုလည်း ကြိုကစားခဲ့တာကြောင့် လေးပွဲသာကျင်းပသွားဖို့ရှိနေကာ လီဗာပူး နိုင်ပွဲဆက်နိုင်တယ်။

### ဘုန်းမောက် - ဝက်စ်ဟမ်း ည ၉း၃၀ (၁၁-၃-၁၇)

ဘုန်းမောက်ဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းမှာလည်း ပဲလေ့စ်ကို ခြေစွမ်းပိုင်းအသာနဲ့ ကစားနိုင်ခဲ့ပေမယ့် တိုက်စစ်က အဆုံးသတ်ပိုင်းအားနည်းနေတယ်။ ဝက်စ်ဟမ်းက နောက်ပိုင်းအဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း တိုးတက်လာသလို ကာရိုးလ်၊ အန်တိုနီယိုတို့ဦးဆောင်တဲ့ တိုက်စစ်ကလည်း ထိုးဖောက်ကစားအားကောင်းတယ်။ ဝက်စ်ဟမ်းပဲ နှစ်ဂိုးအသာနဲ့အနိုင်ရသွားနိုင်တယ်။

### အဲဗာတန် - ဝက်စ်ဘရွန်း ည ၉း၃၀ (၁၁-၃-၁၇)

အဲဗာတန်ရဲ့ အသင်းလိုက်ခြေစွမ်းပိုင်း တိုးတက်မှုရှိနေသလို နောက်ဆုံးအိမ်ကွင်းပွဲမှာ ဆန်းဒါးလန်းကို ပွဲချိန်ပြည့်နီးပါး ဖိအားပေးကစားနိုင်ခဲ့တဲ့အထိခြေစွမ်းပိုင်းထက်မြက်ခဲ့တယ်။ ပရီမီယာလိဂ်အိမ်ကွင်းပွဲတွေမှာ တိုက်စစ်မှူး လူကာကူပုံမှန်ဂိုးသွင်းယူနိုင်နေတာမို့ နောက်ဆုံးပရီမီယာလိဂ်အဝေးကွင်း ငါးပွဲမှာ ကိုးဂိုး ပေးခဲ့ရတဲ့ ဝက်စ်ဘရွန်းခံစစ်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင်အဲဗာတန်ရဲ့ မာကျောတဲ့ခံစစ်ကလည်း ဝက်စ်ဘရွန်းတိုက်စစ်ကို အခက်တွေ့စေမှာပါ။ ဝက်စ်ဘရွန်းရဲ့ တိုက်စစ်ပိုင်းမဆိုးပေမယ့် ခံစစ်ကအားနည်းနေလို့ အဲဗာတန်ပဲ အိမ်ကွင်းမှာနိုင်ပွဲရသွားနိုင်ပါတယ်။

### လီဗာပူး - ဘန်လေ ည ၁၀း၃၀ (၁၂-၃-၁၇)

လီဗာပူးက နောက်ပိုင်းပွဲတွေမှာ ရလဒ်ပိုင်းမတည်ငြိမ်မှုတွေရှိပေမယ့် ခြေစွမ်းပိုင်းမာကျောပြီး အိမ်ကွင်းမှာ အာဆင်နယ်၊ ချယ်လ်ဆီး၊ စပါးတို့လို ပြိုင်ဘက်ကောင်းတွေကိုတောင် အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့သလို အနိမ့်ဆုံးသရေရအောင်ကစားနိုင်ခဲ့တယ်။ လီဗာပူးတိုက်စစ်မှာလည်း အခွင့်အရေးတွေကို အသုံးချနိုင်စွမ်းရှိတဲ့ ကစားသမားတွေရှိနေတာမို့ အဝေးကွင်းမှာ အားနည်းမှုရှိတဲ့ ဘန်လေခံစစ်ကို ဖိအားပေးနိုင်မှာပါ။ ဘန်လေ ကတော့ အဝေးကွင်းနိုင်ပွဲရရှိခြင်းမရှိသေးသလို ခြေစွမ်းအလယ်အလတ်အဆင့်သာရှိတဲ့ ပြိုင်ဘက်တွေကိုတောင် ခက်ခက်ခဲခဲ ရင်ဆိုင်နေရပြီး တိုက်စစ်နဲ့ ခံစစ်လည်း အားနည်းတယ်။ အိမ်ကွင်းမှာ လီဗာပူးကသာ နိုင်ပွဲရယူသွားနိုင်ဖို့ သေချာနေပါတယ်။

### ဟားလ် - ဆွမ်ဆီး ည ၉း၃၀ (၁၁-၃-၁၇)

ဟားလ်ရော ဆွမ်ဆီးပါ တန်းတင် ကျန်ရစ်နိုင်ဖို့အတွက် အားစိုက်နေတဲ့ အသင်းတွေဖြစ်တာကြောင့် အမှားအယွင်းမခံဘဲ အကောင်းဆုံးကစားလာမှာဖြစ်တာမို့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲတစ်ပွဲဖြစ်လာမှာပါ။ ဆွမ်ဆီးကလည်း ခြေစွမ်းပိုင်းကွာဟမှု ကျဉ်းမြောင်းတဲ့အသင်းတွေနဲ့ ဆုံတွေ့ရတဲ့ အဝေးကွင်းပွဲမှာ ရှန်းအားကောင်းမွန်တတ်တာမို့ ဟားလ် အခက်တွေ့နိုင်တယ်။ သရေရလဒ်ထွက်ပေါ်လာဖို့များတယ်။ **(ရှိုင်းမင်းမင်း)**

## ပရီမီယာလိဂ်ကစားသမားဘဝ ကုန်ဆုံးသွားပြီလို့ ဆိုလိုက်တဲ့ ဂျိုးဟတ်

ပြီးခဲ့သည့် နွေဈေးကွက်အတွင်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက ဂိုးသမားဘရာဗိုကို ခေါ်ယူလိုက်ပြီးနောက် တိုရီနိုအသင်းသို့ အငှားဖြင့် သွားရောက်ကစားနေသည့် ဂျိုးဟတ်က သူ၏ ပရီမီယာလိဂ်ကစားသမားဘဝ အဆုံးသတ်သွားပြီဖြစ်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ ဂျိုးဟတ်က လက်ရှိအနေအထားအရ ပရီမီယာလိဂ်ကစားသမားအဖြစ် မြင်တွေ့ရဖွယ်မရှိတော့ဘဲ နယ်မြေသစ်တွင်သာ သူ၏ ဂိုးသမားဘဝကို အကောင်းဆုံးဖြစ်ရန် ကြိုးပမ်းတော့မည်ဖြစ်ကြောင်း ဆိုသည်။

ဂျိုးဟတ်က "ပရီမီယာလိဂ်လောကအကြောင်း ကျွန်တော် ကောင်းကောင်းသိပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲ အဖြစ်ချင်ဆုံးဆန္ဒကတော့ အဲဒီမှာ ပြန်ကစားရေးဆိုတာမဟုတ်ဘဲ ဂိုးသမား တစ်ဦးရဲ့ဘဝတိုးတက်ရေးဆိုတာပဲဖြစ်ပါတယ်"ဟု ဆိုခဲ့သည်။

ဂျိုးဟတ်မှာ မန်စီးတီးအသင်း၏ သက်တမ်းရှည် ကစားသမားထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ၂၀၀၆ ခုနှစ် ရှရုစ်ဘယ်ရီအသင်းမှ မန်စီးတီး အသင်းသို့ ပြောင်းရွှေ့လာပြီးနောက် ၃၄၈ ပွဲအထိ ဝင်ရောက်ကစားပေးထားသည့် ကစားသမားတစ်ဦး လည်းဖြစ်သည်။ မန်စီးတီးနည်းပြသစ်ဖြစ်လာသည့် ဂွါဒီယိုလာက သူ၏ နည်းဗျူဟာအရ ဘောလုံးကိုင် ကစားသည့် ဂိုးသမားတစ်ဦးကို အလိုရှိရာ ဘရာဗိုကို ခေါ်ယူလိုက်ပြီး ဂျိုးဟတ်ကို စီးရီးအေကလပ် တိုရီနိုအသင်းသို့ အငှားဖြင့် ထွက်ခွာခွင့်ပြုခဲ့သည်။ ဂျိုးဟတ်မှာ တိုရီနိုအသင်း၏ ပထမဂိုးသမားအဖြစ် ပွဲထွက်ခွင့်ရနေသော်လည်း သူ၏အနာဂတ်ကိစ္စရပ်ကို မန်စီးတီးနှင့်ယခုထိ ဆွေးနွေးမှုမပြုရသေးပေ။ ဂွါဒီယိုလာက နွေဈေးကွက်မတိုင်မီ ဂျိုးဟတ်၏ အနာဂတ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်ပေးမည်မဟုတ်ကြောင်း ဆိုခဲ့သော်လည်း တိုရီနိုအသင်းသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့လိမ့်မည်ဟု ထင်မြင်ကြောင်း ပြောကြားခဲ့သည်။

**(မေလွဲ့သင်း)**

# ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်         ။)**
**၁၃၇၈ ခုနှစ်၊         လ         ရက်**
**(၂၀၁၇ ခုနှစ်၊         လ         ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ သလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညို့နီလာ၊ နဂါးသွဲ့၊ ကြံဆစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူ ကျောက်၊ ပယင်း၊ ဓာတ်ရောင်ပြန်ကျောက် (Fluoride)၊ နက်ဖရိုက်၊ မှော်စစ်စစ်၊ ပလွမ်၊ ထပ် ကျောက်၊ ထပ်ကွာစိမ်း၊ မိုးညှင်းနီလာ၊ ရေဂေါ်မိတ်၊ သန္တာ၊ ပိန်းနိုက်၊ သူရောင်၊ ဆာပင်တင်း၊ ငုပဆစ်၊ ဆိုဒါလိုက် သို့မဟုတ် အမ်ဖီဗိုး အုပ်စုဝင်ကျောက်များကိုဆိုသည်။ ယင်းစကားရပ်တွင် ရတနာတန်းဝင် ရောင်စုံကျောက်များ၊ သလင်းအုပ်စု၌ ပါဝင်သော ရတနာတန်းဝင်ကျောက်များနှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ စာထုတ်ပြန်၍ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ခ) **ကျောက်မျက်ရတနာထုတ်လုပ်ခြင်း**ဆိုသည်မှာ သဘာဝအတိုင်း ရှိနေသော ကျောက်မျက်ရတနာအရိုင်းကို ရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုဆိုသည်။

(ဂ) **ကျောက်မျက်ရတနာအရိုင်း**ဆိုသည်မှာ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီး ပွတ်ချောထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာ အရိုင်းတုံးများနှင့် အပိုင်းအစများကို ဆိုသည်။

(ဃ) **ကျောက်မျက်ရတနာအချောထည်**ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်း ပြုလုပ်ခြင်း စသည်ဖြင့် ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ကျောက်မျက်ရတနာကို ဆိုသည်။

(င) **လက်ဝတ်ရတနာ**ဆိုသည်မှာ ကျောက်မျက်ရတနာအချောထည်ပါရှိသည့် လက်ဝတ်ရတနာကို ဆိုသည်။

(စ) **ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း** ဆိုသည်မှာ ကျောက်မျက်ရတနာကို အသုံးပြု၍ ပြုလုပ်ထားသောပစ္စည်း သို့မဟုတ် ကျောက်မျက်ရတနာပါဝင်သောပစ္စည်းကို ဆိုသည်။

(ဆ) **လက်ဝတ်ရတနာပြုလုပ်ခြင်း**ဆိုသည်မှာ ကျောက်မျက်ရတနာ အချောထည်ကို လက်ဝတ်ရတနာပြုလုပ်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။

(ဇ) **ခွင့်ပြုမိန့်**ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုဆိုသည်။

(ဈ) **လိုင်စင်ဆို**သည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကို ဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကို ဖြစ်စေ ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်နိုင်ရန် သော်လည်းကောင်း၊ ကျောက်မျက်ရတနာ အရိုင်းကို ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ည) **ရတနာခွန်**ဆိုသည်မှာ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော ကျောက်မျက်ရတနာ အရိုင်းများအပေါ် ဤဥပဒေအရ ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဋ) **ဝန်ဆောင်ခ**ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက ရတနာခွန် ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာသို့မဟုတ် ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာ ပြပွဲများတွင် မြန်မာ ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားသုံးငွေဖြင့် တင်ပြရောင်းချခြင်း၊ ဝန်ကြီး ဌာနက စီစဉ်ပေးသောနေရာများတွင် ရောင်းချခြင်းတို့၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ဤဥပဒေနှင့်အညီ ကောက်ခံသည့်ဝန်ဆောင်ခကို ဆိုသည်။

(ဌ) **ကုမ္ပဏီ**ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရမြန်မာကုမ္ပဏီအဖြစ် ဖွဲ့စည်းထားသော ကုမ္ပဏီ သို့မဟုတ် ၁၉၅၀ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားများသာပါဝင်သော ကုမ္ပဏီကို ဆိုသည်။

(ဍ) **အသင်း**ဆိုသည်မှာ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ထားသော အခြေခံ သမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမ အသင်းစုချုပ်၊ သို့မဟုတ် ဗဟိုသမဝါယမအသင်းကို ဆိုသည်။

(ဎ) **အလတ်စားတူးဖော်ထုတ်လုပ်ခြင်း**ဆိုသည်မှာ ကျောက်မျက်ရတနာဖြစ်ထွန်းမှု ပမာဏအသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း ၅ ဧက ထက် မပိုသော လုပ်ကွက် အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရား စသည်တို့ပါဝင်သော ၃ နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဏ) အသေးစားတူးဖော်ထုတ်လုပ်ခြင်း ဆိုသည်မှာ ကျောက်မျက်ရတနာ ဖြစ်ထွန်းမှု ပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့်စက်ယန္တရား စသည်တို့ပါဝင်သော ၂ နှစ်အထိ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(တ) **လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပြီး ဝန်ကြီးဌာနက သတ်မှတ်ထား သည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း သာမန်လက်သုံးကိရိယာများကို ဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ များဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက် မပိုသည့် စက်ကိရိယာကို ဖြစ်စေ အသုံးပြု၍ တစ်နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ထ) **လစ်လပ်လုပ်ကွက်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ရန် ခွင့်ပြုထားသော ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရန် လျှောက်ထားခြင်းမရှိသော လုပ်ကွက်ကို ဆိုသည်။

(ဒ) **မြေအသုံးပြုခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် တဲ၊ တန်းလျားများ ဆောက်လုပ်ရေးအတွက်လည်းကောင်း၊ ယာဉ်၊ စက်ယန္တရား၊ ထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရေးအတွက် လည်းကောင်း၊ မြေစာဆေးကြောရေး၊ ကျောက်ထုခွဲရေးနှင့် မြေစာပစ်ရေးတို့အတွက် လည်းကောင်း လုပ်ငန်းသုံးနေရာ တစ်ခုခုကို အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ဆိုသည်။

(ဓ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ဆိုသည်။

(န) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ) ပါလိုင်စင် အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ လုပ်ငန်းတစ်ရပ်ရပ်အတွက် ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ပ) **အသင်းချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းချုပ်ကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုလိုသည်။

(ဗ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကျောက်မျက် ရတနာကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်။

(ဘ) **တန်ဖိုးဖြတ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက်ရတနာ တန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။

(မ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ ဈေးကွက်ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုး တိုးတက်လာစေရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများကို ခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိသူများအား လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရန်၊

(ဂ) ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများကို အချိန်အခါမရွေး လွတ်လပ်စွာရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျောက်မျက်ရတနာဈေးများ ဖွင့်လှစ်ထားရှိရန်၊

(ဃ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင် ထုတ်လုပ်ခြင်းများ ပပျောက်စေပြီး ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီး နှိမ်နင်းရန်၊

(င) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများစီမံ ဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ကျောက်မျက်ရတနာလုပ်ကွက်များ ပိတ်သိမ်းပြီးနောက် မြေယာပြုပြင်ခြင်းနှင့် ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်။

### အခန်း(၃)
### ရတနာနယ်မြေသတ်မှတ်ခြင်း

၄။ ဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာကို စီးပွားဖြစ် ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရှိသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်သည့် သက်ဆိုင်ရာ နယ်မြေတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်နှင့် အခြားအခွင့်အရေးများနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ရတနာနယ်မြေ အဖြစ် သတ်မှတ်ပါက ထိခိုက်နစ်နာဆုံးရှုံးနိုင်ဖွယ်ရာရှိ မရှိနှင့် စပ်လျဉ်း၍ဖြစ်စေ စုံစမ်းစစ်ဆေးပြီး သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျွမ်းကျင်သူများ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ဆောင်ရွက်စေရမည်။

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှု အောက်တွင် ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။

(င) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ဆောင်ရွက်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍သတ်မှတ်ရမည်။

(စ) ပုဒ်မခွဲ (င) အရ သတ်မှတ်သော ရတနာနယ်မြေအပေါ် ကျူးကျော်၍ ဆောက်လုပ်သည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖယ်ရှားခြင်း မပြုလျှင် အဆိုပါ ပစ္စည်းများကို ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်းပြုနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် မည်သည့်နစ်နာ ဆုံးရှုံးမှုအတွက်ကိုမျှပေးလျော်ရန် တာဝန်မရှိစေရ။

၅။ ရတနာနယ်မြေအဖြစ် သတ်မှတ်သည့် နယ်မြေတွင် မြို့ သို့မဟုတ် ကျေးရွာ လူနေအိမ်များတိုးချဲ့ခြင်း၊ သာသနာ့နယ်မြေသတ်မှတ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင်ခြင်း၊ သစ်တောစိုက်ခင်း တိုးချဲ့လုပ်ကိုင်ခြင်း၊ ရေတွင်းသို့မဟုတ် ရေကန်တူးဖော်ခြင်း၊ ဆည်မြောင်းတည်ဆောက်ခြင်းနှင့် အခြားစီမံကိန်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# စေ့စပ်လိုက်ပြီဖြစ်တဲ့ ဒန်နီရယ်လ်ရက်ဒ်ကလစ်ဖ်

"Harry Potter" ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ပင်တိုင်ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားတဲ့ ဗြိတိန်မင်းသားတစ်ဦးဖြစ်တဲ့ ဒန်နီရယ်လ်ရက်ဒ်ကလစ်ဖ်ဟာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်လာခဲ့ပေမယ့် လတ်တလောမှာတော့ အောင်မြင်တဲ့ မင်းသားတစ်ဦး ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာတော့ သူဟာ နှစ်အတော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူ အယ်ရင်းဒရိတ်ခ်နဲ့ စေ့စပ်လိုက်ပြီဖြစ်တယ်လို့လည်း သတင်းတွေ ပေါ်ထွက်လာခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒန်နီရယ်လ်ရက်ဒ်ကလစ်ဖ်ဟာ အယ်ရင်းဒရိတ်ခ်အတွက် လက်စွပ်ဝယ်နေတာကို တွေ့ခဲ့ရပြီးတဲ့နောက်မှာတော့ ယခုလို သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးဟာ ချစ်သူသက်တမ်း လေးနှစ်ကျော်ကြာလက်တွဲလာခဲ့ပြီးဖြစ်ကာ မကြာမီမှာ ဒန်နီရယ်လ်ရက်ဒ်ကလစ်ဖ်က သူ့ရဲ့ချစ်သူကို လက်ထပ်ခွင့်တောင်းဆိုဖို့ စီစဉ်ထားကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

အသက် (၂၇) နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဒန်နီရယ်လ်ရက်ဒ်ကလစ်ဖ်နဲ့ (၂၈)နှစ်အရွယ် သရုပ်ဆောင်မင်းသမီး အယ်ရင်းဒရိတ်ခ်တို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လက်တွဲခဲ့စဉ်ကာလအတွင်း မက်ဟန်တန်မြို့မှာ တိတ်တဆိတ် အတူနေထိုင်ခဲ့ကြကာ ကျော်ကြားတဲ့သူတွေစရိုက်မျိုးထက် သာမန်ဘဝမျိုးနဲ့သာ နေထိုင်ခဲ့ကြတာ ဖြစ်တယ်လို့လည်း သိရပါတယ်။



"Kill Your Darlings" ရုပ်ရှင်ရိုက်ကူးရေးအတွင်း ပထမဆုံးတွေ့ဆုံခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းလောက်မှာ သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ချိန်မှာတော့ အယ်ရင်းရဲ့ ဖခင်ဖြစ်သူက အဆိုပါသတင်းဟာ မမှန်ကန်ကြောင်း တရားဝင် ငြင်းဆိုခဲ့ကြောင်းလည်း သိရပါတယ်။

# ဒက်ကိုတာဂျွန်စန်ရဲ့ ရုပ်ရှင်သစ် "Unfit"




ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဒက်ကိုတာဂျွန်စန်ဟာ လတ်တလောမှာ ရုပ်ရှင်သစ်တစ်ကားဖြစ်တဲ့ "Unfit" မှာ ပါဝင်သရုပ်ဆောင်ပေးဖို့ သဘောတူလိုက်ပြီဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Fifty Shapes Darker" ရုပ်ရှင်မှာ အဓိက ဇာတ်ဆောင်တစ်ဦးအဖြစ်လည်း ပါဝင်ထားတဲ့ ဒက်ကိုတာဂျွန်စန်ဟာ အဆိုပါရုပ်ရှင် "Unfit" မှာတော့ ထုတ်လုပ်သူတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ "Unfit" ဟာ ၁၉၉၀ ပြည့်နှစ်တွေအတွင်း ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုအပေါ် အခြေခံကာ ရိုက်ကူးထားတဲ့ရုပ်ရှင်ဖြစ်ပြီး တရားရုံးဆိုင်ရာကိစ္စရပ်များကို အဓိကရိုက်ကူးထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါရုပ်ရှင်သစ်မှာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဗာဂျီးနီးယားပြည်နယ်သူ ကယ်ရီဘက်ခ်အဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ခြင်းအပေါ် ဒက်ကိုတာဂျွန်စန်က သူ့အနေနဲ့ အလွန်ပင်ဂုဏ်ယူမိကြောင်းနဲ့ ဖွင့်ဟဖို့ရာ စိတ်အားထက်သန်နေခဲ့ကြောင်းလည်း အဆိုပါမီဒီယာကို ပြောကြားလာခဲ့ပါတယ်။

**အေးပြည့်–ခုစည်းသည်**

# စံချိန်သစ်တင်လိုက်တဲ့ အက်ဒ်ရှီးရန်ရဲ့ တေးအယ်လ်ဘမ်သစ် "Divide"



ဗြိတိန်ဂီတပညာရှင်တစ်ဦးဖြစ်တဲ့ တေးရေး၊ တေးဆို အက်ဒ်ရှီးရန်ရဲ့ တေးအယ်လ်ဘမ်သစ် "÷(Divide)" ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် သီတင်းပတ်တစ်ပတ်အတွင်း ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်လာခဲ့ကာ ယခင်က ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် စံချိန်တင်ထားခဲ့တဲ့ တေးအယ်လ်ဘမ်ရဲ့ ရောင်းအားထက်လည်း သာလွန်ခဲ့တာကြောင့် စံချိန်တစ်တစ်ရပ်ကို တင်နိုင်ခဲ့ပြီဖြစ်ကြောင်း စီအန်အန်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၃ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ ဒက်ဒ်ရှီးရန်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ အင်္ဂါနေ့အထိ ရောင်းချခဲ့ရသမျှသော တေးအယ်လ်ဘမ်တွေကို ရေတွက်ခဲ့ရာမှာတော့ တေးအယ်လ်ဘမ်ပေါင်း ၂၇၃ သန်း ရောင်းချခဲ့ရပြီးဖြစ်တာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။

ယခင်က သီတင်းပတ်တစ်ပတ်အတွင်း ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ထုတ်လွှင့်ခဲ့တဲ့ အာရန်ဘီအဆိုတော်သယ်ဝိခ်ကန်းဒ်ရဲ့ တေးအယ်လ်ဘမ် "Starboy" က စံချိန်တင်ထားခဲ့တာဖြစ်ပါတယ်။ သယ်ဝိခ်ကန်းဒ်ရဲ့ အဆိုပါတေးအယ်လ်ဘမ်ကတော့ တေးအယ်လ်ဘမ်စုစုပေါင်း ၂၂၃ သန်း ရောင်းချနိုင်ခဲ့တာဖြစ်တဲ့အတွက် ယခုသီတင်းပတ်အတွင်း စံချိန်တင်ခဲ့တဲ့ အက်ဒ်ရှီးရန်ရဲ့တေးအယ်လ်ဘမ်က ယခင်ရှိနှင့်ပြီးသားစံချိန်ကို ကျော်လွန်ခဲ့ကာ စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ စပေါ့တစ်ဖီရဲ့ ပြောကြားချက်အရ အဆိုပါတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Shape of You"ဟာ ရောင်းအားအကောင်းဆုံးသော နိုင်ငံတကာတေးသီချင်းဇယားမှာ ထိပ်ဆုံးမှ ရပ်တည်နေပြီး ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်နေတဲ့ တေးသီချင်း ၁၆ ပုဒ်လုံးဟာလည်း အဆိုပါဇယားရဲ့ အကောင်းဆုံးသောတေးသီချင်း ၅၀ အတွင်း ပါဝင်နေကြောင်းလည်း သိရပါတယ်။ ဒီလို ထုတ်ဖော်ပြောကြားလာခဲ့ခြင်း မပြုမီ နှစ်ရက်ခန့်အလိုကလည်း အခြားသော တေးဂီတ ဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ ယူကျူကလည်း အက်ဒ်ရှီးရန်ရဲ့ လတ်တလောထုတ်လွှင့်ထားတဲ့ တေးအယ်လ်ဘမ်ဟာ အဆိုပါမီဒီယာပေါ်ကနေတစ်ဆင့် ကြည့်ရှုသူ တစ်ဘီဘီယံကျော်ရှိသွားပြီဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သေးတယ်လို့ သိရပါတယ်။ ဒ့ါအပြင် "Shape of You" တေးသီချင်းဟာ အက်ဒ်ရှီးရန်အတွက် အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းကို ဦးဆောင်နိုင်တဲ့ ပထမဆုံးသော တေးသီချင်းဖြစ်လာခဲ့ကြောင်းလည်း သိရပါတယ်။

အက်ဒ်ရှီးရန်ဟာ နှစ်သစ်ကိုကြိုဆိုတဲ့အနေနဲ့ သူ့ရဲ့ တေးသီချင်းတွေကို ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ယခုနှစ်နှစ်စမှာ ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက်မှာ သူ့ရဲ့တစ်ကိုယ်တော် တေးသီချင်းနှစ်ပုဒ်ဖြစ်တဲ့ "Castle on the Hill" နဲ့ "Shape of You" ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် တေးအယ်လ်ဘမ်တစ်ခုကို ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ပြောကြားလာခဲ့ပြီး ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းအမည်တွေကိုတော့ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ မတ် ၃ ရက်မှာ တေးအယ်လ်ဘမ်တစ်ခုလုံးကို စတင်ထုတ်လွှင့်ရောင်းချခဲ့တာဖြစ်ပါတယ်။

အက်ဒ်ရှီးရန်ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်သုံးခုစလုံးဟာ သင်္ချာသင်္ကေတတွေကို အစွဲပြုကာ နာမည်ပေးထားတာကို တွေ့ရပါတယ်။ အဆိုပါတေးအယ်လ်ဘမ်သုံးခုအနက် ပထမဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ကတော့ "+" ဖြစ်ပြီး အဲဒီနောက် ထုတ်လွှင့်ခဲ့တဲ့တေးအယ်လ်ဘမ်ကိုတော့ အက်ဒ်ရှီးရန်က "×"လို့ အမည်ပေးထားခဲ့ကာ နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်ကတော့ "÷"ပဲ ဖြစ်ပါတယ်။

အက်ဒ်ရှီးရန်က သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က မြောက်အမေရိကဖျော်ဖြေရေး အစီအစဉ်တွေ စတင်မယ့်ရက်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

# လီဆီယောင်းနဲ့ ကမ်ယန်ကွမ်းတို့ရဲ့ ရုပ်ရှင်သစ် "Bleak Night-Drama"

တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်သစ် "Bleak Night-Drama"ကို အမ်ဘီစီရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး အဆိုပါရုပ်ရှင်မှာတော့ တောင်ကိုရီးယား နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး လီဆီယောင်းနဲ့ မင်းသား ကမ်ယန်ကွမ်းတို့က ခေါင်းဆောင်ပါဝင်သရုပ်ဆောင်ထားကြကြောင်း ဟန်စင်းနီမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ဟာ ရာဇဝတ်မှုကြောင့် သူတို့ရဲ့အချစ်ဆုံးသောသူတွေကို ဆုံးရှုံးခဲ့ရတဲ့ လူတစ်စုရဲ့ နာကျင်မှုတွေကနေ လွတ်မြောက်အောင် ကြိုးပမ်းကြပုံတွေကို ပုံဖော်ရိုက်ကူးသွားမယ့် ရုပ်ရှင်ဖြစ်တယ်လို့လည်း သိရပါတယ်။

"Bleak Night-Drama"မှာ လီဆီယောင်းက စုံထောက်တစ်ဦးအဖြစ် ရပ်တည်နေတဲ့ သေနတ်ပစ်ကစားသမားတစ်ဦးဖြစ်တဲ့ ဂျိုဆိုးဂျီအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ဂျိုဆိုးဂျီဟာ သူ့ရဲ့သမီးဖြစ်သူကို အမှုတစ်ခုအတွင်း ဆုံးရှုံးခဲ့ရပြီးနောက် အဆိုပါအဖွဲ့နဲ့ပူးပေါင်းမိပြီး ဥပဒေရဲ့လက်အောက်မှ လွတ်မြောက်နေတဲ့ ရာဇဝတ်သားကို ရှာဖွေဖော်ထုတ်ဖို့ ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။

ကမ်ယန်ကွမ်းကတော့ အစိုးရရှေ့နေတစ်ဦးအဖြစ်ပါဝင်ထားပြီး ၎င်းရှေ့နေဟာ အဖြစ်အပျက်အချို့ကို တွေ့ကြုံခဲ့ရပြီးနောက် လက်တုံ့ပြန်ဖို့ကြိုးပမ်းနေတဲ့ ကြောက်စရာလူတစ်ဦးအဖြစ် သူ့ကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်သစ်ကို လာမယ့် မေလအတွင်း စတင်ထုတ်လွှင့်သွားနိုင်ရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

- တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သော အခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီးနောက် တစ်လအတွင်း တင်ပြရမည်ဖြစ်ပါသည်။
- တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁(ခ)အရ သတ်မှတ်ထားသော အချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ်ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာ လိုပါတော့သဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန်နှင့် သုံးလတစ်ကြိမ်ကြေညာလွှာကို အချိန်မီ တင်သွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**သန္တိသုခ ၏ အာဆင်မြင့်ခရီးစဉ်များ**

- မြတ်ဗေမာ်တောင်စွန်း(၁-ည) + ဇေါ်ရင်ဂျီကျွန်း MARCH 25
Ks 85000 (တိုးတယ်) / Ks 65000 (စည့်ရိပ်သာ)
- မြတ်ဗေမာ်တောင်စွန်း(၁-ည) + ဇေါ်ရင်ဂျီကျွန်း(၁-ည) APRIL 13
သဘြန်အထူးစရိတ်စဉ် Ks 35000 (တိုးတယ်)၊ Ks. 115000 (စည့်ရိပ်သာ)

09 420 90 70 90, 09 420 14940, 09 4210 68050

**ရွှေလမ်းညွှန်**

50000Ks Mar 18
70000Ks
37000Ks Mar 24
09-420087371, 09-262705136, 09-259302029

**ယာဉ်အိုဝယ်လိုသည်**

- ကားအပ်ပြီးစလစ်
- ယာဉ်အို
- ကျပြီးသား လိုင်းရှိ(Bus, ဒိုင်နာ) CNGပါ

Ph:09-448007377

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသားသင်**
**ဒွေး(၃)လနှင့် ပုံမှန်တန်းခွဲများ**
ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄တန်းမှ ၆တန်းထိ နှင့် ၇၊၈၊၉၊၁၀ တန်းများ
✦ မွှင့်နေပြီ ✦ Guide များအိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ဘားအံစက်မှုဇုန်တွင် မြေကွက်ဝယ်ယူထားသော လုပ်ငန်းရှင်များနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးမှုအား အောက်ဖော်ပြပါ အချိန်ဇယားအတိုင်း ဆောင်ရွက်မည်ဖြစ်ပါ၍ ကိုယ်တိုင်လာရောက်ပေးပါရန်နှင့် ကိုယ်တိုင်မလာရောက်နိုင်ပါက အဆုံးအဖြတ်ပေးနိုင်သည့် ကိုယ်စားလှယ်တစ်ဦး စေလွှတ်၍ မပျက်မကွက် တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ/မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ပေးနိုင်ပါရန်နှင့် တက်ရောက်ခြင်းမရှိပါက ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၏ အဆုံးအဖြတ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | နေ့ရက် | အချိန် | နေရာ | တွေ့ဆုံမည့်လုပ်ငန်းရှင် |
|---|---|---|---|---|
| ၁။ | ၂၀-၃-၂၀၁၇ | ၁၃း၀၀ | ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အောက်ထပ်အစည်း အဝေးခန်းမ | ဇုန်(၁)(၂)(၃) လုပ်ငန်းရှင်များအားလုံး |
| ၂။ | ၂၁-၃-၂၀၁၇ | ၁၃း၀၀ | ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အောက်ထပ်အစည်း အဝေးခန်းမ | ဇုန်(၄)လုပ်ငန်းရှင်များအားလုံး |

**ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်**
**၀၉-၄၉၈၁၆၆၈၉၊ ၀၅၈ ၂၁၁၄၀၊ ၀၅၈ ၂၄၄၃၉**
**ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ**

SHWE YAMONE

ရွှေယမုံ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ **ပုသိမ်သား** ရေချို/ရေငန် ငါးပုဇွန်၊ ပင်လယ်စာ နှင့်

PA THEIN THAR SEAFOOD DISTRIBUTION

Export



**မီးဖိုချောင်သုံးပစ္စည်းဖြန့်ဖြူးရေး**

Processing



ဂျပန်နိုင်ငံတွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းရောင်းအားအကောင်းဆုံး ရွှေယမုံကုမ္ပဏီမှ
"ပြည်တွင်းအတွက် အထူးအစီအစဉ်"




သင့်ရဲ့စားသောက်ဆိုင်၊ ဟိုတယ်၊ အလှူပွဲတွေအတွက်သာမက အိမ်ရှင်မတွေအတွက်ပါ လိုအပ်နေတဲ့ ငါး၊ ပုဇွန်၊ ပင်လယ်စာတွေနဲ့ မီးဖိုချောင်သုံး၊ ငရုတ်၊ အာလူး၊ ကြက်သွန်၊ ငရုတ်ဆီ၊ ငံပြာရည် ကအစ ဟင်းခတ် ပစ္စည်းအားလုံးကို စိတ်ရှုပ်စရာမလိုဘဲ သက်သာသော ဈေးနှုန်း၊ မှန်ကန်သောပစ္စည်း၊ ကောင်းမွန်သောအရည်အသွေး (Quality) အပြည့်ရရှိနိုင်တဲ့ ပုသိမ်သားပင်လယ်စာနှင့် စားသောက်ကုန် ဖြန့်ဖြူးရေးကို ဖုန်းလေးတစ်ချက်ဆက်လိုက်ပါ။

ပုသိမ်သား ရေချို၊ ရေငန်ငါးပုဇွန်ပင်လယ်စာဖြန့်ဖြူးရေးမှ လူကြီးမင်း၏ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် သီးသန့်အော်ဒါလိုအပ်သူများအား၊ မီးဖိုချောင်သုံးကုန်ခြောက်များဖြစ်သောအရွယ်အစား၊ ဆိုဒ်စုံ- ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်ရှည်၊ ငရုတ်မှု၊ ပဲခြမ်း၊ မန်ကျည်းသီး၊ ငံပြာရည်၊ ရှာလကာရည်၊ အချဉ်ရည်နှင့် ပဲငံပြာရည်များကိုလည်း နေ့စဉ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျှက်ရှိပါသည်။

အမြန်ဆုံး အိမ်ရှေ့အရောက်ပို့ဆောင်ပေးနေပါသည်။ ကားကြပ်တဲ့ဒုက္ခ၊ အလေးချိန်ခွင်မမှန်တဲ့ဒုက္ခ၊ ဈေးကြီးတဲ့ဒုက္ခတွေကင်းဝေးစေဖို့၊ အားကိုးရတဲ့ "ပုသိမ်သား" လာပြီ။ လတ်ဆတ်မှု၊ အလေးချိန်အတွက် ဈေးနှုန်းအာမခံပါသည်။

PATHEIN THAR MARINE PRODUCT GROUP (GOLDEN P.T BPAND), SINCE 1996
HOT LINE : 01-685450, 09-73162427, 09-32832147 Tel : 01-685780, 685781, 685320, 685331
Fax : 01-685472, Website : www.patheinthar seafood.com

DADDY (ဒယ်ဒီ)
သင်္ကြန်ခရီးစဉ်များ Ph: 09 448991903, 09 250827383
ရွှေတိဂုံ-ပုပ္ပါး-ပုဂံ-ရွှေစည်းခုံ ညအိပ်ရက် 205000 April-13
ရွှေလေး-ပြင်ဦးလွင်-ဝေကိုင်း-မုံရွာ-အလောင်တော်ကဿပ ညအိပ်ရက် 205000 April-12,17
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ရွှေညောင် ညအိပ်ရက် 205000 April-12
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော ညအိပ်ရက် 180000 April-12,17
ငပလီ ညအိပ်ရက် 165000 April-17
ပုပ္ပါး-ပုဂံ-ရွှေစည်းခုံ-ပခုက္ကူ ညအိပ်ရက် 180000 April-12,17
ထားဝယ်-ရှင်ကိုရှင်-မောင်းမကန် ညအိပ်ရက် 210000 April-12,17
မြိတ်-မဲဆောက်-ဗားဒဲ ညအိပ်ရက် 180000 April-12,17
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ပုဂံ-ရွှေစည်းခုံ ညအိပ်ရက် 235000 April-12,17
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ရွှေလေး-ပြင်ဦးလွင် ညအိပ်ရက် 265000 April-12,17
ချင်းပြည်နယ်-ကန်ပက်လက်- မင်းတပ်-နတ်မတောင် ညအိပ်ရက် 230000 April-13
နားဆိုင်ပြီး

## ယဉ်ကျေးလိမ္မာသင်တန်း

မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ၉-မိုင်၊ ပိဋကလမ်း၊ သဒ္ဓမ္မကာရီ ရတနာပုံစာသင်တိုက်အတွင်းပြုလုပ်မည့် ဒုတိယအကြိမ်မြောက် နွေရာသီယဉ်ကျေး လိမ္မာသင်တန်းဖွင့်လှစ်ရန်အတွက် နိုးဆော်လွှာ။

ဒုတိယအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို ၂၀၁၆ ခုနှစ် မတ်လ ၁၆ ရက်နေ့မှ ၂၀၁၇ ခုနှစ် မတ်လ ၂၂ ရက်နေ့ထိ (နံနက် ၈း၀၀ နာရီမှ ၁၀း၀၀ နာရီ) တွင် နေ့စဉ် ပထမတန်းမှ အဋ္ဌမတန်းအထိ စာမေးပွဲဖြေဆိုထားသော ကျောင်းသား၊ ကျောင်းသူများ တတ်ရောက်သင်ကြားနိုင်ပါသည်။ လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်စုံစမ်းရန် - ဦးသက်ခိုင် (၀၉ ၇၃၀၇၇၃၇၃)
ကိုသာ (၀၉ ၇၃၀၇၅၆၉၆)
ဒေါ်နွဲ့နွဲ့ရီ (၀၉ ၂၅၄၈၇၅၂၂၆)
ဒေါ်ကေသီမြင့် (၀၉ ၄၅၀၀၀၃၇၂၇)
ဒေါ်သန္တာဝင်း (၀၉ ၇၃၁၁၁၁၅၄)

## ဓမ္မာစရိယစာသင်သားသီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ မြကန်သာ ကျောင်းလမ်း၊ လင်းမနောဟရ သီလရှင်စာသင်တိုက်တွင် (၁၃၇၉ခုနှစ်၊ ကဆုန် လဆန်း ၉ ရက်) ၄-၅-၂၀၁၇ရက်မှ စ၍ စာပေကျွမ်းကျင်ဆရာတော်များက ဓမ္မာစရိယကျမ်းရင်းသုံးကျမ်းကို ပို့ချပါမည်။

သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေး သိက္ခာရှင်) များကို (၁၃၇၉ခုနှစ်၊ ကဆုန်လဆန်း ၁ရက်) ၂၆-၄-၂၀၁၇ရက်မှစ၍ လက်ခံပါမည်။

စာပေသင်ကြားစဉ် ဆွမ်းဆန်မရပ်ရဘဲ စားစရာ၊ နေစရာပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာ လျှောက်ထားနိုင်ပါပြီ။

ဆရာကြီး ဒေါ်အညေသီ ဖုန်း-၀၉၅၁၉၃၈၈၆
ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း-၀၉၄၂၁၁၁၈၆၉၈

PAN THU KHA
ပြည်ပခရီးစဉ်များ
ထိုင်းနိုင်ငံ ပတ္တယား ကမ်းခြေ ...... (11 - 15 April / 520 USD)
Sea Life Ocean World, Safari World, Hua Hin Beach, Vana Nava Water Jungle, Venizia, Swiss Sheep Farm
ထိုင်းနိုင်ငံ ပတ္တယား အယုဒ္ဓယ ...... (11 - 15 April & 18 - 22 April / 550 USD)
Wat Sri Sanphet, Wat Phananchoeng, Wat Yai Chaimongkhol, Safari World, Dream World, Nong Nooch, Coral Island, Frost Ice Slam, Art In Paradise
Hot Line 09 509 5584, 09 250200212, 09 773030960
ဗီယက်နမ် ...... (25 - 28 March / 490 USD) (14 - 17 April / 590 USD)
Halong Bay 5 Star, One Pillar Pagoda, Temple of Literature, Hoan Kiem Lake, The Huc Bridge, Ngoc Son Temple, Old Quarter City Center
...... (Flight 14 - 17 April / 420,000 ks) (Car 12 - 17 April / 270,000 ks)
...... (Flight 14 - 17 April / 500,000 ks) (Car 12 - 17 April / 300,000 ks)
Visit our Facebook Page "Pan Thu Kha Myanmar"

ZSS ဇမ္ဗူရွှေစင် Travels & Tours
ဥရောပ (၇)နိုင်ငံခရီးစဉ်
11.APR.2017
မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ် 7. APR. 2017 9. APR. 2017
ဩစတြေးလျခရီးစဉ် 10. APR. 2017
Ph: 01-221443, 09-502 4269, 09-250 508 568, 09-250 190 903, 09-4320 7293
E-mail: zambushwesin@gmail.com
Facebook Page: Zambu Shwesin Travels & Tours

0973068863, 095012536, 09420250778

## ဝန်ထမ်းအလိုရှိသည်

တွံတေးမြို့နယ်၊ ကျိုက်သလဲကျေးရွာ (အလယ်ပိုင်း)ရှိ ကျေးရွာလူမှုအခြေပြုခရီးသွားလုပ်ငန်း(CBT) ကျေးရွာတွင် ၁၄-၃-၂၀၁၇ရက် နောက်ဆုံးထား၍ အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသော ဝန်ထမ်း(၂)ဦး လျှောက်လွှာ လိုင်စင်ဓာတ်ပုံကပ်လျက် လျှောက်ထားနိုင်ပါသည်။

(၁) CBT Manager (၁)ဦး

(၂) စိုက်ပျိုးရေးသင်တန်းကျောင်းဆင်း(၁)ဦး

ဆက်သွယ်ရန်လိပ်စာ- Tour Mandalay Co.,Ltd.

၀၂/၀၃၊ ဒုတိယထပ်၊ ပုလဲကွန်ဒို (အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ်-၅၄၀၂၇၁၊ ၅၄၅၈၅၀၊ ၅၄၅၅၁၆၊

တရားစွဲအဖွဲ့အစည်း ဥပဒေအရာရှိ၊ တရားသူကြီး၊ အမှုလိုက်ရှေ့နေ၊ ဥပဒေအကြံပေး၊ အာဏာပိုင်အဖွဲ့အစည်း၊ ဌာနဆိုင်ရာများမှ ဥပဒေရေးရာ တာဝန်ယူဆောင်ရွက်နေသူများ၊ ဥပဒေသုတေသီများအတွက် . . .

မြန်မာနိုင်ငံ၏ ပြဋ္ဌာန်းပြီး ဥပဒေများစာရင်းနှင့် ဥပဒေတစ်ရပ်သည် တည်ဆဲ ဟုတ်/မဟုတ်၊ ရုတ်သိမ်း ပြီး/မပြီး၊ အစားထိုးပြင်ဆင်ခြင်း ရှိ/မရှိ၊ အာဏာတည်ခြင်းမှ ရပ်စဲထားခြင်း ရှိ/မရှိနှင့် ဖော်ပြပါ အဖွဲ့နှင့် ဝန်ကြီးဌာနများအလိုက် စီမံခန့်ခွဲခွင့်ရှိသော ဥပဒေများစာရင်း၊ အစရှိသည်တို့ကို အလွယ်တကူ ရှာဖွေနိုင်သော . . .

ဦးကျော်စိန် ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) (Notary Public & Advocate) ပြုစုသည်

မြန်မာနိုင်ငံဥပဒေများအညွှန်း
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ အထိ )
ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး - ထက် စာပေ TEL : 01 392851, 01 392735, 09 45215 0018, 09 45215 0028

စက်မှုဇုန်မြေကွက်ရောင်းမည်
ဝါးတရာစက်မှုဇုန် ကမ်းနားလမ်းမပေါ်၊ (၆ . ၂)ဧက ၊မြစ်ကမ်းနံဘေး (၁)ဧက ပေါင်း(၇)ဧကရောင်းမည်။
ဆက်သွယ်ရန် – 0943999888

ဆေးသုတ်မယ်ဆိုရင်
Ph:09 73063683, 09 795809414

ကားရောင်းမည်
- MITSUBISHI (RVR)
- 2010
- 6G/--- ၂၈၅ သိန်း
ဖုန်း-၀၉- ၅၀၁၀၉၄၂

မုဒိတာ
အိမ်၊ခြံ၊မြေ အကျိုးဆောင်
ဒဂုံမြို့သစ်၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
09 73019671
09 445764441

တက်နေဝန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

Since 1996
ပုလဲ (သုတေသနအသင်း)
တက္ကသိုလ်ဝင်အောင်ချက် ပုဂ္ဂလိကကျောင်းအားလုံးတွင်
၂၀၁၅ ရန်ကုန်မြောက်ပိုင်းခရိုင်လုံး ဒုတိယ
၂၀၁၅/၂၀၁၆ ရန်ကုန်၊ မင်္ဂလာဒုံ ပထမ
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၇ ကြိုတင်ခေါ်ယူပြီ
သင်တန်းသားသင်တန်းကြေး
အမှတ် (၇၇) ... မင်္ဂလာဒုံ ။ ဖုန်း - ...

တွေ့ကရာ ဆုံးမနည်းခံ
ခေတ်မီပြည်ပတိုက်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884

မိုးသရင်
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5106146
09-73157746













ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ မင်္ဂလာဂမုန်းပွင့် ( လှည်းတန်း - စံရိပ်ငြိမ် )၊ JCGV ( Junction Square ) JCGV (Junction Mawtin) မင်္ဂလာဝဇီရာ(လှိုင်သာယာ)၊ နဝဒေး (မရမ်းကုန်း)၊ မဟာမြိုင်(အင်းစိန်)၊ ရွှေဖဟိုရ် (တာမွေ)၊ မြရတနာ (သာကေတ)၊ ကန်သာယာ (မြောက်ဥက္ကလာ)၊ မြဟံသာ (သန်လျင်)၊
မန္တလေး - မင်္ဂလာဒိုင်းမွန်း၊ မြို့မ၊ မင်္ဂလာမန်းနေပြည်တော်၊ JCGV၊ မြို့ဂုဏ်ရောင်၊ နေပြည်တော် - JCGV၊ အောင်သပြေ၊ ဖေယျာသီရိ၊ ပြည် - မင်္ဂလာထွန်းသီရိ၊ ပဲခူး - မင်္ဂလာ (Icon Shopping Mall)၊
မကွေး - မင်္ဂလာစံပြ၊ တောင်ငူ - New 3D ၊ မော်လမြိုင် - JCGV၊ တောင်ကြီး - မြသုခ၊ လားရှိုး - သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပြင်ဦးလွင် - Movie Planet ၊ ချယ်ရီလွင်၊ ပခုက္ကူ - သီဟ၊ ဖန်းမော် - စတား၊
ပုသိမ် - ရွှေပြည်တော်၊ ရေနံချောင်း - ရတနာ၊ မြဝတီ - သွန်းရွှေစင်၊ ဘားအံ - တက်နေဝင်း၊ ဦးဆောက်ပန်း၊ မြိတ် - မြိတ်မင်္ဂလာ၊ HELLO ၊ **အဆင့်မြင့်ရုပ်ရှင်ရုံများတွင်တပြိုင်နက်ပြပြီ**


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


အင်းယားကန်ဘေးမှာ အမြင့်ဆုံး ထိုးထွက်လာမည့် ရတနာ
DIAMOND
INYA PALACE
- မြန်မာနိုင်ငံ၏ ပထမဦးဆုံး 5-Star Hotel grade setting Condominium.
- Ground Floor,6th floor, 22nd floor တို့တွင် Facility Area များပါဝင်ပြီး
အကျယ်ဆုံးနှင့် အရှည်ဆုံး ရေကူးကန် (၂)ကန်ပါဝင်သော ရန်ကုန်မြို့ ၏ Facility အများဆုံး Condominium
- အခန်းဝယ်ယူသူတိုင်း မိမိအိမ်ခန်းအပြင် မြေပိုင်ဆိုင်မှုပါရရှိပါမည်။
အထူးစျေးနှုန်း
15% Discount
အရောင်းပြန်ဖွင့်ပြီ
Sale
Enquire
Another Prestigious Project
MGW
MANDALAY GOLDEN WING
Construction Limited
Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com







**အင်္ဂလိပ်စာ/စကားပြောသင်တန်းများ**

ဆရာဦးမိုးမြင့်မောင် (Top English) (a) Saya William ဆရာအောင်အောင်တို့ ကိုယ်တိုင်သင်ကြားပေးနေပါသည်။ - General English 4-Skills
- Grammar+Writing - Phonetics (၁၀၀၀၀/ကျပ်)
- အင်္ဂလိပ်စကားပြောသင်တန်းများ (၂၀၀၀၀/ကျပ်)

**EVER TOP** ထားထားစကားသင်တန်းကျောင်း
Ph: 09254903604, 09799656514, 0973040610

**ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း**

Jelly Candy ... Sauce ...

MASTER ... သင်တန်း
01-389340
01-248014, 01-379071, 09-73181875







City Mart
City Mart Supermarket
SUPER KIDS contest
City Mart ရဲ့(၁၃)ကြိမ်မြောက် "Super Kids Contest"ကို
ပါဝင်ယှဉ်ပြိုင်ခြေး နွေရာသီကျောင်းပိတ်ရက်လေးတွေမှာ ကလေးငယ်များ
ဉာဏ်ရည်ပွံ့ဖြိုးတိုးတက်စေပြီး ပျော်ရွှင်ဖွယ်ရာ အကျိုးရှိစေမဲ့ နွေရာသီ
ကျောင်းပိတ်ရက်ကလေးတစ်ရက် ဖြစ်လာစေနိုင်ပါတယ်....
"Commitment to Youth Excellence"
ပြိုင်ပွဲသတ်မှတ်ချက်များ
၁။ အသက် (၈)နှစ် မှ (၁၀)နှစ် အတွင်းရှိ ကလေးငယ်တိုင်း ကျား/မ မရွေး ပါဝင် ယှဉ်ပြိုင်နိုင်ပါသည်။
၂။ ၂၀၁၇ ခုနှစ် မတ်လ (၁)ရက်မှ (၂၁)ရက်အတွင်း ရန်ကုန် City Mart နှင့် marketplace ဆိုင်ခွဲများတွင်လည်းကောင်း၊ မတ်လ (၁)ရက်မှ (၁၄)ရက်အတွင်း City Mart (နန်းရွှေ) မန္တလေးဆိုင်ခွဲတွင် လည်းကောင်း စာရင်းပေးသွင်းနိုင်ပါသည်။
၃။ ပြိုင်ပွဲများကို မတ်လ (၁၉) ရက်တွင် City Mart ၁၉လမ်း (နန်းရွှေ) မန္တလေးဆိုင်ခွဲတွင်လည်းကောင်း၊ မတ်လ (၂၅) ရက်တွင် City Mart မြေနီကုန်းဆိုင်ခွဲ Promotion Area တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်ရမည့်အချိန်ကို စာရင်းပေးသွင်းချိန်တွင် တစ်ပါတည်းသတ်မှတ်ပေးမည်ဖြစ်ပါသည်။
၄။ ပါဝင်ယှဉ်ပြိုင်သည့် ကလေးများအနေနှင့် ဆေးရောင်ခြယ်ခြင်း၊ ဉာဏ်စမ်းကစားနည်းများ စသည်တို့နှင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။ ပြိုင်ပွဲတွင်လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပြိုင်ပွဲဝင်ရမည့် ကစားနည်းများကို ယှဉ်ပြိုင်မည့်နေ့၊ ယှဉ်ပြိုင်မည့်အချိန်တွင် ပေးဝေမည်ဖြစ်ပါသည်။
၅။ ဆုရရှိသူများအမည်၊ ရမှတ်များနှင့် အဖြေမှန်များကို ၂၀၁၇ ခုနှစ် မတ်လ( ၃၀) ရက်တွင် City Mart ၁၉လမ်း နန်းရွှေ မန္တလေးဆိုင်ခွဲတွင်လည်းကောင်း၊ ဧပြီလ (၄)ရက်တွင် City Mart နှင့် marketplace ရန်ကုန်ဆိုင်ခွဲများတွင် လည်းကောင်း ကြေငြာပေးထားမည်ဖြစ်ပြီး တယ်လီဖုန်းဖြင့်လည်း အကြောင်းကြားပေးမည်ဖြစ်ပါသည်။
၆။ ဆုရရှိသူများကိုရွေးချယ်ရာတွင် သတ်မှတ်ထားသောအမှတ်ပေးစနစ်နှင့် အမှန်ကန်ဆုံး ဖြေဆိုနိုင်သူများကို ရွေးချယ်ပေးမည်ဖြစ်ပြီး ဆုရွေးချယ်ရေးအဖွဲ့ ဆုံးဖြတ်ချက်သာ အတည်ဖြစ်မည် ဖြစ်ပါသည်။
Grand Prize Ks. 100,000
2nd Prize Ks. 80,000
3rd Prize Ks. 60,000
Consolation Prize Ks. 30,000 worth City Mart Gift Card
Brought to you by City Mart in Cooperation with :
Maternity & Babies Apparel and Accessories
CP Safe Food Good Taste
CEELIN PLUS
ပြိုင်ပွဲဝင်ကလေးတိုင်းအား အမှတ်တရ လက်ဆောင်ပစ္စည်းချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားပါသောကြောင့် ကြိုတင်စာရင်းသွင်းကြပါရန်။
The number of participant is limited and gifts will be presented to all participants.


ပါကေး အစားထိုး ကြမ်းခင်း
သင်္ကြန် ပွဲတော်အကြို Promotion
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Grade A,B,C,D
စစ်မှန်မှုကိုဝက်ဖြင့် "အာမခံ" လက်တွေ့ စစ်ဆေးပေးသည်။
Buy Flooring → Get Box
၃ ကျွင်း ဝယ်ရှုင်
၁ ပုံး လက်ဆောင်
* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်းအနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
* လက်ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
➤ အမှတ် F.( 2~8 ) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
➤ အမှတ်( 11 )၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
HOTLINE: 09-79 700 70 70
09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပုံရွာ) (မော်လမြိုင်) (မြင်းခြံလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်


မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း
▪ ဝက်ခြံကုသမှု အစီအစဉ်များ ...
▪ ဝက်ခြံအမာရွတ် ကုသမှု ...
▪ တင်းတိပ်၊ မှဲ့ခြောက် ကုသမှု ...
▪ မျက်နှာအရေးအကြောင်း ကုသမှု ...
▪ အသားဖြူဝင်းခြင်းအတွက် ကုသမှု ...
နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။
အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။
အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊
(အမေရိကန်ဗိုးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅


PREMIER Full Cream Milk Powder
Premier Milk
CHARACTER DESIGN
CONTEST
ပရီမီယာနို့ကိုယ်စားပြု ဇာတ်ကောင်ဆွဲပြိုင်ပွဲ
ပထမဆု (၁၀) သိန်း
ဒုတိယဆု (၇) သိန်း
တတိယဆု (၅) သိန်း
အသေးစိတ်အချက်အလက်များကိုအောက်ပါ Link တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။
https://www.facebook.com/PremierMP
HOT LINE : 0973221967
ပရီမီယာနို့ Character ဒီဇိုင်းများကို မတ်လ (၃၁)ရက်၊ ၂၀၁၇ခုနှစ် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

ကြော်ငြာ


Hmwe Taunggyi Business Group Travel & Tours Co.,Ltd. Hot Line - 01-200952

**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ ဆောင်ရေး

အထူးဈေးနှုန်း (၁၅)ရက် – {၁၀.၉} သိန်း (၈)ရက် – {၉.၉} သိန်း

မတ်လကျောင်းပိတ်ရက်အထူးခရီး – 11,16,18,23,25,30

မြန်မာ့နှစ်သစ်ကူးသင်္ကြန်အတွင်းအထူးPromotion ခရီးစဉ်နှင့်အထူးခရီး – 1,18/ 8,11

- ဝန်ဆောင်မှုအပြည့် ဈေးနှုန်းအသက်သာဆုံး ဘုရားဖူးချင်သူများဟိုတယ်(၃)ညအိပ်ပါရှိပြီး
- အပိုငွေကြေးလုံးဝထပ်မပေးရ မြန်မာကျပ်ငွေဖြင့်သာပေးချေနိုင်ခြင်း (၁၆)ဦး(၁)ဦးအခမဲ့ (၁၀)ဦးလျှင်(၁)ဦး(၅%)
- ကား(၄၅)ဦးစီးတစ်စီးလျှင်(၃၅)ဦးသာ မတ်လအတွင်းအထူး Discount များရှိပါသောကြောင့်
- ဦးရာလုစနစ်ဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။

ရန်ကုန် - အမှတ်(၁၀၅) ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ၀၉- ၇၇၈၈၂၂၂၆၀

မန္တလေး - အမှတ်(၇၂၅) ၈၁ လမ်း၊ ၄၄×၄၅ကြား၊ မန္တလေး။ ၀၂- ၂၄၅၄၀ ၊ ၀၉- ၇၇၈၈၂၂၂၅၀

တောင်ကြီး - ပန်းခြံမှတ်တိုင်အနောက်မြို့ပတ်လမ်း၊ တောင်ကြီး။ ၀၈၁-၂၀၀၇၃ ၊ ၀၉- ၇၇၈၈၂၂၂၄၀

FORWARD (YGN)

ကျိုက်ထီးရိုး/ ရှောင်းသာ (နေ့စဉ်) (နေ့စဉ်)

09259259180
09259259181
09259259182

DADDY (ဒယ်ဒီ)

ငပလီ 100000 ခနိုက်ပြိုင်း

Mar-3,10,17,24,31 ညအိပ်/၃ရက်

သကြြန်ခရီးစဉ်များလည်းစုံစမ်းနိုင်ပါသည်။

Ph: 09 448001903

ထုန်းမြတ်ထိပ်

Car Rental Service

ရန်ကုန်မြို့တွင်း/နယ်ခရီး

ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။

ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

Ph: 09420292051, 095086249
09455086249, 09764292051

**နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကို အောက်ပါဈေးနှုန်းအတိုင်းပို့ဆောင်ပေးပါမည်။ ခရီးစဉ်အားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။

၁၂ ရက်ခရီး – ဟိုတယ်(၃)ည → ဈေးနှုန်း (စရန်ငွေ ၂ သိန်း + ဒေါ်လာ ၇၀၀)

၁၅ ရက်ခရီး – ဟိုတယ်(၅)ည → ဈေးနှုန်း (စရန်ငွေ ၂ သိန်း + ဒေါ်လာ ၇၅၀)

၁၅ ရက်ခရီး – ကိုလ်းကတ္တားပါဟိုတယ်(၄)ည → (စရန်ငွေ ၂ သိန်း + ဒေါ်လာ ၈၀၀)

နယူးဒေလီ၊တပ်ချ်မဟာ၊ကိုလ်းကတ္တား၊သိပ္ပံကမ္ဘာ၊ဗိတိုရိယဘုရင်မပြတိုက်၊ Shopping

ထွက်ခွာမည့်ရက်များ– (ဧပြီ ၃ ၊ ဧပြီ ၁၂ – ၁၅ ရက်ခရီး)

ရက်တိုခရီး (ဧပြီ ၅ – ၇ ရက်ခရီး) ၊ (ဧပြီ ၈ –၁၂ ရက်ခရီး)

(၁၆)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါသည်။ Hot Line 095120529

ဖုန်း–၀၁–၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

အမှတ် - ၂၇၆/ ၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အိန္ဒိယနိုင်ငံ၊ Chennai မြို့၊ **Gleneagles Global Hospitals** မှ

ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်အထူးကု ဆရာဝန်ကြီး Dr. K.SRIDHAR သည်

၂၀၁၇ မတ်လ (၁၂) ရက်နေ့ တွင် လူနာဟောင်းများနှင့် လူနာသစ်များအား

တိုင်ပင်ဆွေးနွေးကုသပေးမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ကြိုတင်စုံစမ်း စာရင်းပေးသွင်းရန် ဖုန်း (01) 9666 141 , (09) 783 666 141 - 144

နေရာ။ ။ **ဗိတိုရိယဆေးရုံကြီး (Victoria Hospital)** ၊ အမှတ် (၆၈)၊ တော်ဝင်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

Gleneagles Global Hospitals
A PARKWAY PANTAI ENTERPRISE

ဗိတိုရိယဆေးရုံ
Victoria Hospital
Quality Care

ZAR & ZAR Co.,Ltd.
Quality & Quantity


STARFISH Education

Fresh graduates များ နှင့် လုပ်ငန်းခွင်ဝင်ရန်ပြင်ဆင်နေသူများအတွက်

General English (4 Skills)

Mon ~ Fri တန်းခွဲသစ်များ
March 13 & April 24 စမည်။

Sat & Sun တန်းခွဲသစ်များ
April 29 စမည်။



Call NOW : 09777264230~31, 09253179825

No.(3-B), Power Condo, Insein Road, Hledan, Kamaryut Tsp, Ygn.

ဗုဒ္ဓ မင်္ဂလာ သံဃ

**ROYAL STAR** (လုံခြုံရေးဘလိတ်ခါးဆူးကြိုးလိပ်အရောင်းပြခန်း)များမှ

ခေတ်မီလုံခြုံရေးဘလိတ်ခါးဆူးကြိုးလိပ်များကို (အရောက်ပို့ စရိတ်ငြိမ်း) သင်္ကြန်ပွဲတော် အထူးလျှော့ဈေး

မြို့နယ်/နေရာဒေသမရွေး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်

အိမ်တိုင်ရာရောက် ဝါရင့်ဝန်ထမ်းများနှင့် တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။

မှတ်ချက် – သံချေးတက်ဆူးကြိုးလိပ်များ (လုံးဝ)မရောင်းပါ။

Ph: 09-50 54 189, 09-50 63 596

ရုံးချုပ်–အမှတ်(၉၉၁)၊ကန်သာယာမှတ်တိုင်အနီး၊သုဓမ္မာလမ်းမ၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။







FDA မှ အလုကုန် ထုတ်လုပ်ခြင်း၊
ထောက်ခံချက်အမှတ် - 1309 PC 0021

အဖိုးတန်ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏အစွမ်းကြောင့် ဆံပင်နီခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန်စေပါသည်။ နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့နက်မှောင်တောက်ပစေပါသည်။

Apple Production Co., Ltd.

အမှတ် (A/ ၂၉)၊ ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။

ဖုန်း - (၀၉) ၈၆၁၈၀၈၁၊ ၄၉၃၁၆၄၀၈

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏

အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

**နေရာတိုင်းဆောင်ထား**

Rain Flower

ကြည့်မြင်တိုင်
ဖုန်း – ၀၉–၇၃၁၀၀၈၉၀
– ၀၉–၇၃၁၀၀၈၉၁
– ၀၉–၄၅၁၇၃၀၀၀၅
– ၀၉–၄၅၁၇၃၀၀၀၆

မြောက်ဥက္ကလာပ
ဖုန်း – ၀၉–၇၃၁၅၄၆၇၀
– ၀၉–၄၅၁၇၃၀၀၀၈

ဗ–ခိုင်၊ ပြည်လမ်း
ဖုန်း –၀၉–၄၃၀၄၉၃၅၆

ပေါက်တောဝ၊ အင်းစိန်
ဖုန်း – ၀၁–၆၄၃၇၅၈
– ၀၉–၇၃၁၂၆၀၅၇
– ၀၉–၃၁၄၇၁၆၅၄
– ၀၉–၄၅၁၇၃၀၀၀၂

နေပြည်တော်
ဖုန်း – ၀၉–၄၉၂၀၈၈၈၀
– ၀၉–၃၁၁၃၆၂၆၁

မန္တလေး
ဖုန်း – ၀၉–၄၂၁၀၈၈၄၂၂
– ၀၉–၆၅၀၀၄၁၃

5 Years Warranty





သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

# အများပြည်သူတို့၏ အလုပ်ပိတ်ရက်များ ပြင်ဆင်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၇**
၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၉/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ထုတ်ပြန်ကြေညာခဲ့ရာတွင် နှစ်သစ်ကူးရုံးပိတ်ရက်များအား မဟာသင်္ကြန်အကြိုနေ့ မတိုင်မီတစ်ရက်မှစ၍ ၁၀ ရက်တိတိ သတ်မှတ်ခဲ့သည့်အတွက် ရက်ရှည်ကာလ ရုံးပိတ်ရက်နှင့် ဘဏ်ပိတ်ရက်ရှည်ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းများ အခက်အခဲဖြစ်ပေါ်လာခြင်းနှင့် ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာခြင်းများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ ၂၀၁၇ ခုနှစ်၊ နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော မဟာသင်္ကြန်အကြိုနေ့ မတိုင်မီတစ်ရက်မှစ၍ ၁၀ ရက်တိတိအစား မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ငါးရက်သာသတ်မှတ်ပြီး ကျန်ရှိသည့် ရုံးပိတ်ရက် ၅ ရက်အား သီတင်းကျွတ်ရုံးပိတ်ရက်များ၊ တန်ဆောင်တိုင်ရုံးပိတ်ရက်များနှင့် နိုင်ငံတကာ နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ဖြည့်တင်း၍ **ယခု ၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း** စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻

## ပြည်သူ့လွှတ်တော်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၂ ရက် သတင်းစာတွင် ပါရှိမည်

ပြည်သူ့လွှတ်တော်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၂ ရက် သတင်းစာတွင် ဖော်ပြပါရှိမည်ဖြစ်ကြောင်း စာဖတ်ပရိသတ်များအား ကြိုတင်အသိပေးအပ်ပါသည်။

(ကြေးမုံ)



၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနား ပြင်ဆင်မည့် ပုံစံငယ်။

# မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့်အကြို ကြိုဆိုကျင်းပမည့် ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲ ခေတ်အဆက်ဆက် ရုပ်ရှင်ဇာတ်ဝင်တေးများဖြင့် ဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် မတ် ၁၀**

မတ် ၁၈ ရက်(စနေနေ့) ညနေတွင် ကျင်းပမည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး ထူးခြားသော အပြင်အဆင် တင်ဆက်မှုများနှင့်အတူ မြန်မာ့ရုပ်ရှင် နှစ် (၁၀၀)ပြည့်အကြို ကြိုဆိုကျင်းပသွားမည်ဖြစ်ပြီး ခေတ်အဆက်ဆက် ရုပ်ရှင်ဇာတ်ဝင်တေးများကို ဖော်ထုတ်ကာ ဖျော်ဖြေတင်ဆက်သွားမည်ဟု သိရသည်။

လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင် သက်တမ်း နှစ် (၁၀၀) ပြည့်မြောက်တော့မည်ဖြစ်ရာ ရာပြည့်အကြို ကြိုဆိုကျင်းပမှုများ၊ ရုပ်ရှင်သမိုင်းမှတ်တမ်းများ ဖော်ထုတ်ကာ ပြင်ဆင်ခြင်းများနှင့်အတူ ယခုနှစ်မှစတင်ကာ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးအပ်ပွဲအခမ်းအနားကို နှစ် (၁၀၀) ပြည့်ကို ကြိုဆိုကျင်းပသွားမည်ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက ပြောသည်။

"နှစ် ၁၀၀ ပြည့်တော့မယ့် မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်ဖော်ထုတ်မှာပါ။ ရာပြည့်တဲ့နှစ်မှ မဟုတ်ဘဲ အခုနှစ်တွေကတည်းက အကြိုရုပ်ရှင် နှစ်(၁၀၀) ဆိုသို့ဆိုပြီး ဖော်ထုတ်တင်ဆက်သွားဖို့ရှိပါတယ်။ ဒီနှစ်ကလည်း နေရာအခက်အခဲကြောင့် ပြည်သူ့ရင်ပြင်မှာ ကျင်းပခွင့်ကို တိုင်းဒေသကြီးအစိုးရက ခွင့်ပြုပေးခဲ့ပါတယ်။ နောက်နှစ်တွေအတွက် ဘယ်နေရာဆိုတာ မသေချာသေးပေမယ့် ဒီနှစ်ကတော့ ပထမဆုံး ထူးထူးခြားခြား ကျင်းပခွင့်ရတာပါ။ ရွှေတိဂုံဘုရားရှေ့ မြင်ကွင်းဖြစ်တာကြောင့်လည်း ဝတ်စားဆင်ယင်မှုတွေကအစ ယဉ်ကျေးမှုနဲ့အညီ ဝတ်ဆင်ဖို့ တိုက်တွန်းထားပါတယ်။ နှစ်တိုင်းလည်း နှိုးဆော်လေ့ရှိပါတယ်"ဟု ဦးအေးကြူလေးက ပြောသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ထူးခြားသော စင်မြင့်၊ မုခ်ဦး အပြင်အဆင်များနှင့်အတူ ဖွင့်ပွဲအခမ်းအနားကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ■

# ခရစ္စတိုဖာ၊ ရန်နိုင်ဦးတို့၏ သွင်းဂိုးဖြင့် ရှမ်းယူနိုက်တက် အနိုင်ရ

**ရန်ကုန် မတ် ၁၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ပထမနေ့အဖြစ် မကွေးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်အသင်း အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက် - နှစ်ဂိုး။
မကွေး - ဂိုးမရှိ။

ပြီးခဲ့သည့်ရာသီက နှစ်ကျော့စလုံး သရေကျခဲ့သော်လည်း ယခုရာသီတွင် ရှမ်းယူနိုက်တက်အသင်းက ခရစ္စတိုဖာ၊ ရန်နိုင်ဦးတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး မကွေးအသင်းမှာမူ ပွဲဆက်များနေသောကြောင့် ပွဲပန်းနေသလို ပုံစံကောင်းလည်း ပြသနိုင်ခြင်းမရှိသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲပြန်ရရေးအတွက် ခရစ္စတိုဖာနှင့် ကင်မ်ကို တစ်ပြိုင်နက်အသုံးပြုခဲ့ပြီး မကွေးအသင်းမှာမူ ဒဏ်ရာရနေသည့် နန္ဒကျော်မှလွဲ၍ လူစုံပါဝင်ခဲ့သည်။ ခြေစွမ်းပိုင်းအရ ရှမ်းယူနိုက်တက်အသင်း ကစားပုံပိုကောင်းခဲ့ပြီး မကွေးအသင်းသည် ကွင်းလယ်ကစားပုံပျက်နေသောကြောင့် ခံစစ်သာမက တိုက်စစ်တွင်ပါ ဟာကွက်များ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံခြားသားတိုက်စစ်မှူး နှစ်ဦး၏ တိုးအားကြောင့် ရှမ်းအသင်းတိုက်စစ်အားကောင်းခဲ့ပြီး ၁၂ မိနစ်တွင် ထိုက်ထိုက်အောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ခရစ္စတိုဖာက ဂိုးစတင်သွင်းယူ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ✻




မကွေးနှင့် ရှမ်းယူနိုက်တက် အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။



ကြေးမုံ
အထူးကဏ္ဍ
၁၁-၃-၂၀၁၇ (စနေနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

## ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်



၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်က ကျင်းပသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ကတိသစ္စာပြုကြစဉ်။

မေဦးမိုး

အဆောက်အအုံတစ်ခုရပ်တည်နိုင်ရန်အတွက် အခြေခံအုတ်မြစ်သည် အလွန်အရေးကြီးသကဲ့သို့ တိုင်းပြည်တစ်ခု ဒီမိုကရေစီအနှစ်သာရ ပြည့်ဝစွာဖြင့် ရပ်တည်နိုင်ရန်အတွက် လွှတ်တော်များက ဒီမိုကရေစီ၏ အုတ်မြစ်ကဲ့သို့ ဖြစ်တည်နေသည်။

လွှတ်တော်များ၏ ခိုင်မာတောင့်တင်းခြင်း၊ ဂုဏ်သိက္ခာမြင့်မားခြင်းနှင့် တည်ကြည်ရဲရင့်ခြင်းတို့သည် နိုင်ငံသူ နိုင်ငံသားများအတွက် ခွန်အားတစ်ရပ်ဖြစ်စေသည်။ ဒီမိုကရေစီ ရှင်သန်နိုင်ရန်အတွက် စွမ်းရည်မြင့်မားပြီး အားကောင်းခိုင်မာသည့် လွှတ်တော်များရှိရန် အထူးလိုအပ်လှပါသည်။

**ထိန်းညှိပေး**

လွှတ်တော်သည် ပြည်သူ ပြည်သားများအား ကိုယ်စားပြု၍ ဥပဒေပြုလုပ်ငန်းတာဝန်များသာမက နိုင်ငံတော်၏ အကျိုး၊ ပြည်သူလူထု၏ အကျိုးအတွက် အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများကိုလည်း ထိန်းညှိဆောင်ရွက်ပေးရသဖြင့် လွှတ်တော်များ၏ စွမ်းဆောင်ရည် အားကောင်းသည်နှင့်အမျှ ဒီမိုကရေစီစနစ် ပိုမိုအားကောင်းပြီး ပြည်သူများအတွက် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကို အမြန်ဆုံး ဆောင်ရွက်နိုင်မည်ဖြစ်သည်။


မြန်မာ့သမိုင်းတွင် ပြည်သူလူထု၏ တစ်ခဲနက် အားပေးထောက်ခံမှုကို ရရှိခဲ့သော အစိုးရသစ်တစ်ရပ်ကို မွေးဖွားပေးခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းမှာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ငါးနှစ်သက်တမ်း ရှိသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် စတင်ကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) နှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ခေါ်ယူခဲ့သည်မှာ ယနေ့အထိဆိုပါက စတုတ္ထအကြိမ်ပုံမှန်အစည်းအဝေးအထိ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်မှ ၂၀၁၆ ခုနှစ် ဇွန်လ ၆ ရက်အထိ စတင်ကျင်းပခဲ့ပြီး ဒုတိယပုံမှန် အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက် အထိလည်းကောင်း၊ တတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်မှ

**အထူးကဏ္ဍစာမျက်နှာ (ခ) သို့ »»**

**မိမိတို့ရရှိထားတဲ့ ဥပဒေပြုရေးအာဏာကို အသုံးပြုပြီး နိုင်ငံသားပြည်သူများ ချမ်းသာကြွယ်ဝလို့ ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးသား ရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေတွေဆွေးနွေး ပြဋ္ဌာန်းနိုင်ရေးဟာ လွှတ်တော်တွေရဲ့ အဓိကတာဝန်ဖြစ်**




**ရှင်းလင်းချက်**

တက်ရောက်ခွင့်ရှိသည့်
ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း - ၆၅၃ ဦး
တက်ရောက်သည့်ကိုယ်စားလှယ်စုစုပေါင်း - ၆၄၈ ဦး
ခွင့်တိုင်ကြားသူ - ၅ ဦး

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| NLD | - | ၃၉၃ ဦး | - | ၆၀. ၂၅ % | MNP | - | ၁ ဦး | - | ၀. ၁၅ % |
| USDP | - | ၃၇ ဦး | - | ၅. ၅၅ % | L.N.P.P | - | ၂ ဦး | - | ၀. ၃၀ % |
| ANP | - | ၂၂ ဦး | - | ၃. ၃၀ % | KSDP | - | ၁ ဦး | - | ၀. ၁၅ % |
| SNLD | - | ၁၅ ဦး | - | ၂. ၃၀ % | WDP | - | ၁ ဦး | - | ၀. ၁၅ % |
| ZCD | - | ၃ ဦး | - | ၀. ၄၅ % | KDUP | - | ၁ ဦး | - | ၀. ၁၅ % |
| TNP | - | ၅ ဦး | - | ၀. ၇၅ % | IC | - | ၁ ဦး | - | ၀. ၁၅ % |
| NUP | - | ၁ ဦး | - | ၀. ၁၅ % | DSPC | - | ၁၆၆ ဦး | - | ၂၅ % |
| PNO | - | ၃ ဦး | - | ၀. ၄၅ % | Leave | - | ၅ ဦး | - | ၀. ၇၅ % |

**ရှင်းလင်းချက်**

NLD - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ANP - ရခိုင်အမျိုးသားပါတီ
SNLD - ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD - ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP - တအာင်း(ပလောင်)အမျိုးသားပါတီ
NUP - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
PNO - ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ
MNP - မွန်အမျိုးသားပါတီ
L.N.P.P - လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
KSDP - ကချင်ပြည်နယ်ဒီမိုကရေစီပါတီ
WDP - "ဝ"ဒီမိုကရက်တစ်ပါတီ
KDUP - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
IC - Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC - Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)
Leave - ခွင့်တိုင်ကြားသူ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က ပထမဆုံးအကြိမ်ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ခဲ့မှု အခြေပြဂရပ်ပုံ။

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**»» အထူးကဏ္ဍ စာမျက်နှာ (က) မှ**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်အထိ လည်းကောင်း၊ စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့အထိ လည်းကောင်း ကျင်းပလျက်ရှိသည်။

**အဓိကတာဝန်**

"လွှတ်တော်ဟာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်ရပါတယ်။ ဒါကြောင့် မိမိတို့ရရှိထားတဲ့ ဥပဒေပြုရေးအာဏာကို အသုံးပြုပြီး နိုင်ငံသားပြည်သူများ ချမ်းသာကြွယ်ဝလို့ ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေတွေ ဆွေးနွေးပြဋ္ဌာန်းနိုင်ရေးဟာ လွှတ်တော်တွေရဲ့ အဓိကတာဝန်ဖြစ်ပါတယ်"ဟု တစ်နှစ်တာအတွင်း လွှတ်တော်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

တစ်နှစ်တာပြည့်မြောက်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလအတွင်း တာဝန်ပေးရန် သဘောတူညီခြင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၂ ခု ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီး ၂၁ ဦး ခန့်အပ်တာဝန်ပေးရန် သဘောတူညီခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်တို့ကို ခန့်အပ်တာဝန်ပေးရန် သဘောတူညီခြင်း၊လွှတ်တော်ဆိုင်ရာ ပူးပေါင်းကော်မတီများဖွဲ့စည်းခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) ကိုဖွဲ့စည်းခြင်းတို့ ပါဝင်ကြောင်းသိရသည်။

**ဥပဒေ ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကျင်းပခဲ့သည့် အချိန်မှစတင်၍ တစ်နှစ်တာကာလအတွင်းတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားတိုးတက်စေရေးအတွက် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်း၊ ရုပ်သိမ်းခြင်းများ ပြုလုပ်ခဲ့သည်။ အသစ်ပြဋ္ဌာန်းသည့် ဥပဒေ ငါးခု၊ ပြင်ဆင်သည့် ဥပဒေ ကိုးခု၊ ရုပ်သိမ်းသည့်ဥပဒေ ခြောက်ခုရှိခဲ့သည့်အတွက် စုစုပေါင်း




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။




၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က စတင်ကျင်းပသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးမြင်ကွင်း။

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ ကျင်းပခဲ့သည့် အချိန်မှစတင်၍ တစ်နှစ်တာ ကာလအတွင်းတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား တိုးတက်စေရေးအတွက် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်း၊ ရုပ်သိမ်းခြင်းများ ပြုလုပ်ခဲ့**

ဆောင်ရွက်ချက်များတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးရန် သဘောတူညီခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ် ဥပဒေ ၂၀ ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်ထောင်စုလွှတ်တော်၏အချက်အလက်များအရ သိရသည်။

"ဆောင်ရွက်ခဲ့တဲ့ ဥပဒေတွေမှာ နိုင်ငံရေးကဏ္ဍအနေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ (၂၆/၂၀၁၆)၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ (၃၈/၂၀၁၆) အရေးပေါ် စီမံခန့်ခွဲမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေတို့ကို လည်းကောင်း၊ စီးပွားရေးကဏ္ဍမှာဆိုရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၄၀/၂၀၁၆) တို့ကိုလည်းကောင်း၊လူမှုရေးကဏ္ဍ**အထူးကဏ္ဍ စာမျက်နှာ (ဂ)သို့ »»**

**နိုင်ငံရေးကဏ္ဍအနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ(၂၆/၂၀၁၆)နဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ(၃၈/၂၀၁၆)တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့**




၂၀၁၆ ခုနှစ် အောက်တိုဘာ ၂ ရက်က (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်တွင် ကျင်းပစဉ်။




၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»» အထူးကဏ္ဍ စာမျက်နှာ (ခ) မှ

အနေနဲ့ဆိုရင် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (၄၄/၂၀၁၆) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေတို့ကို အတည်ပြုပြဌာန်းနိုင်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးမှုကြောင့် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ အသီးသီး ပိုမိုအားကောင်းလာစေမှာ ဖြစ်ပါတယ်” ဟု ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းကာလ တစ်နှစ်တာအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို အလေးပေးကာ နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ စုစုပေါင်း ၁၅ ခုအထိ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရေးအတွက် လွှတ်တော်အတွင်း ကိုယ်စားလှယ်များက ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့သည်။

**ဘင်းမ်စတက်ကွန်ဗင်းရှင်း**

၎င်းတို့အနက် နိုင်ငံတကာနှင့် မြန်မာနိုင်ငံ အနောက်ဘက်တွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်လုပ်ရပ်များ၊ နိုင်ငံဖြတ်ကျော်နှင့် အုပ်စုဖွဲ့မှုခင်းကျူးလွန်မှုများ၊ ယခုနောက်ပိုင်းကာလများတွင် တွင်ကျယ်စွာပြုလုပ်လာနေသည်ကိုမြင်တွေ့ရသည့် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်နိုင်ရေးအတွက် “ဘင်းမ်စတက်ကွန်ဗင်းရှင်း” သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် ကိစ္စရပ်များ၊ အမျိုးသမီးငယ်များနှင့် ကလေးသူငယ်များအား လူကုန်ကူးခံရခြင်းမှ ကာကွယ်တားဆီးရန်အတွက် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာ ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်နိုင်ရေးအတွက် ၎င်းကိစ္စနှင့် သက်ဆိုင်သည့် အာဆီယံကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စ၊ ၎င်းအပြင် မဟာမဲခေါင်ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်း ညှိနှိုင်းရေး၊ ထူထောင်ရေးသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ထိုးရေး ကိစ္စရပ်များကိုလည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

## ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းကာလ တစ်နှစ်တာအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို အလေးပေးကာ နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ စုစုပေါင်း ၁၅ ခုအထိ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရေးအတွက် လွှတ်တော်အတွင်း ကိုယ်စားလှယ်များက ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး၊ သဘာဝဘေးပြန်လည်ထူထောင်ရေး၊ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်တိုးတက်လာစေရေး၊ လျှပ်စစ်ဓာတ်အားများ ပိုမိုထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစနစ်များ ပိုမိုခေတ်မီလာစေရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆင်းရဲမွဲတေမှု ပပျောက်ပြီး လူမှုစီးပွားဘဝများ တိုးတက်လာစေရေးအတွက် နိုင်ငံတကာမှ ချေးငွေများ ရယူရေးစသည့်ကိစ္စရပ် ၁၁ ခုအတွက် လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်တွင် သဘောတူအတည်ပြုပေးနိုင်ခဲ့သည်။

အထူးကဏ္ဍ စာမျက်နှာ (ဃ) သို့ »»




၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ပြည်ထောင်စုလွှတ်တော်၌ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားတွင် မြို့ရွှေမန်းသားဖိုးချစ် ဇာတ်အလှသဘင်အဖွဲ့သားများက ဖျော်ဖြေတင်ဆက်ကြစဉ်။

»» အထူးကဏ္ဍ စာမျက်နှာ (ဂ) မှ
**AIPA အိမ်ရှင်**

"ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးကာလအတွင်း ထူးခြားဆောင်ရွက်မှု တစ်ခုအနေနဲ့ တင်ပြရရင် (၃၇) ကြိမ်မြောက် အာဆီယံ ပါလီမန်များ အထွေထွေညီလာခံ (37th General Assembly of the ASEAN Inter-Parliamentary Assembly) ကို ပြည်ထောင်စုလွှတ်တော်က တာဝန်ယူ ဆောင်ရွက်ပြီး အိမ်ရှင်အဖြစ် နေပြည်တော် လွှတ်တော်ဝင်း အတွင်းမှာ လက်ခံကျင်းပနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီလို ကျင်းပနိုင်ခဲ့ခြင်းဟာ ပြည်ထောင်စုလွှတ်တော်အနေနဲ့ အာဆီယံပါလီမန်များ ညီလာခံရဲ့ ရည်ရွယ်ချက်များနဲ့အညီ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သလို AIPA အဖွဲ့ဝင် ပါလီမန် များနဲ့ ဒေသတွင်း အကျိုးစီးပွားတိုးတက်စေရေးအတွက် ကြီးမားတဲ့အထောက်အကူများကိုလည်း ရရှိစေခဲ့တယ်" ဟု ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်း အနားကို နေပြည်တော်ရှိ လွှတ်တော်ဝင်းအတွင်း သဘင် ဆောင်၌ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပခဲ့ပြီး အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် အခြားအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။ အဆိုပါအခမ်းအနားအတွင်း "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" (Democracy 2030) ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရှေ့ဆက်လျှောက်လှမ်းကြမည့် လမ်းကြောင်းတစ်ရပ်ကို ဖော်ထုတ်ပြသရန်အတွက် စာတမ်းများ တင်သွင်းဖတ်ကြား နိုင်ခဲ့သည်။



၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲကို မောင်းတီးခတ်ဖွင့်လှစ်ပေးစဉ်။

**ရှင်းလင်းတင်ပြခြင်းအစီအစဉ်**

လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အစီအစဉ် (Induction Programme)ကို လည်း လွှတ်တော်ဝင်းအတွင်းရှိ သဘင်ဆောင်၌ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့ပြီး အဆိုပါ အစီအစဉ်ကျင်းပ သည့်အတွက် ဒီမိုကရေစီစနစ် တည်ဆောက်ရေး လုပ်ငန်း စဉ်များတွင် အားဖြည့်ကူညီမှုများရရှိခဲ့ပြီး ရွေးကောက်ပွဲ ပြီးနောက် ဆောင်ရွက်ရမည့် လွှတ်တော်လုပ်ငန်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကော်မတီတစ်ခု အတွင်း ၎င်းတို့၏ ခေါင်းဆောင်မှုအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေရန် မည်သို့ဆောင်ရွက်မည်၊ လွှတ်တော် လုပ်ငန်းစဉ်များတွင် အောင်မြင်သော ကော်မတီတစ်ခုအား မည်သို့အကောင်အထည်ဖော်ဆောင်မည်ဆိုသည့်အချက် များကို ပိုမိုသိရှိလာနိုင်ခဲ့သည်။




၂၀၁၆ ခုနှစ် အောက်တိုဘာ ၂ ရက်က အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌရာထူး အဆောင်အယောင် ဖြစ်သည့် တူနှင့် AIPA အလံတို့ကို အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဖိလစ်ပိုင် နိုင်ငံ အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာအဲရစ်ဆင်းဆန်းထံ လွှဲပြောင်းပေးအပ်စဉ်။

အဆိုပါ အစီအစဉ်သို့ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ဥက္ကဋ္ဌများနှင့် နိုင်ငံတကာမှ ဖိတ်ခေါ်ထားသော လွှတ်တော်ကိုယ်စားလှယ် ဟောင်းများ အပါအဝင် လက်ရှိလွှတ်တော်ကိုယ်စားလှယ် များ၊ UNDP မှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ IPUနှင့် The House of Commons မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၄၆၅ ဦး တက်ရောက်ခဲ့ ကြောင်း သိရသည်။

ထို့ပြင် ကိုယ်စားလှယ်များ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်များကို မြှင့်တင်ရန်၊ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် အဓိကလုပ်ငန်းတာဝန်များဖြစ်သော ဥပဒေပြု ခြင်း၊ ကိုယ်စားပြုခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းများနှင့် ပတ်သက်သည့် ပြည်တွင်းနှင့်နိုင်ငံတကာမှ ထင်မြင်ယူ ဆချက်များကို သိရှိနားလည်လာမည်ဖြစ်ပြီး လူထု ခေါင်းဆောင်မှုကိစ္စများကို လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် ပိုမိုစဉ်းစားသုံးသပ်လာနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်မှ သိရှိရသည်။

**အမျိုးသမီးကိုယ်စားလှယ်များ**

အဆိုပါ အစီအစဉ်မှ အမျိုးသမီးကိုယ်စားလှယ်များ၏ အခွင့်အရေးများနှင့် စိန်ခေါ်မှုများကို သိရှိလာခဲ့ပြီး စွမ်းရည်ပြည့်ဝသော အမျိုးသမီးကိုယ်စားလှယ်များ ဖြစ်လာရန်အတွက် မည်သို့ကောင်းစွာပံ့ပိုးရမည်ကိုလည်း သိရှိလာမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ထိုသို့လျှင် တစ်နှစ်တာအတွင်း နိုင်ငံသူ၊ နိုင်ငံသားတို့ အတွက် ခေတ်မီကြွယ်ဝသော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးသို့ ချီတက်နိုင်ရန် အထောက်အပံ့ဖြစ် စေသောဥပဒေများ ပြဋ္ဌာန်းခြင်း၊ မလိုအပ်သည့် ဥပဒေများအား ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရန်လိုအပ်သည့် ဥပဒေများအား ကိုယ်စားလှယ်များက အပြန်အလှန် ညှိနှိုင်းကာ ပြောင်းလဲပြင်ဆင်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် သာယာဝပြောခြင်းများအတွက် မဏ္ဍိုင်ကြီးတစ်ရပ်၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ဆောင်ရွက်ရင်းဖြင့် မြန်မာနိုင်ငံတော်အတွက် ပြည်ထောင်စုလွှတ်တော်မှ တာဝန်ထမ်းဆောင်လျက်ရှိ နေပါကြောင်း။ ။

**တစ်နှစ်တာအတွင်း နိုင်ငံသူ၊ နိုင်ငံသားတို့အတွက် ခေတ်မီကြွယ်ဝသော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးသို့ ချီတက်နိုင်ရန် အထောက်အပံ့ဖြစ်စေသောဥပဒေများ ပြဋ္ဌာန်းခြင်း၊ မလိုအပ်သည့် ဥပဒေများအား ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရန်လိုအပ်သည့် ဥပဒေများအား ကိုယ်စားလှယ်များက အပြန်အလှန် ညှိနှိုင်းကာ ပြောင်းလဲပြင်ဆင်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် သာယာဝပြောခြင်းများအတွက် မဏ္ဍိုင်ကြီးတစ်ရပ်၏ တာဝန်ဝတ္တရားများကို ပြည်ထောင်စုလွှတ်တော်မှ တာဝန်ထမ်းဆောင်လျက်ရှိ**




၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်က နေပြည်တော်၌ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# ကရင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်မှုများ

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့တောင်ဘက်တွင် တည်ရှိပြီး ဧရိယာ စတုရန်းမိုင်ပေါင်း ၁၁၇၃၀ ဒသမ ၈၅ မိုင် ကျယ်ဝန်းသည်။ မြောက်ဘက်တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။

ကရင်ပြည်နယ်ကို ခရိုင် လေးခရိုင်၊ မြို့နယ် ခုနစ် မြို့နယ်၊ မြို့ ၁၁ မြို့၊ ရပ်ကွက်ပေါင်း ၈၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၉၇ ရွာတို့ဖြင့် ဖွဲ့စည်းထားကာ လူဦးရေ ၁၅ သိန်းကျော်ရှိပြီး ကရင်၊ မွန်၊ ဗမာ၊ ပအိုဝ်းလူမျိုးများ မှီတင်းနေထိုင်လျက်ရှိသည်။

**ငြိမ်းချမ်းရေးအခြေအနေ**

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည့် DKBA, KNU, KNU/KNLA-PC တို့သည် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်များကို လည်းကောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုလည်းကောင်း အားလုံးပါဝင်လက်မှတ်ရေးထိုးကြပြီး ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေး ခရီးလမ်းကို လျှောက်လှမ်းခဲ့ကြသည်။

ရာမည

၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်သည့် ကရင်ပြည်နယ်အစိုးရအဖွဲ့သစ် စတင်တာဝန်ထမ်းဆောင်ခဲ့ရာ ငြိမ်းချမ်းရေးရယူပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လက်တွဲပြီး ကရင်ပြည်နယ် ငြိမ်းချမ်းရေးဆက်လက်ရှင်သန်တိုးတက်ခိုင်မာအောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အပြန်အလှန်လေးစားချစ်ခင်မှု၊ ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တရားဥပဒေဘောင်အတွင်း တရားဝင်နေထိုင်ရပ်တည်နိုင်ရေး ကိစ္စရပ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများဖြင့် နေထိုင်ရပ်တည်လိုခြင်းကိစ္စရပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည့် ရန်ပုံငွေများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များကိုလည်း ပံ့ပိုးကူညီထောက်ပံ့ပေးခြင်း၊ ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၏ ကုမ္ပဏီများကို စိစစ်ရွေးချယ်တာဝန်ပေး လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ဝင်ငွေရရှိစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ်
ဒေါ်နန်းခင်ထွေးမြင့်။



ကရင်ပြည်နယ်အစိုးရအဖွဲ့သစ်သည် ငြိမ်းချမ်းရေးရယူပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်တွဲပြီး ငြိမ်းချမ်းရေးဆက်လက်ရှင်သန်တိုးတက်ခိုင်မာအောင် ဆောင်ရွက်လျက်ရှိသည်။

ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုအပေါ် မူတည်ပြီး တစ်ဖက်ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ ပြန်လည်ရောက်ရှိလာသူများနှင့် စစ်ဘေးဒဏ်ကြောင့် ရွှေ့ပြောင်းသွားလာနေသူများကို ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး အဖွဲ့အစည်းများ၏ဆန္ဒအရ မြဝတီမြို့နယ် လေးကေ့ကော် မြို့သစ်ကိုတည်ထောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကရင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ဖက်ထိုင်းနိုင်ငံဒုက္ခသည်စခန်းများတွင် နေထိုင်ကြသည့် ဒုက္ခသည်များအနက် နေရပ်ပြန်လိုသူဒုက္ခသည် ၆၅ ဦးကို ထိုင်းနိုင်ငံအစိုးရ၊ UNHCR အဖွဲ့များနှင့် ညှိနှိုင်းကာ မြဝတီမြို့တွင် ပြန်လည်ကြိုဆိုလက်ခံခဲ့ပြီး ၎င်းတို့ အခြေချနေထိုင်လိုသည့် ဒေသအသီးသီးတွင် အခြေချနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝရှင်သန်ရပ်တည်နိုင်ရေး ကိစ္စရပ်များအတွက် လိုအပ်သည့် အထောက်အပံ့များကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဒေသအတွင်း ဖြစ်ပွားခဲ့သည့် ပြဿနာရပ်များကိုလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နှစ်ဦးနှစ်ဖက် ရင်းရင်းနှီးနှီး ညှိနှိုင်းတိုင်ပင်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ဆက်လက်ခိုင်မာရှင်သန်ဖွံ့ဖြိုးအောင် တည်ဆောက်ထားနိုင်ခဲ့သည့်အတွက် NCA စာချုပ်ပါ **အထူးကဏ္ဍ စာမျက်နှာ (စ) သို့ »»**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ မြဝတီမြို့ အမှတ်(၂)ချစ်ကြည်ရေးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»» အထူးကဏ္ဍ စာမျက်နှာ (င) မှ
လုပ်ငန်းစဉ်များနှင့်အညီ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈ မှ ၂၀ ရက်နေ့ထိ သုံးရက်တိုင် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ကို ကိုယ်စားလှယ် ၆၀၀ ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)မှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ပတ်သက်ပြီး ကရင်တိုင်းရင်းသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများနှင့် ပတ်သက်သည့် ကရင်တစ်မျိုးသားလုံး၏ သဘောထားအမြင်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ**

ကရင်ပြည်နယ် မြဝတီမြို့တွင် နယ်စပ်ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးအတွက် မြန်မာ-ထိုင်း ချစ်ကြည်ရေးအမှတ်(၂)တံတားကို မြဝတီမြို့နယ် ရေပူရွာအနီးမှာ ၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် မတ်လတွင် တံတားတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်သည်။

မြန်မာ-ထိုင်း-လာအို-ဗီယက်နမ်နိုင်ငံတို့ကို ဆက်သွယ်ထားသော အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်တွင် တည်ရှိသည့် မြန်မာ-ထိုင်း ချစ်ကြည်ရေးအမှတ်(၂)တံတားကြီး ဖွင့်လှစ်ပြီးပါက ကရင်ပြည်နယ်အတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးအရ အဓိကအားထားရမည့်တံတားကြီးတစ်စင်းဖြစ်လာမည်ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးတံတားအမှတ်(၂) မြန်မာဘက်ခြမ်းတည်ဆောက်ရေးစီမံကိန်းတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအလို့ငှာ မြေယာသိမ်းဆည်းမှုပြုရာတွင် မြေဧရိယာ ၁၄၆ ဒသမ ၉၅ ဧကပါဝင်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့က မြေယာလျော်ကြေးပေးအပ်နိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးကာ တံတားစီမံကိန်းမြေတွင် ပါဝင်သည့် မြေယာနှင့် အဆောက်အအုံ နစ်နာကြေးများအတွက် လျော်ကြေးငွေစုစုပေါင်းငွေကျပ်သန်းပေါင်း ၃၅၀ ကျော်ကို ပြည်သူ့လက်ဝယ်သို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး ၄၅ ဒသမ ၄၅ ကီလိုမီတာကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်လက်၍ ကော့ကရိတ်-အိန္ဒူလမ်းအပိုင်းကိုလည်း နိုင်ငံတကာအဆင့်မီလမ်းဖြစ်လာရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အိန္ဒူ-ဇာသပြင်လမ်း ၁၁ ဒသမ ၆ ကီလိုမီတာကို နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့သစ်လက်ထက် ၁၁-၁၀-၂၀၁၆ ရက်နေ့တွင် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတွင် အရှည်ပေ ၅၀၀ ရှိ အနန်းကွင်းတံတားကို ပြည်နယ်ဝန်ကြီးချုပ်ကဦးဆောင်ပြီး တက်ရောက်ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့ပေါ် သေဌမာန်အောင်ဘုရားကြီး အဝိုင်းပတ်နှင့် မဲဘောင်အဝိုင်းပတ်များကို ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျသွားလာနိုင်ရေးအတွက် ဖျက်သိမ်းပြီး မီးပွိုင့်များ တပ်ဆင်ပြုလုပ်ပေးခြင်း၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ရွှေယဉ်မျှော်ဘုရားမှ မဲဘောင်လမ်းဆုံအထိ လမ်းအရှည် ၂ မိုင် ၆ ဖာလုံ၊ ၄၈ ပေအကျယ် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို မြို့တော်အင်္ဂါရပ်နှင့်ညီအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ အနန်းကွင်းတိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**သောက်သုံးရေရရှိရေး**

ကရင်ပြည်နယ်တွင် နွေရာသီ၌ သောက်သုံးရေရှားပါးမှုပြဿနာများနှင့် နှစ်စဉ်ကြုံတွေ့ရခြင်းကြောင့် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အမှန်တကယ်ရေရှားပါးသည့် ဒေသရှစ်နေရာတွင် စက်ရေတွင်းများ တူးဖော်ပေးနိုင်ခြင်း၊ သာမညကျေးရွာအနီး သာမညလျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရေဂါလန်သန်း ၂၀ သိုလှောင် အသုံးပြုနိုင်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေရရှိရေး၊ မီးဘေးအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကရင်ပြည်နယ်အတွင်း လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၀ ဖြင့် ဘားအံမြို့နယ်အတွင်းရှိ ကော့သံခါကျေးရွာ၊ ကော့သင်းရှူးကျေးရွာနှင့် ခရားအတွင်းကျေးရွာများမှ လယ်မြေများတွင် စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့်စံပြလယ်မြေ ဧက ၅၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လှိုင်းဘွဲ့ မြို့နယ် ထီလုံကျေးရွာ၌ သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရောင်းဆိုင်တစ်ဆိုင်ဖွင့်လှစ်နိုင်ခဲ့ပြီး ရိတ်သိမ်းခြွေလှေ့စက်တစ်စီး၊ လက်တွန်းထွန်စက် ၁၇ စီးနှင့် မော်တော်ဆိုင်ကယ် ၁၀ စီး စုစုပေါင်း ကျပ်သန်း ၆၄ ဒသမ ၂၅၀ ကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

**ပညာရေးကဏ္ဍ**

ကရင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အခြေခံပညာအဆင့်တွင် ကျောင်းပေါင်း ၁၅၃ ကျောင်းကို အဆင့်တိုးမြှင့်ခြင်းနှင့် အသစ်ဖွင့်လှစ်ခွင့်ရခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆရာ ဆရာမ စုစုပေါင်း ၅၃၈ ဦးကို အသစ်ထပ်မံဖြည့်ဆည်းခန့်ထားပေးနိုင်ခဲ့သည်။

**ကျန်းမာရေးကဏ္ဍ**

ကရင်ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အနန်းကွင်းတိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်နိုင်ခဲ့ပြီး မြဝတီခရိုင်ဆုံဆည်းမြိုင်ဒေသနှင့် ဖလံတောင်ကျေးရွာတွင် ဖလံတောင်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှစ်ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျေးလက်ကျန်းမာရေးဌာနအသစ်ခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ၂၀ တို့ကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကာ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အားကစားကဏ္ဍ**

ကရင်ပြည်နယ် အားကစားဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၈ မျိုးအနက် ၂၃ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဘောလုံး ပထမတံခွန်စိုက်ဆုဖလား၊ ရိုးရာလက်ဝှေ့လူသစ်တန်း ပထမ တံခွန်စိုက်ဆုဖလား၊ ရိုးရာလက်ဝှေ့ (ဂ)အဆင့် ပထမတံခွန်စိုက် ဆုဖလားရရှိခဲ့ပြီး အမျိုးသား မီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ၁၁း၂၂စက္ကန့်ဖြင့် စံချိန်ချိုးခဲ့သည်။ ကရင်ပြည်နယ်မှ စုစုပေါင်း ရွှေတံဆိပ် ၁၈ဆု၊ ငွေတံဆိပ် ၁၉ ဆုနှင့် ကြေးတံဆိပ် ၁၉ ဆု ရရှိခဲ့သည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ**

ကရင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားကဏ္ဍအနေဖြင့် မြဝတီမြို့နှင့် ကော့ကရိတ်မြို့နယ်တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိစေရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် မော်လမြိုင်-မြဝတီ (၂၃၀) ကေဗွီမဟာဓာတ်အားလိုင်း အထူးကဏ္ဍ စာမျက်နှာ (ဆ) သို့ »»



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ အိန္ဒူ-ဇာသပြင်လမ်း နိုင်လွန်ကတ္တရာခင်းခြင်းကို ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာ-ထိုင်း-လာအို-ဗီယက်နမ်နိုင်ငံတို့ကို ဆက်သွယ်ထားသော အရှေ့ - အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်တွင် တည်ရှိသည့် မြန်မာ-ထိုင်း ချစ်ကြည်ရေးအမှတ်(၂)တံတားကြီး ဖွင့်လှစ်ပြီးပါက ကရင်ပြည်နယ်အတွက် လည်းကောင်း၊ နိုင်ငံတော်အတွက် လည်းကောင်း စီးပွားရေးနှင့် လမ်းပန်း ဆက်သွယ်ရေးအရ အဓိကအားထားရမည့် တံတားကြီးတစ်စင်းဖြစ်လာမည်



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ အနန်းကွင်းတံတားဖွင့်ပွဲအပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။

»» အထူးကဏ္ဍ စာမျက်နှာ (စ) မှ

၅၅ ဒသမ ၅ မိုင် တည်ဆောက်ခြင်း ၃၀ ရာခိုင်နှုန်း၊ မြဝတီမြို့နယ် သယ်န်းညီနောင်တွင် (၂၃၀/၆၆/၁၁) ကေဗွီ (၂ /၅၀) အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း၊ မြဝတီ-ကော့ကရိတ်တွင် (၆၆)ကေဗွီ ဓာတ်အားလိုင်း ၁၇ ဒသမ ၃၁ မိုင် တည်ဆောက်ရေးလုပ်ငန်း ၃၈ ရာခိုင်နှုန်း၊ ကော့ကရိတ်မြို့၌ (၆၆/၁၁)ကေဗွီ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

လှိုင်းဘွဲမြို့နယ်တွင် (၆၆/၁၁) ကေဗွီ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ဘားအံ-လှိုင်းဘွဲတွင် (၆၆)ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ မြိုင်ကြီးငူတွင် (၃၃/၁၁) ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ တောင်ငူ-လိပ်သိုတွင်(၃၃)ကေဗွီ ဓာတ်အားလိုင်း ၂၄ မိုင်တည်ဆောက်ခြင်းနှင့် လိပ်သိုတွင် (၃၃/၁၁) ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးပြီဖြစ်သည်။

ဘားအံမြို့နှင့် လှိုင်းဘွဲမြို့တို့တွင် ဓာတ်အားပိုမိုရရှိစေရန်နှင့် ဓာတ်အားစနစ်ကောင်းမွန်စေရန် ဘားအံဓာတ်အားခွဲရုံတွင် မူလ(၁၀/၂)အမ်ဗွီအေ ထရန်စဖော်မာများ တပ်ဆင်ထားရာမှ (၁၀/၂၄)အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ် တိုးချဲ့တပ်ဆင်ခြင်း၊ သံတောင်ကြီးမြို့နယ် ဘောဂလိနှင့် လိပ်သိုဒေသတို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိစေရန်အတွက် JICA ချေးငွေစနစ်ဖြင့် သံတောင်-ဘောဂလိ (၃၃)ကေဗွီ ဓာတ်အားလိုင်း ၂၃ ဒသမ ၅ မိုင် တည်ဆောက်ခြင်း၊ ဘောဂလိတွင် (၃၃/၁၁)ကေဗွီ(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းပြီးသည့်အတွက် ၂-၂ -၂၀၁၇ ရက်နေ့မှစပြီး ဓာတ်အားများဖြန့်ဖြူးပေးနိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဘားအံ-လှိုင်းဘွဲ-သံတောင်ကြီး-ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များတွင် (၃၃) ကေဗွီလိုင်း သုည ဒသမ ၁ မိုင်၊ (၁၁) ကေဗွီလိုင်း ၁၄၂ မိုင်၊ ၄၀၀ ဗို့လိုင်း ၃၉ မိုင်၊ ထရန်စဖော်မာ ၁၆၅ လုံးတို့ကို တပ်ဆင်ပေးနိုင်ခဲ့ပြီး မြို့ပေါ်နှင့်ကျေးရွာ ၁၁၇ ရွာကို နိုင်ငံတော်ဓာတ်အားစနစ်မှ တိုးချဲ့ ဓာတ်အားများပေးနိုင်ခဲ့သဖြင့် ကျေးရွာပေါင်း ၁၁၇ ရွာ၊ အိမ်ခြေပေါင်း ၂၈၁၉၇



ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ကြိုဆိုလက်ခံရေးစခန်းမှ တာဝန်ရှိသူများက ရင်းနှီးပျူငှာစွာဖြင့် ကြိုဆိုနေရာချထားပေးစဉ်။

လုံး၊ နေရောင်ခြည်စွမ်းအင် (Solar System) ဖြင့် ကျေးရွာပေါင်း ၁၄၃ ရွာ၊ အိမ်ခြေပေါင်း ၁၆၂၁၂ လုံးကို ဓာတ်အားရရှိစေရန် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဘားအံမြို့ကိုလည်း မြို့တော်အဂ္ဂါရပ်နှင့် ညီညွတ်စေရေး၊ ဘားအံမြို့၏ အဓိကလမ်းမကြီးများတွင် (100 W) LED လမ်းမီး ၃၄၂ လုံးကို ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် တပ်ဆင်ပေးနိုင်ခဲ့သည်။

**ဝန်ထမ်းအိမ်ရာများ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက် နေထိုင်ရေးကိစ္စများ အဆင်ပြေစေရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေနှင့် ဝန်ထမ်းအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဘားအံမြို့တွင် လက်ရှိအချိန်ထိ ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၂၆၄ ခန်း၊ ထို့အပြင် ကော့ကရိတ်မြို့တွင် ၇၂ ခန်း၊ မြဝတီမြို့တွင် ၂၄ ခန်း၊ သံတောင်ကြီးမြို့တွင် ၁၂ ခန်း၊ ဖာပွန်မြို့တွင် ၁၂ ခန်း စုစုပေါင်း ၃၈၄ ခန်း ဖော်ဆောင်ပေးနိုင်ပြီ ဖြစ်သည်။

**မြစ်ကမ်းထိန်းနံရံများ တည်ဆောက်မှု**

ကရင်ပြည်နယ်အတွင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀ ဒသမ ၅၀ ဖြင့် ဂေါလီချောင်း ကမ်းထိန်းကျောက်စီနံရံ အလျား ပေ ၁၅၀ ကိုလည်းကောင်း၊ သံလွင်မြစ်ကမ်းထိန်းလုပ်ငန်း အလျားပေ ၆၉၀ ကို သံလွင်မြစ်ကမ်းဘေးတွင် တည်ရှိသည့် ကျေးရွာချင်းဆက် ခဲတောက်-မုတ္တဒိ ကားလမ်းအနီး နေရာနှစ်ခုတွင်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လည်းကောင်း၊ ပြည်နယ်၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်လွှတ်တော်တို့နှင့် သုံးပွင့်ဆိုင်ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နေပြီး ဌာနဆိုင်ရာများ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များ၊ ဒေသခံပြည်သူများ၏ အားကိုရယူပြီး ကရင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ယခင်ကာလထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**အထွေထွေ**

ကရင်ပြည်နယ် ဘားအံမြို့ပေါ် လူနေရပ်ကွက်များရှိ လူနေအိမ်ရာများကို မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မူလလူနေအိမ်ရာများအပြင် လ/န (၃၉) ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်သော ၂၀၁၅ ခုနှစ်တွင် မြို့ပြလူနေအိမ်ရာအဖြစ် လယ(၃၀) ခွင့်ပြုမိန့်ရရှိထားသော ရပ်ကွက်များကို ဦးစားပေးအဖြစ် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက်

**အထူးကဏ္ဍ စာမျက်နှာ (ဇ) သို့ »»**



ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်မှု မြင်ကွင်း။

နိုင်ငံတော်အစိုးရ၏
ကြေးမုံ
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



ကရင်ပြည်နယ်လွှတ်တော်အဆောက်အအုံကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ စာမျက်နှာ (ဆ) မှ

"မြေပိုင်ဆိုင်မှု စိစစ်အတည်ပြုရေးအဖွဲ့"နှင့် "မြေငှားဂရန်ထုတ်ပေးရေး ကြီးကြပ်မှုအဖွဲ့"များဖွဲ့စည်း၍ အကောင်အထည်ဖော်လျက်ရှိသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲ တိုးတက်ရေး ဆောင်ရွက်နိုင်မှု အခြေအနေများထဲတွင် ရွေးကောက်ပွဲကာလအတွင်းက ကတိပြုခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က"ရွေးကောက်ပွဲမှာတုန်းက ကတိကဝတ်ပြုခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက်ကနေ ၂၃ ရက်ထိ လူမျိုးအလိုက်ဆွေးနွေးပွဲမှာ ကရင်လူမျိုးစုအနေနဲ့ ပထမဦးဆုံးနိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပါတယ်။ ကျင်းပတဲ့အခါမှာလည်း ကျွန်မတို့လိုချင်နေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ရဲ့ အခြေခံကျတဲ့ အချက်တွေကို အပြန်အလှန် ပွင့်ပွင့်လင်းလင်းတိုင်တိုင်ပင်ပင်နဲ့ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့လည်း ငြိမ်းချမ်းရေးအဖွဲ့တွေ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မယ့် ထောက်ပံ့လုပ်ကိုင်တဲ့ လုပ်ငန်းလေးတွေ ကျွန်မတို့ချပြဆောင်ရွက်ထားပါတယ်။ မွေးမြူရေး၊ စိုက်ပျိုးရေးတွေမှာလည်း ပံ့ပိုးကူညီမှုတွေ ပြုလုပ်ထားပါတယ်။"ဟု ပြောကြားခဲ့သည်။

လျှပ်စစ်လိုအပ်ချက်သည် အခြေခံပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်နေပြီး ယင်းလျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်မီးကို ဒုတိယဦးစားပေးအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ခဲ့သည်။ ကရင်ပြည်နယ်တွင် ကျေးရွာအုပ်စုပေါင်း ၂၀၆၃ အုပ်စုတွင် ယခင်က ၇၁၃ အုပ်စု မီးရရှိပြီးဖြစ်သည်။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်း ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်း မီးရရှိထားပြီးဖြစ်ကြောင်းလည်း သိရသည်။ အစိုးရ တစ်နှစ်တာကာလအတွင်း ကျေးရွာပေါင်း ၂၆၀ ထပ်မံတိုးချဲ့နိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၄၉ ရာခိုင်နှုန်းခန့်အထိဆောင်ရွက်နိုင်ခဲ့သည်။ တစ်နှစ်အတွင်း လျှပ်စစ်မီးကို ၁၉ ရာခိုင်နှုန်းတိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်၍လည်း တိုးတက်ဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်အစိုးရအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

"လမ်းပန်းဆက်သွယ်ရေးအနေနဲ့ဆိုရင်လည်း ကရင်ပြည်နယ်အတွင်းမှာ အရင်က မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)ဆိုရင် လယ်ယာမြေပြန်လည်လျော်ကြေးငွေ ပေးအပ်ခြင်း အခက်အခဲတွေကြောင့် ရပ်ဆိုင်းနေခဲ့ရတာပါ။ ကျွန်မတို့ အစိုးရတက်လာမှ လျော်ကြေးငွေကိစ္စတွေကို ဖြေရှင်းပြီးတဲ့အခါကျရင် အမှတ်(၂) တံတားကြီးဟာ အခုမတ်လအတွင်းမှာ နှစ်ဖက်နိုင်ငံတွေဖွင့်ဖို့အတွက် စကားပြောထားပြီးပါပြီ။ ထို့အတူပဲ ဘုရားသုံးဆူဘက်လမ်းတွေ၊ ဖာပွန်၊ သံတောင် စတဲ့နေရာတွေမှာလည်း အရည်အသွေးပြည့်ဝတဲ့ လမ်းတွေ၊ အဆောက်အအုံတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ ကျွန်မတို့စိစစ်ပြီးတော့ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်တဲ့အတွက်ကြောင့် အရင်နဲ့မတူဘဲ အဆောက်အအုံတွေက အရည်အသွေးမြင့်မားတဲ့ အဆောက်အအုံတွေ၊ လမ်းပန်းတွေ ရရှိပြီး ဖြစ်ပါတယ်။ ကျွန်မတို့ ကရင်ပြည်နယ်အစိုးရက ပြည်နယ်လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် နောက်ပြီးတော့ ဌာနဆိုင်ရာတွေနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တဲ့အတွက် ကျွန်မတို့ ကရင်ပြည်နယ်ဟာ တစ်နှစ်အတွင်းမှာ သိသိသာသာကြီး တိုးတက်ဖြစ်ထွန်းလာတယ်လို့ ပြောနိုင်ပါတယ်" ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဆိုသည်။

"အားကစားကဏ္ဍမှာလည်း ကျွန်မတို့အစိုးရတက်လာတဲ့အချိန်မှာ တိုင်းဒေသကြီး၊ ပြည်နယ် ဘောလုံးပွဲမှာလည်း ကျွန်မတို့ ပထမဆုရရှိခဲ့ပါတယ်။ ပိုက်ကျော်ခြင်း ပထမ၊ နောက်ပြီး ရိုးရာလက်ဝှေ့ ပြိုင်ပွဲတွေမှာလည်း ကရင်ပြည်နယ်က ပထမဆုရရှိခဲ့ပါတယ်။ အားကစားကဏ္ဍမှာ ဒီတစ်နှစ်အတွင်း ကျွန်မတို့ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ပြည်နယ်တစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများသည်လည်း မရှိမဖြစ်တိုးတက်မှုရှိရမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးတို့ကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာတွင် ပညာရေးတွင် ကျောင်းပေါင်း ၂၂၄ ကျောင်းကို ယခုနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ကျောင်းပေါင်း ၂၀၀ ခန့်သည် ရာနှုန်းပြည့်ပြီးသွားပြီဖြစ်သည်။ ကျန်ရှိသည့် ကျောင်းပေါင်း ၄၀ ကိုလည်း ကြပ်မတ်ဆောင်ရွက်ပြီး လာမည့် စာသင်နှစ်အတွက် တိုးတက်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့အတူ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ကျေးလက်နှင့် တိုက်နယ်ဆေးရုံများကိုလည်း ပြည်နယ်အတွင်း တိုးတက်ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကရင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ခြင်းကို လုပ်ဆောင်ခဲ့ရာတွင် တစ်နှစ်တာကာလအတွင်း အမှုပေါင်း ၆၆၀ အမှုပြီးပြတ်နိုင်ခဲ့ပြီး တရားခံပေါင်း ၈၀၀ ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ လူငယ်များအတွက်ပြန်လည်ပြုပြင်ရေးစခန်းကို ကရင်ပြည်နယ် ဘားအံမြို့၌ ဖွင့်လှစ်နိုင်ရေး စီမံချက်များချထားပြီးဖြစ်သည်။ ထို့အတူ လူငယ်များကို ဆေးရုံများ၌ အခမဲ့ဆေးကုသခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ လာရောက်ဆက်သွယ်လာသည့် လူငယ်များကို ဖမ်းဆီးခြင်းမပြုဘဲ ဆေးကုသခွင့်ပေးရန်ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

အထူးသဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် အဓိကလိုအပ်လျက်ရှိသည့် လယ်ယာသုံးပစ္စည်းများ၊ ခြွေလှေ့စက်များနှင့် ထွန်စက်များကိုလည်း နှစ်နှစ်လျှင် သုံးရစ်ပေးစနစ်ဖြင့် မြို့နယ် ခုနစ်မြို့နယ်လုံးသို့ ရောင်းချပေးလျက်ရှိပြီး မျိုးကောင်းမျိုးသန့်များရရှိရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




ကရင်ပြည်နယ် ဘားအံမြို့တွင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေးအခွင့်အလမ်းများရရှိစေရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနေစဉ်။

# ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် (Recruitment Point System)ဖြင့် ဒုတိယအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်(EPS-TOPIK, Computer Based Test)စာမေးပွဲ၊ အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test)နှင့် လုပ်ကိုင်နိုင်မှုအရည်အသွေးစစ်ဆေးခြင်း (Competency Test)များ ကျင်းပပြုလုပ်ရန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် အမှတ်ပေးစနစ်ဖြင့် နိုင်ငံခြားသားအလုပ်သမားများခန့်ထားမှုစနစ်(Point System for recruitment of foreign workers)ကို ၂၀၁၆ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ စတင်ဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းသတ်မှတ်ပြီးဖြစ်ပါသည်။

စနစ်သစ်၏ရည်ရွယ်ချက်မှာ လက်ရှိကျင့်သုံးဆောင်ရွက်နေသောစနစ်တွင် ကိုရီးယားဘာသာစကား တတ်ကျွမ်းမှုစစ်ဆေးသည့် (EPS-TOPIK) စာမေးပွဲအောင်မြင်သူများအား အလုပ်လျှောက်ထားခွင့်ပြုထားရာ ကိုရီးယားလုပ်ငန်းရှင်များလိုလားသည့် လုပ်ငန်းအတွေ့အကြုံများ၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေများ၊ လုပ်ရည်ကိုင်ရည်စသည်တို့ပါဝင်ခြင်း မရှိသေးသဖြင့် ထိုအချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။ **လက်ရှိစနစ်သည် ကိုရီးယားဘာသာစကားတတ်ကျွမ်းမှုတွင် အားနည်းချက်ရှိ၍ လုပ်ကိုင်နိုင်စွမ်းရှိပြီး အလားအလာရှိသော လုပ်သားလောင်းများကို ကန့်သတ်မှုပြုလုပ်ထားသကဲ့သို့ဖြစ်လျက်ရှိနေပါသည်။** ထိုအခြေအနေကို ပြုပြင်ပြောင်းလဲရန် HRD-Korea က လုပ်သားလောင်းများအား ကိုရီးယားဘာသာစကားတတ်ကျွမ်းမှု တစ်ခုတည်းသာမက ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ငန်းအတွေ့အကြုံရှိမှု စသည်တို့ကိုပါ ပြည့်ပြည့်စုံစုံ စဉ်းစားအကဲဖြတ်မည့် စနစ်တစ်ခုကို စီစဉ်ပြုလုပ်ထားပါသည်။ ယခုဆောင်ရွက်မည့် စနစ်သစ်သည် အလုပ်ရှင်များအတွက် ၎င်းတို့ လုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်မည့် အလုပ်သမားများ ငှားရမ်းရရှိနိုင်ရန်အလို့ငှာ ၎င်းတို့ထံသို့ အလုပ်သမားများ၏ ကိုရီးယားဘာသာစကား စစ်ဆေးသည့်ရမှတ်၊ အခြေခံကျွမ်းကျင်မှုစစ်ဆေးသည့် ရမှတ်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအောင်လက်မှတ်၊ လုပ်ငန်းအတွေ့အကြုံစသည့်အချက်အလက်များ ပေးပို့ကူညီနိုင်မည့်စနစ်ဖြစ်ပါသည်။ **ထို့ကြောင့် ယခုပြုလုပ်မည့်စနစ်သည် ဘာသာစကားအားနည်းသော်လည်း လုပ်ငန်းအတွေ့အကြုံ အများအပြားရှိသူများအတွက် အလုပ်ခန့်ထားခံရမည့် အခွင့်အရေးဖော်ဆောင်ပေးသည့် စနစ်ဖြစ်ပါသည်။**

ထိုစနစ်အရ ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူသည် ပထမအဆင့်အဖြစ် ကိုရီးယားဘာသာအရည်အချင်းစစ်(EPS-TOPIK) စာမေးပွဲကို Computer Based Test စနစ်ဖြင့် ဝင်ရောက်ဖြေဆို အောင်မြင်ပြီးနောက် ဒုတိယအဆင့်အဖြစ် လျှောက်ထားသည့်အလုပ်အကိုင်အတွက် အခြေခံကျွမ်းကျင်မှု(Skills Test)နှင့် လုပ်ကိုင်နိုင်မှုအရည်အသွေး(Competency Test)တို့ကို ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုသူများရရှိသည့် စုစုပေါင်းရမှတ် အများအနည်းအလိုက် အောင်မြင်မှုနှုန်းသတ်မှတ်ချက်အရ အပြီးသတ်အောင်စာရင်းထုတ်ပြန်၍ အလုပ်လျှောက်လွှာတင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထိုသို့ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

**၁။ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းအမျိုးအစား | |
|---|---|---|---|
| | | ဆောက်လုပ်ရေး၊စိုက်ပျိုးရေး | ကုန်ထုတ် |
| (က) | ပထမအဆင့်(EPS-TOPIK)စာမေးပွဲလျှောက်လွှာ ထုတ်ယူ/တင်သွင်းခြင်း | ၂၀-၃-၂၀၁၇မှ ၂၄-၃-၂၀၁၇ | ၂၀-၃-၂၀၁၇မှ ၂၄-၃-၂၀၁၇ |
| (ခ) | စာမေးပွဲကျင်းပမည့် စာစစ်ဌာန/နေ့ရက်/အချိန် ကြေညာခြင်း | ၁၀-၄-၂၀၁၇ | ၁၇-၇-၂၀၁၇ |
| (ဂ) | စာမေးပွဲကျင်းပခြင်း | ၂၆-၄-၂၀၁၇ မှ ၂၆-၅-၂၀၁၇ | ၂၄-၇-၂၀၁၇မှ ၂၂-၉-၂၀၁၇ |
| (ဃ) | စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာခြင်း | ၁-၆-၂၀၁၇ | ၁၁-၁၀-၂၀၁၇ |
| (င) | ဒုတိယအဆင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)အတွက် လျှောက်လွှာတင်ခြင်း လုပ်ကိုင်နိုင်မှုအရည်အသွေးစစ်ဆေးမှုခံယူရန် အထောက်အထားများ ထုတ်ယူ/တင်သွင်းခြင်း | ၅-၆-၂၀၁၇ မှ ၈-၆-၂၀၁၇ | ၁၁-၁၀-၂၀၁၇မှ ၁၇-၁၀-၂၀၁၇ |
| (စ) | အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း(Skills Test) ပြုလုပ်မည့် နေရာ/နေ့ရက်/အချိန် ကြေညာခြင်း | ၂၈-၆-၂၀၁၇ | ၁၀-၁၁-၂၀၁၇ |
| (ဆ) | အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test) နှင့်လုပ်ကိုင်နိုင်မှု အရည်အသွေး(Competency Test) စစ်ဆေးခြင်း | ၅-၇-၂၀၁၇ မှ ၉-၇-၂၀၁၇ | ၁၈-၁၁-၂၀၁၇မှ ၂၂-၁၁-၂၀၁၇ |
| (ဇ) | အလုပ်လျှောက်လွှာ တင်သွင်းခွင့်ရသူများစာရင်း အပြီးသတ်အောင်စာရင်းကြေညာခြင်း | ၁၈-၇-၂၀၁၇ | ၄-၁၂-၂၀၁၇ |

**၂။ လုပ်ငန်းအမျိုးအစားအလိုက် ခေါ်ဆိုမည့်ဦးရေ(ခန့်မှန်း)**

| လုပ်ငန်းအမျိုးအစား | EPS-TOPIK အောင်စာရင်းသတ်မှတ်ချက် | (Skills Test) နှင့်(Competency Test) စစ်ဆေးပြီးအောင်မြင်သူဦးရေ(ခန့်မှန်း) |
|---|---|---|
| ကုန်ထုတ်လုပ်ငန်း | အမှတ်ပြည့်(၁၀၀)အနက် အမှတ်(၄၀)နှင့်အထက် | ၃၄၀၀ |
| ဆောက်လုပ်ရေးလုပ်ငန်း | အမှတ်ပြည့်(၉၀)အနက် အမှတ်(၃၆)နှင့်အထက် | ၃၀၀ |
| စိုက်ပျိုးရေးလုပ်ငန်း | ရရှိသူများအား အမှတ်အများ၊ အနည်းအလိုက် | ၄၀၀ |
| **စုစုပေါင်း** | | **၄၁၀၀** |

- လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်ခွင့်(ခန့်မှန်းဦးရေ)ကို လုပ်သားလိုအပ်ချက်များပေါ် မူတည်ပြီး အတိုး/အလျော့ ရှိနိုင်ပါသည်။
- စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင်အမျိုးအစားတစ်ခုကိုသာ (ဥပမာ-"ကုန်ထုတ်လုပ်ငန်း"ဟု)ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြုဖြည့်စွက်ရပါမည်။

**၃။ စာမေးပွဲအောင်မြင်သူများအား အခြေခံကျွမ်းကျင်မှု(Skills Test)နှင့် လုပ်ကိုင်နိုင်မှုအရည်အသွေး(Competency Test)စစ်ဆေးခြင်း**

**ကိုရီးယားဘာသာအရည်အချင်းစစ်(EPS-TOPIK)စာမေးပွဲ အောင်မြင်သူများအားလုံးသည် အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခြင်း ခံယူရမည်ဖြစ်သည်။** (အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခြင်းစာမေးပွဲ လျှောက်ထားဖြေဆိုခြင်းမရှိသူများ အပြီးသတ်အောင်စာရင်းတွင် ပါဝင်ရမည်မဟုတ်ပါ။) အခြေခံကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးခံရန် လျှောက်လွှာတင်သွင်းရာတွင် လျှောက်ထားသည့် လုပ်ငန်းနှင့်သက်ဆိုင်သော နိုင်ငံအဆင့် ကျွမ်းကျင်မှုလက်မှတ်၊ အသက်မွေးဝမ်းကျောင်း သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံ (တစ်နှစ်နှင့်အထက်)ရှိသူများသည် သက်ဆိုင်ရာ အထောက်အထားများပူးတွဲတင်ပြရန်ဖြစ်ပြီး၊ ထိုသူများအတွက် လုပ်ကိုင်နိုင်မှု အရည်အသွေး(Competency Test) စစ်ဆေးမှုပြုလုပ်မည်။ **သင်တန်းအောင်လက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံမရှိပါက ပူးတွဲတင်ပြရန်မလိုပါ။** သင်တန်းအောင်လက်မှတ်၊ လုပ်ငန်းအတွေ့အကြုံအထောက်အထားများကို သတ်မှတ်ကြေညာပေးမည့်ပုံစံများအတိုင်း ပြုစုတင်ပြရမည်။ ထိုသို့တင်ပြရန် အသေးစိတ်အချက်အလက်များကို စာမေးပွဲအောင်စာရင်းကြေညာမည့် ၁-၆-၂၀၁၇ ရက်နှင့် ၁၁-၁၀-၂၀၁၇ ရက်တို့တွင် ထပ်မံထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ကြိုတင်သိရှိလေ့လာလိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝက်ဘ်ဆိုက်လိပ်စာ http://www.mol.gov.mm တွင်လည်း ကြည့်ရှုနိုင်ပါသည်။

**၄။ Recruitment Point systemအတွက် လုပ်ငန်းအမျိုးအစားအလိုက် အမှတ်ပေးစည်းမျဉ်း**

| လုပ်ငန်း | ပေးမှတ် စုစုပေါင်း | EPS-TOPIK | ကျွမ်းကျင်မှု စစ်ဆေးခြင်း | ပေါင်း | လျှောက်ထားသည့်လုပ်ငန်းလုပ်ကိုင်နိုင်မှုအကဲဖြတ်အမှတ် | | |
|---|---|---|---|---|---|---|---|
| | | | | | လုပ်ငန်းအတွေ့အကြုံ(လုပ်သက်တစ်နှစ်နှင့်အထက်) | အသက်မွေးဝမ်းကျောင်းသင်တန်း | နိုင်ငံအဆင့် ကျွမ်းကျင်မှု လက်မှတ် |
| ကုန်ထုတ် | ၂၀၀မှတ် | ၁၀၀မှတ် | ၁၀၀မှတ် | ၅မှတ် | ၃မှတ် | ၁မှတ် | ၁မှတ် |
| ဆောက်လုပ်ရေး | ၂၀၀မှတ် | ၉၀မှတ် | ၁၁၀မှတ် | ၅မှတ် | ၃မှတ် | ၁မှတ် | ၁မှတ် |
| စိုက်ပျိုးရေး | ၂၀၀မှတ် | ၉၀မှတ် | ၁၁၀မှတ် | ၅မှတ် | ၃မှတ် | ၁မှတ် | ၁မှတ် |

**မှတ်ချက်။** ။ ဖော်ပြပါပေးမှတ်များမှ (၁)EPS-TOPIK စာမေးပွဲရမှတ်+(၂) ကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)ရမှတ်+(၃)လုပ်ငန်းလုပ်ကိုင်နိုင်မှု ရမှတ်များ အားလုံးပေါင်း၍ အမှတ်အများ၊ အနည်းအလိုက် အပြီးသတ်အောင်စာရင်း ထုတ်ပြန်မည်ဖြစ်ပါသည်။

**၅။ သတ်မှတ်ချက်များ**

(က)အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း

(၁၉၇၇ ခုနှစ်၊ မတ်လ ၂၁ ရက်မှ ၁၉၉၉ ခုနှစ်၊ မတ်လ ၂၀ ရက်အတွင်း မွေးဖွားသူ)

(ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်။)

(ဃ)ကျန်းမာရေးကောင်းမွန်သူ၊ အရောင်များကောင်းစွာ ခွဲခြားသိမြင်နိုင်စွမ်းရှိသူ (Colour Blind)မဟုတ်သူ၊ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်း ပြုလုပ်ပါမည်။)

**၆။ စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က)လျှောက်လွှာထုတ်ပေးမည့်ရက် - ၂၀-၃-၂၀၁၇ ရက်မှ ၂၂-၃-၂၀၁၇ရက်အထိ } (နေ့စဉ် ၉း၀၀ မှ ၁၈း၀၀နာရီထိ)

(ခ) လျှောက်လွှာလက်ခံမည့်ရက် - ၂၃-၃-၂၀၁၇ ရက်မှ ၂၄-၃-၂၀၁၇ရက်အထိ }

(ဂ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ "ပင်လုံခန်းမ" (၄၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)

(ဃ)လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင် လာရောက်လျှောက်လွှာတင်ရမည်။

(င) လိုအပ်သည့်စာရွက်စာတမ်းများ -

(၁) စာမေးပွဲလျှောက်လွှာ [စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ (၁)ဦးလျှင် (၁)စောင်သာ ထုတ်ပေးမည်။]

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ(၁)စောင်၊ စာမေးပွဲလျှောက်လွှာတွင် သက်တမ်းအနည်းဆုံး(၁)နှစ်နှင့်အထက်ရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။

(၃) (၃. ၅စမ×၄. ၅စမ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (၆လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ)

(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့် ငွေရပြေစာ

(စ) စာမေးပွဲဖြေဆိုခ-အမေရိကန်ဒေါ်လာ-၂၄ (မြန်မာကျပ်ငွေဖြင့် ပေးသွင်းလိုက ပေးသွင်းနိုင်သည်)

- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့် ကာလအတွင်းလျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

(ဆ)လျှောက်လွှာထုတ်ပေးမည့်ရက်အတွင်း သတ်မှတ်ချက်ကိုက်ညီသူတိုင်းအတွက် လျှောက်လွှာများ အလုံအလောက်ထုတ်ပေးပါမည်။ သို့ပါ၍ လျှောက်လွှာထုတ်ယူသူများသည် စည်းကမ်းတကျ တန်းစီဝယ်ယူခြင်း၊ သတ်မှတ်စည်းကမ်းများနှင့်အညီ လျှောက်လွှာတင်သွင်းခြင်းများ ပြုလုပ်ကြရန် မေတ္တာရပ်ခံပါသည်။

(ဇ) **စာမေးပွဲဖြေဆိုမည့်သူများ လျှောက်လွှာထုတ်ယူရာတွင် နိုင်ငံကူးလက်မှတ်အမျိုးအစား Passport for Visit (PV) သို့မဟုတ် Passport for Job (PJ) ဖြင့် ထုတ်ယူနိုင်ပါသည်။ သို့ရာတွင် အောင်စာရင်းထွက်ပြီး အလုပ်လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်မှတ်အမျိုးအစား Passport for Job (PJ) ဖြင့်သာ လျှောက်လွှာလက်ခံမည်ဖြစ်ပြီး Passport for Job (PJ)ပြုလုပ်ရန်အတွက် လိုအပ်ပါက အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ်ပြား (ပုံစံ-၂)နှင့် စာမေးပွဲဖြေဆိုအောင်မြင်သည့် ခုံနံပါတ်နှင့်အတူ လာရောက်၍ ထောက်ခံချက်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။**

၇။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်နည်းလမ်း**

(က)အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊

(ခ) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK)နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http//www.eps.go.kr), Homepage (http//epstopik.hrdkorea.or.kr), (http//www.hrdkorea.go.kr)

(ဂ) စာမေးပွဲသက်တမ်းသည် အခြေခံကျွမ်းကျင်မှုနှင့် လုပ်ကိုင်နိုင်စွမ်း အရည်အသွေးစစ်ဆေးသည့် စာမေးပွဲကျင်းပပြီး အပြီးသတ် အောင်စာရင်းထုတ်ပြန်ကြေညာသည့်နေ့မှ (၂)နှစ်တာ-

(ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း-၁၈-၇-၂၀၁၇ မှ ၁၇-၇-၂၀၁၉ထိ၊ ကုန်ထုတ်လုပ်ငန်း ၄-၁၂-၂၀၁၇ မှ ၃-၁၂-၂၀၁၉ထိ)

**၈။ EPS-TOPIK စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | ပေးမှတ်ပေါင်း | | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကုန်ထုတ်လုပ်ငန်း | ဆောက်လုပ်ရေးလုပ်ငန်း | | |
| အဖတ်စွမ်းရည် (Reading) | ၂၀ပုဒ် | ၁၀၀ | ၉၀ | ၂၅မိနစ် | အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည် စာမေးပွဲအား နားချိန်မထားဘဲ ဆက်တိုက်ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၀ပုဒ် | | | ၂၅မိနစ် | |
| **စုစုပေါင်း** | **၄၀ပုဒ်** | **၁၀၀** | **၉၀** | **၅၀မိနစ်** | |

မေးခွန်းပုံစံ - (Multiple-Choice question)

လေ့လာကိုးကားရန် (2015-The Standard textbook for EPS-TOPIK)စာမေးပွဲလမ်းညွှန်စာအုပ်ကို လေ့လာကိုးကားထားရပါမည်။

အောက်ပါဝက်ဘ်ဆိုက်များတွင် ဝင်ရောက်ကြည့်ရှုလေ့လာ ဆောင်ရွက်နိုင်ပါသည်-

- http://www.hrdkorea.or.kr
- http://epsotopik.hrdkorea.or.kr
- http://www.eps.go.kr

**၉။ စာမေးပွဲဖြေဆိုရမည့်အချိန်**

| ဖြေဆိုရမည့်အချိန် | ရှင်းလင်းဆွေးနွေးချိန် | စာမေးပွဲဖြေဆိုချိန် | |
|---|---|---|---|
| | | အဖတ်စွမ်းရည်(၂၅ မိနစ်) | အကြားစွမ်းရည် (၂၅)မိနစ် |
| ပထမအချိန် | ၀၉း၃၀-၁၀း၀၀ | ၁၀း၀၀-၁၀း၂၅ | ၁၀း၂၅- ၁၀း၅၀ |
| ဒုတိယအချိန် | ၁၁း၀၀- ၁၁း၃၀ | ၁၁း၃၀-၁၁း၅၅ | ၁၁း၅၅- ၁၂း၂၀ |
| တတိယအချိန် | ၁၃း၃၀ - ၁၄း၀၀ | ၁၄း၀၀-၁၄း၂၅ | ၁၄း၂၅-၁၄း၅၀ |
| စတုတ္ထအချိန် | ၁၅း၀၀- ၁၅း၃၀ | ၁၅း၃၀-၁၅း၅၅ | ၁၅း၅၅- ၁၆း၂၀ |

**၁၀။ အခြေခံကျွမ်းကျင်မှု (Skills Test) အမှတ်ပေးစည်းမျဉ်း**

| လုပ်ငန်းအမျိုးအစား | ပေးမှတ်ပေါင်း | ကျွမ်းကျင်မှုစစ်ဆေးခြင်း | | |
|---|---|---|---|---|
| | | ကိုယ်ကာယကြံ့ခိုင်မှု | လူတွေ့စစ်ဆေးခြင်း | အခြေခံကျွမ်းကျင်မှု |
| ကုန်ထုတ်လုပ်ငန်း | ၁၀၀မှတ် | ၃၀ မှတ် | ၃၀မှတ် | ၄၀မှတ် |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၁၀ မှတ် | ၃၀ မှတ် | ၃၀မှတ် | ၅၀မှတ် |
| စိုက်ပျိုးရေးလုပ်ငန်း | ၁၁၀မှတ် | ၃၀ မှတ် | ၃၀ မှတ် | ၅၀မှတ် |

၁၁။ **စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရန်**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စားမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ်(က)၊ (ခ)၊ (ဂ) ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၂။ **သတိပြုရန်အချက်များ**

(က) **အရောင်များအားခွဲခြားနိုင်စွမ်းမရှိသူ (Colour Blind) ဖြစ်ခဲ့ပါက EPS-TOPIK စာမေးပွဲအောင်မြင်သော်လည်း ဆက်လက်ပြုလုပ်မည့် ကျွမ်းကျင်မှုစစ်ဆေးသည့် (Skills Test) စာမေးပွဲများသို့ ဖြေဆိုခွင့်မရနိုင်ပါ။ သို့ပါ၍ EPS-TOPIK စာမေးပွဲ ဖြေဆိုလိုသူသည် လျှောက်လွှာမထုတ်ယူမီ (Colour Blind) ဟုတ်/မဟုတ်၊ မျက်စိရောဂါ ဆရာဝန်(သို့) ကျွမ်းကျင်သူတို့နှင့် စမ်းသပ်မှုပြုလုပ်ပြီး (Colour Blind) မဟုတ်ကြောင်းသေချာမှ လျှောက်လွှာထုတ်ယူစေလိုပါသည်။**

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် လက်ကိုင်ဖုန်း အပါအဝင် အီလက်ထရွန်နစ်ပစ္စည်း၊ စက်ပစ္စည်းများအား ယူဆောင်လာခွင့်မရှိပါ။ တင်းကျပ်စွာ တားမြစ်ပါသည်။ သို့ပါ၍ ယူဆောင်အသုံးပြုခဲ့ပါက စည်းကမ်းလိုက်နာရန် ပျက်ကွက်သူအဖြစ် သတ်မှတ်၍ အဖြေလွှာအား ပယ်ဖျက်ခြင်းခံရမည်။

(ဂ) ထိုကဲ့သို့ စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၂)နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေများအရလည်း အရေးယူခံရနိုင်သည်။

(ဃ) လုပ်ကိုင်နိုင်မှုအရည်အသွေး (Competency Test) စစ်ဆေးမှုခံယူရန် တင်ပြထားသည့် အထောက်အထားများကို (Skills Test) ဖြေဆိုရန် လျှောက်လွှာတင်စဉ်တွင် စိစစ်ခြင်း၊ Competency Test အတွက် လူတွေ့စစ်ဆေးစဉ် စိစစ်ခြင်းနှင့် အဆိုပါ စစ်ဆေးမှု (Tests)များ ဖြေဆိုပြီးနောက် တင်ပြထားသည့် အထောက်အထားများအပေါ် သံသယရှိပါက ထပ်မံစိစစ်ခြင်းစသည်ဖြင့် (၃) ကြိမ် စိစစ်မည်ဖြစ်သည်။ **အဆိုပါ အထောက်အထားများသည် လျှောက်ထားသည့်လုပ်ငန်းနှင့် သက်ဆိုင်သော အထောက်အထားများဖြစ်ရမည်။ မမှန်မကန်ပြုလုပ်တင်ပြထားကြောင်း စိစစ်တွေ့ရှိသည်နှင့် ဖြေဆိုမှုရလဒ်အား ပယ်ဖျက်ပြီး (EPS-TOPIK) ဖြေဆိုခွင့် (၂) နှစ် ပိတ်ပင်ခြင်းခံရမည်။ တည်ဆဲဥပဒေများအရလည်း အရေးယူခံရနိုင်သည်။**

(င) စာမေးပွဲလျှောက်လွှာတွင် ရေးသားဖြည့်စွက်ခဲ့သော အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင် ပါရှိသော အချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ်အောင်စာရင်းတွင်ပါဝင်ခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များ ရရှိမည်မဟုတ်ပါ။ ရေးသားဖြည့်စွက်သူကာယကံရှင်၏တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။

(စ) နိုင်ငံခြားသားလုပ်သားများ၏ ကိုရီးယားဘာသာစကားကျွမ်းကျင်မှု တိုးတက်မြင့်မားရန် ရည်ရွယ်၍ (2015 The Standard Textbooks for EPS-TOPIK) စာမေးပွဲလမ်းညွှန်စာအုပ်ကို အခြေပြုကိုးကားပြီး မေးခွန်းများ ထုတ်ပြန်မေးမြန်းသွားမည်ဖြစ်ပါသည်။

(ဆ) ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် လျှောက်ထားလိုသူများသည် လုပ်ငန်းသဘာဝအရ အပင်ပန်းခံနိုင်သူများ၊ လုပ်ငန်းရှိရာနေရာများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သူများဖြစ်ရပါမည်။

(ဇ) မိမိရွေးချယ်လျှောက်ထားခဲ့သည့် လုပ်ငန်းအမျိုးအစားမှလွဲ၍ အခြားလုပ်ငန်း အမျိုးအစားတစ်ခုခုသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။

(ဈ) **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် (Recruitment Point System) အရ ကျင်းပပြုလုပ်သည့် စာမေးပွဲများအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့် ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက်အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့်အာမခံနိုင်ခြင်းမရှိပါ။**

(ည) အလုပ်ရှင်နှင့်ချုပ်ဆိုရသော အလုပ်အကိုင်စာချုပ်ပါ နှစ်ကာလအတိုင်း လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။

(ဋ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်းချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ ယခင်က ကိုးရီးယားသမ္မတနိုင်ငံတွင် တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး ထပ်မံ၍ လိမ်ညာလျှောက်ထားခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင် ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှ ထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တိုးပွားလာရာ နှစ်နိုင်ငံ အလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့်အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေ အဖြစ် ၁၅၀၀၀၀၀ိ/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ သတ်မှတ်ငွေစာရင်းအမှတ်သို့ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကိုသဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေ ဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ(၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

- ✱ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။
- ✱ ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်း အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- ✱ ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင်လုပ်ပိုင်ခွင့် ရရှိထားပါသည်။
- ✱ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်အရ ပြုလုပ်သည့် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အခြေခံကျွမ်းကျင်မှု စာမေးပွဲဖြေဆိုခွင့်ရရှိထားသူများထဲမှ အပြီးသတ်အောင်စာရင်းတွင် ပါရှိသူများ၏ သတ်မှတ်ကြေညာမည့်နေ့ရက်များတွင် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှတစ်ဆင့် အလုပ်လျှောက်လွှာတင်သွင်းကြရန် ဖြစ်ပါသည်။ ထိုသို့ အလုပ်လျှောက်လွှာတင်သွင်းခဲ့သူများကိုသာ အလုပ်ရှင်မှ ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။
- ✱ EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

- ✱ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကြေး အမေရိကန်ဒေါ်လာ-၂၄နှင့် စာမေးပွဲအောင်မြင်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာ ပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့် ပတ်သက်ပြီး အမြန်ဆုံးထွက်ခွာသွားရောက်နိုင်ရန် ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ ယုံကြည်လောက်အောင်ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ၊ ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

## 4TV ၏ တစ်ပတ်တာကြည့်ရှုရေးအစီအစဉ်ကောင်းများ

( ၁၁ - ၃ - ၂၀၁၇ မှ ၁၇ - ၃ - ၂၀၁၇ အထိ)

**High Definition ရုပ်သံလိုင်းများ** | **ရုပ်ရှင် ရုပ်သံလိုင်းများ**

### (စနေနေ့) ၂၀၁၇ · ၃ · ၁၁

4HD 07:00 PM Captain Fantastic



5 Movies 08:10 PM Independence Day: Resurgence




For CINEMA 2
- 10:58 AM ၃၉ ဗိုက်မှူ
  နေတိုး၊ဝေဠုကျော်၊
  စိုးမြတ်သူဇာ၊ဝတ်မှုံရွှေရည်
- 5:13 PM သံယောဇဉ်နွဲ့အချစ် ၂၀၂၈
  ပြေတီဦး၊ရဲအောင်၊ရန်အောင်၊
  ဝတ်မှုန်ရွှေရည်၊ရေချွတီးနား

5 သုခမ
- 3:40 PM ပြည်တွင်းဖြစ်
  မင်းမော်ကွန်း၊စိုးရန်အောင်၊
  စိုးပြည့်သဇင်၊နန်းဆုရတီစိုး၊
  မိုးပြည့်ပြည့်မောင်၊
  မေသန်းနု၊စိုးမိုးကြည်

### (တနင်္ဂနွေနေ့) ၂၀၁၇ · ၃ · ၁၂

Fox Movies 01:25 PM Creed



For Cinema 06:20 PM Honey 3: Dare to Dance



For CINEMA 2
- 7:29 PM လိပ်ပြာခေါ်သံ
  မြင့်မြတ်၊ရွှေသမီး
- 8:56 PM ဝိညာဉ်များနှင့်စကားပြောသူ
  အောင်ရဲလင်း၊သဥ္ဇာနွယ်ဝင်း

5 သုခမ
- 3:56 PM တမလွန်ချစ်သူ
  ကျော်ရဲအောင်၊
  စိုးမြတ်နန္ဒာ၊စံရတီမိုးမြင့်
- 5:33 PM ဗီးနပ်စ်ရဲ့ပန်းသီး
  နေတိုး၊ဟိန်းရတု၊ အိချောပို
- 10:35 PM မလည်ရှုပ် ကြယ်စုတ်
  အောင်ရဲလင်း၊သက်မွန်မြင့်

### (တနင်္လာနေ့) ၂၀၁၇ · ၃ · ၁၃

4HD 2 11:00 PM Focus




5 သုခမ 10:34 PM လောင်ကျွမ်းနေတဲ့ အိပ်မက်



For CINEMA 2
- 5:06 PM ကျွန်တော်နှင့်လွဲသုံးဖော်
  ဟိန်းဝေယံ၊ရဲအောင်၊
  စိုးပြည့်သဇင်၊သင်ဇာဝင့်ကျော်၊
  မေသက်ခိုင်၊မိုးယုစံ

5 သုခမ
- 7:06 PM ကိုကြီးကျော်တို့အိမ်
  ကျော်ရဲအောင်၊နေမင်း၊
  အေးမြတ်သူ

### (အင်္ဂါနေ့) ၂၀၁၇ · ၃ · ၁၄

4HD 09:17 PM Lady Of Dynasty




5 Series 01:30 PM ရန်ငြိုးဖွဲ့မာယာ




For CINEMA 2
- 9:39 PM မှင်လင်းမြင်သာရင်ခုန်ပါ
  နေတိုး၊ရွှေမှုံရတီ၊ရွှေပိုးအိမ်

5 သုခမ
- 7:57 PM လက်မရှောင်ကြေး
  မိုးအောင်ရင်၊ မိုးယုစံ၊
  ယွန်းရွှေရည်
- 11:32 PM ပန်းနုရောင်ပြန်
  နေမင်း၊ပြေဇင်၊မိုးဟေကို

### (ဗုဒ္ဓဟူးနေ့) ၂၀၁၇ · ၃ · ၁၅

Fox Action Movies 08:30 PM Out Of The Dark



Fox Family Movies 06:30 PM Rango




For CINEMA 2
- 8:35 PM ဘဝခြားနေတဲ့ရွှေမင်းသမီးလေး
  ကောင်းပြည့်ခင်ဝင့်ဝါ၊ဒိန်းဒေါင်၊
  ဖော်ဖော်အောင်

5 သုခမ
- 6:20 PM ဝိဉာဉ်ခြေသံ
  မင်းသစ္စာ၊ အိဖြိုးချယ်ရီ
- 10:44 PM သီလ
  ပြေတီဦး၊ သင်ဇာဝင့်ကျော်

### (ကြာသပတေးနေ့) ၂၀၁၇ · ၃ · ၁၆

Fox Movies 05:05 PM Avengers: Age Of Ultron



For Cinema 06:22 PM In a World




For CINEMA 2
- 9:50 AM လိပ်ပြာခေါ်သံ
  မြင့်မြတ်၊ရွှေသမီး
- 6:12 PM မှော်ဝင်နေတဲ့မှန်
  အောင်ရဲလင်း၊သင်ဇာဝင့်ကျော်

5 သုခမ
- 10:15 PM အရောင်မဲ့ သဂေတ
  နေတိုး၊ ဇော်ဦး၊ ရွှေမှုံရတီ၊
  ရွှေပိုးအိမ်

### (သောကြာနေ့) ၂၀၁၇ · ၃ · ၁၇

4HD 07:00 PM I Miss U



5 Movies 08:00 PM Jessabelle




For CINEMA 2
- 9:09 PM အဖြူရောင်ရဲတိုက်
  နေတိုး၊ပြေတီဦး၊
  အိန္ဒြာကျော်ဇင်

5 သုခမ
- 7:00 PM တိုရှည်
  မြင့်မြတ်၊ ဝတ်မှုန်ရွှေရည်
- 9:02 PM အိုက်တိုးပဂေးစ်နှင့် မိုးယုစံ
  မင်းမော်ကွန်း၊ မိုးယုစံ

4tv Facebook page www.facebook.com/4tvmyanmar ကို Like လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

